

www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
ရင်မြတ်နိုး
ရင်ခုန်မှတ်တိုင်
ပန်းချီ သိန်းဆွေကြည်
2010
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၆၉၁၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၇၃၁၀၈၁၀
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၇၃၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ် နိုဝင်ဘာလ
အုပ်ရေ - ၃၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ရှင်မြတ်နိုး
ရင်ခုန်မှတ်တိုင်/ရှင်မြတ်နိုး။ - ရန်ကုန်
မိုးမိုးစာပေ၊ ၂၀၁၀
၂၈၈- စာ ၊ ၁၂×၁၈ စင်တီ။
(၁) ရင်ခုန်မှတ်တိုင်

## အခန်း (၁)

မိုးကောင်းကင်သည် ကြည်လင်နေရာမှ တစ်စတစ်စ မှောင်ကျလာ၏။ ရှိန်းတစ်ယောက် တလိပ်လိပ်တက်လာသော မိုးသားများကိုကြည့်ကာ အနည်းငယ် ညစ်တူးသွားရသည်။

မိုးရွာရင်တော့ သွားပြီပဲ။

ဒီကနေ့မှပဲ သူ့မအိတ်ထဲ ထီးကပါမလာခဲ့ချေ။

မိုးသာရွာလို့ကတော့ သူမထုတ်ဆောင်းဖို့ခက်ပြီလေ။

မရွာပါစေနဲ့။

မိုးလွတ်ပါစေဆိုတဲ့ ဆုတောင်းလေးနဲ့ ကားမှတ်တိုင်လေးတွင် သူမစီးရမည့်ကားအလာကို စောင့်နေမိသည်။

ဒီနေ့မှ ကားကလည်း စောင့်ရတာကြာလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကားမှတ်တိုင်ရဲ့ အမိုးလေးထဲမှာ ရပ်နေသူတွေအပြည့်။ ကားမှတ်တိုင်မှာရှိတဲ့ ထိုင်ခုံတန်းလေးမှာလည်း ထိုင်နေတဲ့သူက အပြည့်မို့ ထိုင်စရာနေရာ ရဖို့ဆိုတာ စိတ်ဝင်မကူးနိုင်။ တစ်ချိန်လုံး မတ်တတ်ပဲရပ်စောင့်နေရတာလေ။ ထိုင်စရာနေရာမရှိတာက ရှိန်းအတွက် အဓိကမဟုတ်ပါဘူး။ နွေးထွေးရှိန်းဆိုတဲ့ သူမလိုဘဝသမားအတွက် လိုင်းကားတိုးစီးဖို့ အခုလိုပဲ ကားမှတ်တိုင်မှာ ရပ်ရတာ ကျင့်သားရနေပါပြီ။

သို့သော် အမိုးလေးအောက်မှာ ရပ်နေကြတဲ့သူတွေ များပြားနေခြင်းကိုတော့ သူမစိတ်တွေညစ်နေရသည်။ မိုးရွာရင်တော့ မဖြစ်မနေ ဝင်တိုးရမှာပဲလေ။

မောာ မိုးက ပြောရင်းဆိုရင်း ရွာချလိုက်တာ ဒိုင်းခနဲ။

ရှိန်းတစ်ယောက် ကားမှတ်တိုင်က အမိုးအောက်ကို အပြေးတစ်ပိုင်းဝင်လိုက်ရ၏။ မှတ်တိုင်မှာရှိတဲ့လူတိုင်း ထီးတွေဖွင့်ကာ အသီးသီးဆောင်းနေချိန်တွင် ရှိန်းမှာတော့ လက်ဗလာနှင့်ပါ။ လက်ထဲမှာ ပွေ့ပိုက်ထားတဲ့ အိတ်လေးကို မိုးမစိုအောင် ဘယ်လိုကာကွယ်ရမလဲပဲ သူမတွေးတောနေမိသည်။

မထူးပါဘူး အမိုးက အမြင့်ကြီးမှာ။ လေအဝှေ့နှင့်အတူ



မိုးပေါက်တွေက ရှိန်းခန္ဓာကိုယ်လေးဆီ ဖျန်းခနဲတိုးဝင်လာ၏။ ရှိန်းခန္ဓာကိုယ်တစ်ခုလုံး စိမ့်ခနဲ အေးတက်သွားရသည်။

ထိုစဉ် သူမခေါင်းပေါ်ကျနေသော မိုးစက်များကို ကြီးမားသော ထီးအမိုးအကာကြီးတစ်ခုက တောင့်ခံကာ ဖယ်ရှားပေးလိုက်၏။ ရှိန်း ထီးမိုးပေးသူကို စောင်းငဲ့ကြည့်လိုက်တော့ သူမနဲ့ မတိမ်းမယိမ်း လူတစ်ယောက်။

"မင်း ထီးမပါဘူးလား"

သူမေးသံက နုညက်ညက်။

သူမ တစ်ခါမှုမမြင်ဘူးတဲ့ မျက်နှာစိမ်းယောကျ်ားတစ်ယောက်ပါ။ သို့ပေမယ့် သူ့ရဲ့ရုပ်ရည်နဲ့ ဝတ်စားထားတဲ့ အဖြင့်အဆင်။ ခန့်ညားတည်ကြည်ကာ ချောမွေ့ပြီး အတော်ကလေး စမတ်ကျနေလွန်းနေပြီ။ သူ့မျက်ဝန်းတွေက ရိုးစင်းလွန်းနေ၏။ မိန်းကလေးတစ်ယောက်ကို အခွင့်အရေးကြုံတုန်း အရောဝင်ချင်တဲ့ ပုံစံမျိုးမဟုတ်။ အခက်အခဲဖြစ်နေသူကို စာနာစိတ်နဲ့ ကူညီတဲ့အသွင်သဏ္ဍာန်မျိုးပါ။ အလိုမကျတဲ့ သူမအမူအရာက ယုံကြည်စိတ်ချရကောင်းတဲ့ သူ့အသွင်အောက်မှာ ရုတ်ချည်းပျောက်သွားရ၏။

အရင်အချိန်မှာ အခုလိုမျိုး ကြုံတွေ့လျှင် မျက်မုန်းထား

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းနဲ့ ငြင်းဝယ်မိမှာသေချာပေမယ့် အခုချိန်မှာတော့ ရှိန်း တွေနေရုံပင်တင်မိတာအမှန်ပင်။ အိတ်ထဲမှာက စာအုပ်တွေရော၊ ဝယ်လာခဲ့တဲ့ဆေးအချို့ပါ ရှိနေတယ်လေ။ ဒါတွေ ရေစိုလို့ လုံးဝ မဖြစ်တဲ့ အနေအထားမှာပါ။

အခုလို တစ်ခါမျှလည်း သိဖူးခြင်းမရှိဘဲ အလိုက်တသိ ထီးဆောင်းပေးတဲ့သူကို စောင်းငဲ့ကြည့်ကာ အလိုက်အထိုက် ပြုံးပြ မိသည်။

"ဟုတ်ကဲ့၊ ထီးမေ့လာလို့"

"ဪ"

သူက ထိုတစ်ချက်သာပြောပြီး ခေါင်းလေးတစ်ချက် ညိတ်ကာ ဆက်မမေးတော့ချေ။ သူ့ထီးကြီးတို့ သူမဘက်လုံအောင် သာ စောင်းငဲ့မိုးပေးနေတော့သည်။

ထီးမိုးပေးသူက သူစိမ်းယောကျ်ားတစ်ယောက် ဖြစ်နေတာ မို့ ရှိန်းမှာလည်း စိတ်ထဲတစ်မျိုးဖြစ်ပြီး သူကိုလည်းမကြည့် စကား လည်းဆက်မပြောဘဲ သူမစီးမည့်လိုင်းကား ရပ်အလာကိုသာ လှမ်းမျှော်ကြည့်ကာ နေလိုက်သည်။

မိုးက ပိုရှိုင်း သည်းနေသည်။





စီးရမယ့်လိုင်းကားကလည်းမလာ။

တစ်ဖက်က ထီးမိုးပေးထားတဲ့လူကိုလည်း အားနာရ သေးနှင့် ရှိန်းတစ်ယောက်တည်း စိတ်တွေရှုပ်ထွေးနေရ၏။ လိုင်းကားတစ်စီး ထိုးဆိုက်လာတိုင်း ထိုလူများ သူစီးမယ့်ကားများ ဖြစ်နေမလား စိုးရိမ်စိတ်နဲ့ သူ့ဆီ မသိမသာအကဲခတ်တော့ သူက တုတ်တုတ်မျှပင်မလှုပ်။

သူမကို အားနာပြီးနေနေတာလား။ တကယ်ပဲ သူစီးမယ့် ကား မလာသေးတာလားဆိုတာ ခိတ်မှာခွဲမရပေမယ့် သူငြိမ် သက်နေတာကိုပင် ရှိန်းရင်ထဲ တိတ်တဆိတ်လေး ကျေနပ်နေမိတာ တော့ အမှန်ရယ်ပါ။

ဟော…ကားလာပြီ။

သူမခန္ဓာကိုယ်လေး ဆတ်ခနဲလှုပ်တော့…

"မင်းအထူးယာဉ်စီးမှာလား"

"ဟုတ်"

"အတူတူပဲပေါ့"

"ရှင်ရော အဲဒီကားစီးမှာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါးခေါးပဲခေါင်းညိတ်သည်။

"ကျေးဇူးပဲနော်"

ထီးဆောင်းပေးတဲ့အတွက် ရှိန်း ပြောလိုက်ခြင်းဆိုတာ သူနားလည်ပုံပါပဲ။ ခေါင်းလေး ဆတ်ခနဲညိတ်ပြကာ တစ်ချက်ပြုံး၏။

အို…။

ဒီတစ်ခါတော့ ရှိန်း သူမျက်နှာလေးထက်က ကြည်လင်တဲ့ အပြုံးလေးကို စိတ်ခံနေအောင်ဝင် ငေးမောသွားရသည်။ ပြီးမှ ချက်ချင်းသတိရသလို သူမရဲ့မျက်ဝန်းတွေကို ရှဝ်သိမ်းကာ ကားကြီးထိုးရပ်မည့်နေရာလေးဆီ ကြည့်နေလိုက်၏။

သူကလည်း အင်မတန်မှပင် ပါးနပ်လှပါသည်။ သူမ သွားဖို့ ခြေလှမ်းပြင်လိုက်တာနှင့် သူကလည်း ထီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ထီးလိုက်မိုးရင်း ဂိတ်တွင်ထိုးရပ်လာသည့် အရှေးယာဉ်ဆီ သွက်သွက်လိုက်လှမ်းလျှောက်သည်။

ကားတံခါးပေါက်ရောက်တော့ သူက အရင်ဦးစွာ တက်လိုက်သည်။ ထီးပိတ်နေတဲ့သူက နောက်မှကျန်ပြီးမှ ကားပေါ်တက်လာ၏။ ပြီးနောက် သူမထိုင်နေသော ခုံနှင့် မလှမ်းမကမ်း





တွင် သူက ဝင်ထိုင်သည်။

ရှိန်း သူ့ဆီလှမ်းမကြည့်ဘဲ အိတ်လေးကို ဖော်ခွဲဖွင့်ကာ အတွင်းမှပိုက်ဆံနှစ်ရာတန်တစ်ရွက် ထုတ်ယူလိုက်၏။ ကားခပေးရမှာမို့ ပိုက်ဆံကို လက်ထဲဆုပ်ကိုင်ကာ စော်ကလေးကို ပြန်ဆွဲပိတ်လိုက်သည်။

ရည်ရွယ်မထားပေမယ့် မျက်စောင်းထိုးခုံမှာ ထိုင်နေတဲ့ သူမကို ထီးမိုးပေးတဲ့သူဆီ ကြည့်မိတော့ သူမဆီ လှမ်းကြည့်နေတာ တွေ့လိုက်ရသည်။ သူမျက်နှာကြည့်ရတာ တစ်မျိုးပဲ။

သူမစဉ်းစားနေခိုက် သူက ထိုင်နေရာကနေ ထလာပြီး သူမဆီ လျှောက်လာ၏။ ထိုစဉ် ကားက ငြိမ်ခနဲနေအောင် မှတ်တိုင်ကနေ စထွက်ချေပြီ။

"ဒီမှာအမိ ကျေးဇူးပြုပြီး ကိုယ့်အတွက် ကားခလေး ရှင်းပေးပါဗျာ၊ ပိုက်ဆံအိတ် ဘယ်မှာကျန်နေခဲ့မှန်းမသိလို့ အဲဒါ"

သူကြည့်ရတာ ရှက်လည်းတအားရှက်နေသလိုပါပဲ။

ဒါကြောင့် ရှိန်း လှမ်းကြည့်လိုက်တော့ သူ့အမူအရာက တစ်မျိုးဖြစ်နေတာကို။ ကားခပေးခါနီးမှ ပိုက်ဆံအိတ်မရှိတာ သူသိ ထားမိသွားတယ်ထင်ပါရဲ့။ သူ့ကိုကြည့်ရတာ လိမ်ညာနေသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပုံစံ လုံးဝမြေ့။ သူဝတ်စားပြင်ဆင်ထားတဲ့ အဝတ်အစားတံဆိပ်တွေက တကယ့်နာမည်ကြီးတံဆိပ်တွေပါပဲ။ ဒါကို ရှိန်းသိသည်။

သူ့အခက်အခဲကို ရှိန်း နားလည်စာနာမိသည်မို့လည်း

"ကျွန်မ ပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲ အမိရယ်"

ဒီတော့မှ သူမှာ စိတ်ပေါ့ပါးသွားသလို ထိုင်ခုံတွင်ပြန်သွားထိုင်သည်။ ကားထဲမှာထိုင်နေတဲ့သူအချို့ သူမနဲ့သူ့ကို စပ်စုသလို မျက်လုံးဝေ့ဝဲကြည့်ကြ၏။ ဒါကို ရှိန်းရော သူပါ အလေးမထားမိကြပါ။

"ကဲ…ကားခလေးတွေလှမ်းပါ"

စပယ်ယာအသံကျယ်ကျယ်က အပြင်ကမိုးသံကို လွှမ်းကာ ကားလေးထဲတွင် ပေါ်ထွက်လာသည်။

သူက မလုံမလဲ သူမဆီလှမ်းကြည့်၏။ သူ့ရှေ့မှာ အရင်ဦးစွာ ပိုက်ဆံတောင်းဖို့ရပ်တော့…

"ဟိုတစ်ယောက်ဆီက ပေါင်းယူလိုက်နော်"

သူက မျက်စောင်းထိုးခုံတွင် ထိုင်နေတဲ့ ရှိန်းဆီ လက်ညှိုး



ထိုးပြတော့ နားလည်သလိုရှိသွားတဲ့ စပယ်ယာက ရှိန်းဆီလျှောက်လာပြီး မတ်တပ်ရပ်၏။ ရှိန်း နှစ်ယောက်စာပိုက်ဆံပေးတော့ အနောက်ဘက်ခုံတွေဆီ ဆက်လျှောက်သွားပြီး ပိုက်ဆံဆက်ကောက်နေသည်။

ဒီတော့မှပဲ သူမှာ အကျဉ်းအကြပ်ထဲက လွတ်မြောက်သူလို သူမကိုပြုံးပြကာ ရှေ့ဘက်သို့ မျက်နှာပြန်လှည့်သွားတော့၏။

ဒီလူ ပြုံးလိုက်တိုင်း ဘာကြောင့် သူမရဲ့အကြည့်တွေက မှင်သက်သွားရတာပါလိမ့်။

ထိုအချက်ကိုတော့ ရှိန်း မကျေနပ်ချင်ပါ။

ကြည့်ကောင်းတယ်ဆိုတာထက် ပို၍ချောမွေ့သန့်စင်နေတာ မှန်ပေမယ့် သူ့နှုတ်ခမ်းနီတွေးတွေးလေး ပြုံးလိုက်တိုင်း ရှိန်းရဲ့ အသိအာရုံတွေက မျောမျောသွားတတ်တာကတော့ တဆိတ်လွန်သွားပြီလေ။

ရှိန်း…

အသိတရားလေးနှင့်ထိန်းကာ သူ့ဆီ လုံးဝမကြည့်တော့။ ကားမှန်ကနေတစ်ဆင့် အပြင်မှာ အပြိုးတကြီးရွာချနေတဲ့ မိုးကိုသာ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ထိတောင် ရှုဦးမှာလဲ။

သူမဆင်းရမည့်အချိန် ရောက်ရင်တောင် ဒီမိုးက တိတ်ပါ့မလား။

စိတ်ညစ်တယ်။

ရှိန်း သဲသဲမဲမဲ ရွာနေတဲ့မိုးကိုကြည့်ပြီး ငိုချင်စိတ်ပင်ပေါက်ရ၏။ ထီးပါမလာပါဘူးဆိုမှပဲ ရန်ကုန်မိုးက မစဲဘဲ သဲနေတာလေ။

ကားကြီးက မိုးသံနှင့်အပြိုင် တဝေါဝေါမောင်းနေ၏။

ရှိန်းကတော့ မိုးကောင်းကင်ကြီးကိုကြည့်ပြီး ရင်ထဲကနေ တိတ်တဆိတ်လေး ဆုတောင်းနေမိသည်။

ကားပေါ်ကဆင်းတဲ့တစ်ချိန်လေးပဲ ခဏတိတ်ပေးပါဆို ပြီးတော့ပေါ့။

ကြားဖူးတာက မိုးဖြူမစဲ၊ မိုးမဲမရွာတဲ့။

ခုတော့ မိုးကြီးကမှောင်မည်းပြီး ရွာလိုက်တာမှ လွန်ရောဲ။

မှတ်တိုင်တစ်ခုတွင် တစ်ခါရပ်လိုက်။ ကားပေါ်ကဆင်းတဲ့သူကဆင်း၊ အသစ်တက်လာတဲ့သူကတက်နှင့် ကားက ရှေ့သို့



သာ ခရီးဆက်နေသည်။

ရှိန်းတစ်ယောက် သူမဆင်းရမည့်မှတ်တိုင်လေးမရောက်ခင် မိုးလေးတိတ်အောင်သာ ကြိတ်ဆုတောင်းနေမိတော့သည်။

ကြည့်စမ်း မိုးက အနည်းငယ်စဲသွားတာပါလား။

သူမ ရင်ထဲလှိုက်ခနဲ ဝမ်းသာသွားရ၏။ ဒီလောက်မိုးဖွဲလေးနဲ့ဆို သူမသွားရတာ အဆင်ပြေသည်။ စီးလာတဲ့ကားက ရှိန်းဆင်းရမယ့် မှတ်တိုင်ရှေ့တွင် မရပ်မီ ထိုင်ခုံလေးကနေထရပ်ကာ အပေါက်ဝတံခါးနားတွင် သွားရပ်စောင့်လိုက်၏။ ကားက မှတ်တိုင်ရှေ့ရပ်လိုက်တာနှင့် တံခါးချပ်က ပွင့်သွားသည်။ ဆင်းတဲ့သူတွေနဲ့အတူ ရှိန်းပါ တစ်ပါတည်းလိုက်ဆင်းလိုက်သည်။

ပြီးနောက် မိုးဖွဲလေးထဲမှ ခြေလှမ်းကိုသွက်သွက်လှမ်းကာ အိမ်ကိုသာ အရောက်ပြန်မိသည်။

အမေ အိမ်မှာ အမေတစ်ယောက်တည်းထားခဲ့ရတာလေ။

စိတ်မချပါဘူး။

အခုလို မိုးတွေ သည်းသည်းမည်းမည်းရွာတော့ ပိုလို့တောင် စိတ်ပူမိသေးတယ်။ အမေက မိုးခြိမ်းသံကြားရင် အရမ်းကြောက်တတ်တာ။ ငိုယိုနေမှာသေချာသည်။ အိမ်ဘေးကအဒေါ်သန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အပ်ခဲ့တာပါပဲ။ အမေ့ကိုကြည့်ထားပေးပါ၊ သမီးကျူရှင်သွားတက်မလို့ဆိုပြီး ပြောထားခဲ့သည်။

ခက်တာက ဒေါ်သန်းကလည်း အပြင်အလုပ် ထွက်မလုပ်လို့သာ အားတဲ့သူလို့ သတ်မှတ်ရတာ အိမ်အလုပ်နဲ့ ရှုပ်နေတာတော့ တစ်ချက်ကလေးပင် ဖင်ထိုင်မနားရချေ။ အမေ့ကိုကြည့်ထားပါ ပြောပေမယ့် ကြည့်ရုံလေးကလွဲပြီး ဘာမှတတ်နိုင်တဲ့သူမဟုတ်ပါ။

ဖေက အိမ်ကိုသာကပ်နေရသည်။

ခြံရှေ့လေးရောက်တော့ အိမ်တံခါးလေးပွင့်နေတာ တွေ့ရ၏။

"ဟဲ့…ရှိန်း ညည်းပြန်လာပြီလား"

ရှိန်း ခြံလေးထဲဝင်လိုက်တာကို ရိပ်ခနဲတွေ့လိုက်တဲ့ ဒေါ်သန်းက တစ်ဖက်ခြံရှိ အိမ်လေးပေါ်ကနေ လှမ်းမေး၏။

"ဟုတ်…အကြီးသန်း"

"အေး…ဒါဆိုလည်း ညည်းအမေကို လိုက်ရှာလိုက်ဦး၊ ဘယ်အချိန်ကတည်းက ထွက်သွားသလဲမသိဘူး၊ ခေါ်ကြည့်တာ အသံမကြားလို့ အိမ်ထဲဝင်ရှာတော့ မတွေ့တော့ဘူး ရှိန်း"





မြတ်စွာဘုရား။

ရှိန်း ချက်လုံးလေးတွေ မြူးသွားရပြီ။

ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားရ၏။

အမေ ထွက်သွားလို့တဲ့။

အမေ။

ခုက္ခပါပဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီးရေ…အီး…ဟီး…ဟီး အမေ့ကိုလာခေါ်ပါ သမီးရယ်၊ အမေကြောက်လို့ပါ၊ အမေကြောက်လို့ပါသမီးရယ်၊ အီး…ဟီး…ဟီး၊ ရှိန်း သမီးရေ…ရှိန်း"

ဦးသံအက်အက်ကြီးက ဆိုင်ပိတ်ထားသော အကြော်တဲကြီး ထဲက ထွက်နေခြင်းဖြစ်သည်။

"သမီးရေ…ရှိန်း၊ ရှိန်းရေ…အမေ့ကိုလာခေါ်ပါ၊ အမေ ကြောက်တယ်၊ မိုးတွေချိမ်းနေပြီ၊ မိုးကြိုးတွေ အမေ့ကိုပစ်ချတော့ မယ်၊ လာခေါ်ပါဦး သမီးရယ်၊ အမေ့ကိုလာခေါ်ပါ၊ အမေ ကြောက် လို့ပါ"

ဟင်။



အသံ။

အမေ့အသံ။

မိုးသံနဲ့အတူ အပြိုင်ထွက်ပေါ်လာတဲ့ ကြောက်ရွံ့တကြီး အော်ငိုသံကြီး။ လှမ်းလက်စခြေလှမ်းက တုံ့ခနဲရပ်သွား၏။ ရှိန်း မျက်လုံးလေးတွေ အကြော်တဲကြီးဆီ ချက်ချင်းရောက်သွားသည်။

တွေ့ပြီလေ။ အမေ့ကို ရှိန်း ရှာတွေ့ပြီ။

ရှိန်း ကပျာကယာ ထီးလေးနှင့် အကြော်တဲကြီးဆီ လျှောက်သွားလိုက်၏။

"အမေ"

စားပွဲခုံတန်းကြီးအောက်မှာ ပုန်းနေတဲ့အမေ။

မြင်လိုက်ရတဲ့ခဏ ရှိန်းရင်ထဲ နင့်ခနဲပါပဲ။ မျက်ရည်လေး တွေပင် ချက်ချင်းဝေ့ဝဲတက်သွားရသည်။

"အမေ"

"ဟင်…ရှိန်း…ရှိန်း သမီး…အမေ့သမီး"

"အမေ…လာ…လာ ထွက်ခဲ့၊ ရှိန်းလာခေါ်တာ မကြောက်နဲ့နော်၊ အမေမကြောက်နဲ့တော့၊ ထွက်ခဲ့အမေ၊ ခုံအောက် ထဲကထွက်ခဲ့နော်"

www.burmeseclassic.com



"အဟင်း…အမေခွဲသွားတာ သိပ်မကြာသေးဘူး ကိုမင်းရဲ့၊ ငွေမပို့နိုင်သေးဘူး၊ အိမ်မှာချန်ထားခဲ့တဲ့ ပိုက်ဆံလေးနဲ့ ချွေတာစားနေရတာ ဒါတောင် ရှိန်းရဲ့ပညာသင်စရိတ်က ကုန်တယ်လေ ဒါကြောင့်လည်း သင်တန်းကိုလျှော့ချပြီး စာကျက်တော့မှပဲ ဆုံးဖြတ်လိုက်တာပေါ့၊ ဦးငယ်လေးအလုပ်ကလည်း တစ်လနေမှ ခြောက်သောင်းလောက်ရတာ၊ သူသုံးတာနဲ့ အိမ်ကခွဲတဲ့ ထမင်းဖိုးအတွက် ဈေးဖိုးတောင်ပေးနိုင်တာမဟုတ်ဘူး၊ အိတ်စိုက်နဲ့ပဲ ထည့်ထည့်ပေးရတာ ကိုမင်းရဲ့"

ဟူး ရှိန်းအဖြစ်ကလည်း မလွယ်ပါလား။

ဒါကြောင့် ဒီကောင်မလေး သင်တန်းတွေ ရပ်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်တာထင်တယ်။ လစာငွေပေးရသက်သာတဲ့ စာသင်ဝိုင်းကိုက်နဲ့ပဲ စာကျက်တော့မလို့ ဆုံးဖြတ်ခဲ့တာလေ။

ရှိန်းရယ် တကယ်စိတ်မကောင်းဘူးကွာ။

မင်းဆီမှာ အခုလိုအခက်အခဲလေးတွေ ရှိနေတာသိရတော့ ကိုယ်လေ မင်းလိုအပ်နေတာတွေ မှန်သမျှ ဖြည့်စွမ်းပေးချင်တဲ့စိတ်တွေ ဖြစ်နေမိတယ် ရှိန်းရယ်။

ပညာကို အပူအပင်ကင်းကင်းနဲ့ မင်းကို သင်ယူစေချင်





တယ်ကွာ။

"ကိုမင်း"

"ဟင်"

"ရှိန်းကို ဘာဖြစ်လို့ခင်တာလဲဟင်"

ခင်တာမဟုတ်ဘူးရှိန်း။

ချစ်တာ…ချစ်တာ။

မင်းလေးကို စတွေ့လိုက်တဲ့ အချိန်ကစပြီး မင်းအနားကနေ ထွက်ခွာမသွားချင်တော့လောက်အောင်ပဲ စွဲလမ်းတမ်းတနေခဲ့မိတာ။ အဲဒီလောက်တောင် မင်းကိုချစ်သွားမိတာ ရှိန်းရဲ့။

"ကိုမင်း"

"ပြောလေ…ရှိန်း"

"ပြောလေ…ရှိန်းကို ဘာဖြစ်လို့ခင်တာလဲဟို့"

"မသိဘူး"

"ရှင်"

"ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက် အခုချိန်ထိ ရှာမရသေးဘူး၊ ဒါပေမယ့် မင်းကိုမတွေ့ရရင် ကိုယ်မနေတတ်ဘူး ရှိန်း၊ မင်းမှာ မပြည့်စုံခြင်းတွေရှိနေရင် ကိုယ် မဖြစ်ဖြစ်တဲ့နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းကိုမြင်လိုက်တာနဲ့ မြူးကြောင်ကြောင်မျက်လုံးတွေနဲ့ ဖြန်ကြည့်နေတဲ့အမေ။ အားကိုးရပြီဟဲ့ဆိုတဲ့အသိနဲ့ ဝမ်းသာတကြီး စားပွဲခုံလေးတော်ငှကြီးအောက်ကနေ ထွက်လာ၏။

"ရှိန်း"

"အမေရယ် ရှာလိုက်ရတာ၊ ဘယ်တွေလျှောက်သွားနေ တာလဲ၊ အိမ်မှာပဲနေပါဆိုတဲ့ဟာကို၊ အပြင်ထွက်သွားရတယ်လို့"

စိုးရိမ်ပူပန်မှု လွန်ကဲလွန်းလို့ အမေ့ကို အပြစ်တင်သလို ရှိန်း ပြောမိသည်။

"အိုဒ်... အိမ်မှာကြော်စားရအောင်လို့ ကန်စွန်းရွက်ထွက် ခူးတာ၊ ဒေါ်သောင်းတို့မြို့ရှေ့က ရေအိုင်ထဲမှာ ကန်စွန်းညွန့်တွေ ဖြာနေတာတွေ့လို့လေ၊ အဟီး...ဟီး ဒီမှာကြည့် အမေခူးလာတာ တွေ့လား၊ အများကြီးပဲ သမီးရဲ့"

အမေ့လက်ထဲမှာ ကန်စွန်းညွန့်တွေက အများကြီး။

ဒီလိုပါပဲ အမေက စိတ္တဇဝေဒနာသည်မဟုတ်လား။

သူ့စိတ်ထဲထင်ရာကို လျှောက်လုပ်တတ်သည်။ အိမ် နောက်ဖေးဝင်ပြီး ရှိန်း ထမင်းအိုးတည်ပြီး အိမ်ရှေ့ပြန်ထွက်လာပြီ ဆိုတာနှင့် အမေမရှိတော့။ ထမင်းအိုးက တန်းလန်းနှင့်မို့ သားအိမ်



က ဒေါ်သန်းကိုပဲ အကူအညီတောင်းကာ ကြည့်ခိုင်းခဲ့ပြီး ရှိန်းက ရှာဖွေရေးစတင်ရပြန်ပြီ။

တစ်ခါတလေ ရှိန်း ရှာဖို့အိမ်ထဲကအထွက် အမေက ပြန်အလာနှင့် ကြုံရတတ်၏။ လက်ထဲမှာလည်း တစ်ရပ်ကွက်လုံး အယော်ပြီး ခူးလာတဲ့ အရွက်အညွန့်အခက်တွေကအစုံ။ ကန်စွန်းရွက် တွေ၊ ပေါက်ပန်းဖြူခက်အရင့်တွေ၊ ကင်းမုံညွန့်တွေ၊ သပြေခက် တွေနှင့် တပွေ့တပိုက်။

သူခူးလာပြီးလျှင်လည်း ဘေးအိမ်တွေလိုက်ဝေပေးပြန်သည်။ အမေ့အကြောင်းသိတော့ အမေ ဘာပဲပေးပေး စိတ်ကျေနပ်အောင် တော့ ယူကြ၏။ မယူလျှင် အမေက ကြီးကျယ်တယ်ဆိုပြီး ဗျစ် တောက်ချစ်တောက်နဲ့ တစ်ယောက်တည်းရေရွတ်ပြီး အတင်းတုတ် သွားတတ်တာကို။ ဒီတော့ ကြောက်ကြောက်နဲ့ပဲ ယူထားတတ် ကြ၏။ အမေ အတင်းထိုးပေးလျှင် မငြင်းပယ်ရဲကြ။

အခုလည်း ဒေါ်သောင်းတို့ခြံရှေ့က ရေအိုင်ထဲမှာ ကန်စွန်း ညွန့်တွေ ပေါက်နေတာ အမေတွေ့ထားပုံရသည်။ သူမကျူးရင်သွား ဘာတို့ အခွင့်ကောင်းယူပြီး အမေ လမ်းထိပ်ဘက်ထွက်သွား၏။

သွားခူးတာလေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်တွေကလည်း ဘာပြောမှာလဲ။ အမေ့အကြောင်းသိနေကြတာကို။ ပြီးတော့ သူတို့ကလည်း အိမ်ရှေ့အိုင်ထဲက တန်ဖွန်းရွက်ကိုမှ ခူးမစားကြတာ။ အမေခူးတာ ဒီအတိုင်းပဲ ကြည့်နေမှာပေါ့။

ဒါကို အမေခူးနေတုန်း မိုးရွာတာနဲ့မိသွားပုံရပါသည်။

မလှမ်းမကမ်းက ဆိုင်ပိတ်ထားတဲ့ အကြော်တဲထဲ မိုးဝင်ခိုနေ၏။ မိုးခြိမ်းသံကြားတော့မှ အမေကြောက်သွားပုံရသည်။ အကြော်ဖန်းတင်သည့် သစ်သားစားပွဲကြီးအောက် ကုန်းကုန်းလေးတိုးဝင်ကာ ဝပ်ပြီး သမီးဖြစ်သူလာအခေါ်ကို ငိုယိုအကူအညီတောင်းနေတော့၏။

"အမေကလည်း အဲဒီအရွက်တွေ လျှောက်လျှောက်မခူးပါနဲ့လို့ မှာထားလျက်နဲ့"

"ဟင်းစားလေးသက်သာအောင်ပါ ရှိန်းရယ်"

ပြောလိုက်လျှင်တော့ အမေက ဒီအတိုင်းချည်းပဲ။

ဟင်းစားလေးသက်သာအောင်နဲ့ ဘုရားပန်းဖိုးလေးသက်သာအောင်ဆိုပြီး သူများခြံဝင်းထဲက သပြေညွန့်တွေ၊ ရွက်လှကိုင်းတွေ ဝင်ချိုးတတ်သည်။ တားလျှင်လည်း အမေက ဖြူးတူး





ဖြတဲ ရန်တွေ့ပြန်၏။ အမေလုပ်သမျှ လိုက်တောင်းပန်ရတာက အမေနဲ့ရှိန်းပါ။

"ရှိန်း"

"ဟင်"

"ကျုရှင်ကပြန်လာပြီလား"

"ဟုတ်တယ် အမေ၊ ရောက်တာနဲ့ အမေ အပြင်ထွက်သွားတယ်ဆိုလို့ လိုက်ရှာတာ"

"တော်သေးတာပေါ့ ရှိန်းရယ်၊ သမီးအရောက်မြန်မေ့လို့ပဲ၊ စောစောက မိုးကြိုးပစ်ချလိုက်တာလေ အမေ့ခေါင်းပေါ်တည့်တည့်ကျတော့မလို့သိလား၊ အမေခုံအောက်ထဲဝင်ပြီး အရှောင်မြန်ပေလို့ပဲ၊ မဟုတ်ရင် အမေ့ခေါင်းနှစ်ခြမ်းကွဲပြီး မိုးကြိုးက ခဏခဏပစ်ချနေတာသမီးရဲ့"

"အဟင်း"

အမေ့အပြောလေးကြောင့် သူမစိတ်တွေ ညစ်ထွေးနေရာမှ ပြုံးလိုက်မိသေးသည်။ မိုးကြိုးပစ်တာ ခုံအောက်ထဲဝင်ပုန်းလိုက်လို့ လွတ်သွားတာတဲ့လေ။ တကယ်တော့ လျှပ်စီးလက်ပြီး မိုးခြိမ်းခြိမ်းသက်သက်ပါပဲ။ မိုးကြိုးပစ်မချ။ ဒါကို ကြောက်တတ်စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးတွေပစ်ချတာယ်ချည်း မှတ်ရှာ ခုံအောက်ထဲ ပြားပြားဝပ် အောင် ပုန်းအောင်းနေခြင်းပဲဖြစ်သည်။

မိုးက အနည်းငယ်စဲသွားလို့သာ တော်သေးသည်။

အမေ့ကို ထီးလေးပိုမိုးဆောင်းပေးပြီး အိမ်ပြန်ခေါ်လာခဲ့ မိ၏။ အမေက မိုးမစိုဘူးလေ။ ရှိန်းကတော့ အစကတည်းက မိုးရေရွဲရွဲစိုနေပြီးသားပါ။ ဒီတော့ အမေ့အောက်ကိုပဲ လုံအောင်ပိုဆောင်း ပေးနေမိ၏။

မြို့ဝင်းလေးထဲရောက်တော့ အိမ်ပေါ်အထိ အမေ့မိုးမရေစို အောင် ပို့ပေးလိုက်၏။

"ရှိန်း ရေချိုးလိုက်ဦးမယ်အမေ"

"အေး...အေး"

အမေက ခေါင်းလေးညိတ်ပြီး ကန်စွန်းညွန့်တွေ တမြွှ တပိုက်နှင့် အိမ်ပေါ်တက်သွား၏။

"အမေ"

"ဟေ"

"ထဘီတွေလဲလိုက်ဦးနော်၊ အောက်ပျားတွေရေစိုနေတာ အအေးပတ်နေဦးမယ်"

[redacted]



"ကျုပ်သိပါတယ်အေ၊ ဆရာမလုပ်စမ်းပါနဲ့"

အမေ့မျက်လုံးကြီးသိက ဒေါကြီးတောက်တောက်။

စေတနာနဲ့ ရှိန်းပြောတာကို ဆရာလုပ်တယ်ဟုထင်ကာ မျက်စောင်းကြီး ဒိုင်းခနဲထိုးကြည့်သွားသေးသည်။

အမေ့ကိုကြည့်ပြီး ရှိန်း ဘာမှဆက်မပြောမိတော့။ ရေချိုး ချိုသာ ပြင်ဆင်မိသည်။ အိမ်ရှေ့က ရေတိုင်ကီလေးဆီသာ ရှိန်း သွားလိုက်မိတော့၏။ ရှိန်း ကပျာကယာပဲ ရေမိုးချိုးလိုက်သည်။

အမေ့ကို စိတ်မချဘူးလေ။

မျက်စိရှေ့မှာရှိနေလျှင်တောင် တစ်ခုပြီးတစ်ခု အမှားဖြစ်နေ တတ်တာ မျက်စိနည်းနည်းလွှဲလိုက်တာနှင့် ပြဿနာကဖြစ်ပြီပဲ။

စိတ္တဇဝေဒနာသည် အမေ့ကို ရှိန်း လုံးဝစိတ်မချပါ။

ရေချိုးပြီး အိမ်လေးပေါ်အတက်...

"အမလေး"

ဟင်။

မီးဖိုချောင်လေးထဲက ထွက်ပေါ်လာတဲ့ အသံနက်ကြီး။ ထဘီရေစိုကိုပင် မလဲနိုင်ဘဲ ရှိန်း ပြေးရပြန်ပြီ။

"လက်ပြတ်သွားပြီ၊ အဟီး...ဟီး လက်ပြတ်သွားပြီ၊

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သွေး…သွေးတွေ အများကြီးပဲ"

"အမေ"

လက်ညှိုးလေးကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ပြီး အော်ဟစ်ငိုယိုနေတဲ့အမေ။ ဓားတစ်ချောင်းက ကြမ်းပြင်ပေါ်မှာကျလျက်။ မျက်လုံးတွေစုံမှိတ်ပြီး အော်နေ၏။

"ဘာဖြစ်တာလဲ၊ လက်ဓားထိသွားတာလား"

"ရှိန်း…လာကြည့်ပါဦး၊ အမေ့လက်ပြတ်သွားပြီနဲ့တူတယ်၊ အီး…ဟီး…ဟီး"

လက်မှာလည်း သွေးကစက်လက်။

ရှိန်း အမေ့အနား ချက်ချင်းရောက်သွားကာ ဒူးထောက်ထိုင်လိုက်ပြီး အမေ့လက်ကို ဆွဲယူလိုက်သည်။

"ဖြစ်မိပါဦး အမေရယ်၊ ရှိန်း ကြည့်ပါဦးမယ်"

"ပြတ်သွားပြီ၊ အမေသိတယ်၊ လက်ကပြတ်သွားပြီ၊ အီးဟီးဟီး"

ဒုက္ခပါပဲ။ ဆုပ်ကိုင်ထားတဲ့လက်ကို လုံးဝမဖယ်။ သူ့စိတ်အထင်နဲ့ချည်းပဲ တွေးထင်ကာ အော်ငိုနေတော့သည်။



"အမေရယ် ရှိန်း ကြည့်ပေးပါ့မယ်ဆိုတဲ့ဟာကို၊ ပေးပါ၊ အမေ့လက်ကိုဖယ်လိုက်"

လက်ကို ဖွတ်အတင်းဆွဲဖယ်တော့မှ အမေက လွှတ်ပေး၏။

"အမေကလည်းလေ လက်ကမပြတ်ပါဘူး၊ ဓားလေးရှသွားတာပါ"

"ဟေ…ဟုတ်လား"

"ဟုတ်တယ်၊ ဒီမှာ မျက်လုံးဖွင့်ကြည့်ဦး"

ဒီတော့မှ ကြောက်လန့်တကြီးနဲ့ တင်းတင်းမှိတ်ထားတဲ့ မျက်လုံးတွေကို မရဲတရဲဖွင့်ပြီး ကြည့်နေတဲ့အမေ။

"တွေ့လား နည်းနည်းလေးရှသွားတာ"

"အေး…တော်သေးပါရဲ့၊ အမေက လက်ကြီးပြတ်သွားပြီထင်နေတာ"

"ဓားတွေ၊ ကတ်ကြေးတွေမကိုင်ပါနဲ့လို့ ရှိန်း ပြောထားတဲ့ဟာကို ဘာဖြစ်လို့ကိုင်ရတာလဲအမေရယ်"

"ကန်စွန်းရွက်ခြွေတာလေ၊ ကြော်စားရအောင်ပေါ့"

"ကန်စွန်းရွက်ခြွေတာများ လက်နဲ့လုပ်လည်းရတဲ့ဟာကို

www.burmeseclassic.com

www.burmeseclassic.com



မားက ဘာဖြစ်လို့သွားကိုင်ရတာလဲ''

သူမမေးတော့ အမေကမဖြေ။

သူ့အမှားကို သူလည်းသိပုံပါပဲ။ ငြိမ်ကျသွား၏။ ဘာမှ ဆက်မပြောတော့။

''လက်ရေဆေးရအောင် အမေ၊ ရှိန်း ဆေးထည့်ပေးမယ်''

''အေး''

ရှိန်း အမေ့လက်ကို ရေဆေးပေးလိုက်၏။

''ထ . . အမေ အိမ်ရှေ့သွားတော့၊ ရှိန်း ဆက်လုပ်လိုက်မယ်၊ အမေအရှေ့မှာပဲသွားနေတော့''

ဒီတော့မှ အမေက ထသွား၏။

ရှိန်း အရင်ဦးစွာ ရေစိုဝတ်ကို လဲလိုက်သည်။ ပြီးမှ အမေ့လက်ကို ဆေးထည့်ဖို့ပြင်ဆင်ရ၏။

''ငါ့ကို စပ်တဲ့ဆေးတွေ မထည့်နဲ့နော်''

ရှိန်းကိုမြင်တာနဲ့ အမေက ကြိုတင်သတိပေး၏။ ဒဏ်ရာကို အရက်ပြန်သုတ်မှာတော့ အမေကကြောက်၏။ စပ်တာကို ဒီတော့ ကြိုတင်ပိတ်ပင်ပြီပေါ့။



''သိပါတယ် အမေရယ်၊ ဆေးရာခိုပဲ ထည့်ပေးမှာ''

''ကြဲးရော''

ဟွန်း ဒါကြတော့ အမေကအပါး။

ရှိန်း ထည့်ပေးတာကို အမေက ငြိမ်ပြီးလက်ခံနေ၏။ ဆေးထည့်ပေးပြီးတော့ ညစာအတွက် ဟင်းချက်ဖို့ ပြင်ဆင်ရသည်။ အမေပြန်လာတော့မှာလေ။

ရှိန်း ချက်ပြုတ်နေတော့ အမေက အိမ်ရှေ့မှာ တစ်ယောက်တည်း ငြိမ်ပြီးထိုင်နေ၏။

မျှော်ပြီလေ။

ယောကျ်ားပြန်အလာကို အိမ်ရှေ့ပေါက်ဝလေးမှာ သွားထိုင်ပြီး အမေစောင့်နေပြီ။

ထုံးစံပဲ။ ညနေစောင်းတာနဲ့ အမေက အလုပ်ကနေ ပြန်လာတတ်တာမဟုတ်လား။ အမေ့ပြန်အလာကို အမေက စောင့်နေတတ်တာ အမေ့အတွက်တော့ နေ့စဉ်အလုပ်တစ်ခုပဲဖြစ်သည်။

ထမင်းအိုးလေး မီးဖိုပေါ်တင်ပြီး အမေ့ကို ထွက်ကြည့်ရသေး၏။ ရှိနေတာတွေ့တော့မှပဲ ရှိန်းမှာ စိတ်ချလက်ချနှင့် ညစာဟင်းကို ဆက်ပြီးချက်ရတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟယ် …ဒါကဘယ်လိုဖြစ်လာတာတုန်း"

"မိုးမိလာတာ မေမေ"

"ဘယ်နှ ကိုယ်ပိုင်ကားနဲ့သွားတဲ့သူက မိုးတွေဒီလောက်တောင် မိလာရတာလဲ၊ ကြည့်စမ်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေတာပဲကွယ်၊ သွား သွား အဝတ်အစားတွေ မြန်မြန်လဲပြီး နွေးနွေးထွေးထွေးလေးဝတ်ထား၊ အအေးမိပြီး ဖျားတော့မှာပဲ"

"ဟုတ်ကဲ့"

မင်းယောကျ်ားတစ်ယောက် မေမေ့မျက်ဝန်းတစ်စုံရှေ့ကနေ စိတ်မလုံမလဲစွာ ထွက်လာပြီး အပေါ်ထပ်ရှိ သူ့အခန်းဆီ တက်လာခဲ့လိုက်သည်။



ဒီနေ့ သူဘာတွေ အူတူတူလျှောက်လုပ်ခဲ့မိပါလိမ့်။

စိတ်ရဲ့စေရာကို ထိန်းချုပ်နိုင်စွမ်းရှိသည့် အသိတရားတို့သည် မထင်မှတ်လောက်အောင်ပင် ပျောက်ရှသွားခဲ့ရသည်။ ဘာကြောင့် သူအခုလို လုပ်မိရသလဲဆိုတာလဲ မစဉ်းစားတတ်။

ရေစိုနေသည့်အဝတ်အစားတွေနှင့်ပင် ရေချိုးခန်းထဲ တစ်ခါတည်းတန်းဝင်ကာ ခေါင်းကနေ ရေချိုးချပစ်လိုက်သည်။

မိုးမိထားသဖြင့် လူက ချမ်းတုန်ချင်နေ၏။

ခပ်သွက်သွက်ပဲ ရေချိုးပြီး ရေချိုးခန်းထဲကနေ ထွက်ကာ နွေးထွေးသော အဝတ်အစားများ ရွေးဝတ်လိုက်သည်။

သူ့မျက်ဝန်းထဲမှာတော့ စိတ်လိုလက်ရ ထီးသွားမိုးဆောင်းပေးခဲ့မိသည့် မိန်းမချောလေး၏ ချစ်စရာကောင်းသော မျက်နှာလေးက အနေးပြကွက်တစ်ခုလို ပေါ်လွင်ကာ မြင်ယောင်မိလျက်။

ကောင်မလေး ကားမှတ်တိုင်လေးမှာ လိုင်းကားစီးဖို့ ရပ်စောင့်နေသည့် ကောင်မလေးတစ်ယောက်။

မှတ်တိုင်လေးရှေ့ကနေ သူ့ကားလေး ဖြတ်အမောင်း မထင်မှတ်ပါဘဲ မတ်တပ်လေးရပ်ကာ စောင့်နေသော ကောင်မလေးတစ်ယောက်ကြောင့် သူ့ခြေထောက်တွေက အလိုလိုကား

www.burmeseclassic.com



ဘရိတ်ဆီ ရောက်သွားကော ပိန္နင်းရှိမိလျက်သား ဖြစ်သွားရသည်။

ကားကို မှတ်တိုင်လေးနဲ့ မလှမ်းမကမ်းမှာရပ်ပြီး ထိုကောင်မလေးဆီ သူ့မျက်ဝန်းအကြည့်တစ်စုံက ကျရောက်နေခဲ့၏။ တရွေ့ရွေ့နှင့် မှောင်ကျလာသော မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး စိတ်ညစ်ညူးသွားဟန် မျက်နှာလေးက တကယ့်ကို စိတ်ဝင်စားစရာပါ။

သူ စောင့်ကြည့်နေမိသည်။

မိုးဖွဲလေးတွေကျလာလို့ အသီးသီး ကိုယ်စီပါလာသည့် ထီးများထုတ်ယူပြီး ဖွင့်ဆောင်းနေကြချိန်အထိ လက်ထဲမှာ အိတ်ကလေးကို တင်းတင်းပိုက်ပြီး ကားအလာကိုသာ လည်လေးတစောင်းစောင်းနဲ့ မျှော်နေတဲ့ကောင်မလေး။

ဘယ်သူမှန်းလဲမသိ။

ဘယ်ကမှန်းလဲမသိပါ။

သူ သိတာတစ်ခုရှိသည်။ ဒီလိုနေရာကလေးမှာနေ ကျောခိုင်းပြီး ထွက်ခွာမသွားနိုင်တာပါပဲ။ တစ်စုံတစ်ခုက သူ့ကိုမ ထွက်ချင်လောက်အောင် ဖွဲ့ဆောင်ထားတာလေ။

မိုးပေါက်ကြီးတွေကျလာတော့ ကောင်မလေးက မှတ်တိုင်



လေးရဲ့ အမိုးအောက်ကိုဝင်ပြေး၏။ သူသိလိုက်ပါပြီ။ သူမလေးဆီမှာ ခေါက်ထီးလေးဆောင်ဖို့ ပါမလာခဲ့ဘူးဆိုတာပေါ့။

ကားထဲမှာ ဆောင်းဖို့အသင့်ထည့်ထားတဲ့ ခေါက်ထီးကြီးကို ဆွဲယူကာ မင်းယောက်ျားတစ်ယောက် ကားပေါ်ကနေ ခပ်သွက်သွက်ဆင်းလိုက်သည်။ ကားကို သော့ချခဲ့ပြီး ထီးနှင့် ကားမှတ်တိုင်လေးဆီ သူသွားလိုက်၏။

သူလည်း လိုင်းကားစီးမည့် ခရီးသည်လိုလိုလုပ်ကာ ကောင်မလေးကို ထီးသွားဆောင်းပေးမိသည်။ သူ့ထီးလေး အကာအကွယ်ပေးလိုက်တယ်ဆိုလျှင်ပဲ တအံ့တသြမော့ကြည့်လာတဲ့ ကောင်မလေးရဲ့ မည်းနက်ဝိုင်းစက်နေတဲ့ မျက်ဝန်းလေးတွေ။

အစကတော့ သူ့လုပ်ရပ်များ မှားသွားပြီလားဆိုသည့် စိုးရွံ့စိတ်နှင့် ရင်ထဲဒိန်းခနဲ ဆောင့်ခုန်သွားသေးသည်။ သို့သော် ကောင်မလေးက ဘာမှမပြောဘဲ ငြိမ်သက်သွားတော့ သူ့ရဲ့လေးလံနေတဲ့ စိတ်လေး လျှောခနဲပြေပျောက်ကာ အသက်ကို ဝဝလင်လင် ရှူနိုင်သွားတော့၏။

ကောင်မလေးစီးမယ့် ကားလေး မလာမချင်း ထီးလေး ဆောင်းပေးကာ စောင့်ပေးနေလိုက်သည်။ သူ့စိတ်ထဲမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့ နံဘေးမှာရှိနေရတာလေးကိုပဲ ကျေနပ်နှစ်သက်နေမိတာမဟုတ်လား။ ဒီတော့ သူမလေး အဆင်ပြေလောက်မယ့်အချိန်တစ်ခုထိ စောင့်ပေးနေမိသည်။

အတွေးထဲမှာတော့ သူမလေးစီးမည့် ကားလာလို့တက်သွားရင် သူပြန်မယ်ပေါ့။ ဗိုကယ်လည်း ကားကလာတော့မိုးကမစဲသေးပါ။ အနည်းငယ် အရှိန်လျော့သွားတာကလွဲပြီး ရွာနေဆဲပင်ဖြစ်သည်။

သူ ရှောင်ထွက်မသွားချင်တော့။

ကားစီးစောင့်နေရာအထိ အတူတူထီးဆောင်းကာ သူမလည်း ကားပေါ်တက်တော့ သူပါကားကြီးပေါ် လိုက်တက်မိသွား၏။ စိတ်ထဲမှာလည်း သူမလေး ဘယ်ကိုများသွားမလဲဆိုတဲ့ သိချင်စိတ်ကလေးကလည်း ရှိနေတာကို။

မထူးတော့ပါဘူးဆိုတဲ့ စိတ်ကူးနဲ့ ကားပေါ်တက်ပြီးကာမှ သူ တစ်ခုကိုသတိထားမိသွား၏။ ပိုက်ဆံအိတ်က ကားထဲမှာကျန်နေရစ်ခဲ့တယ်ဆိုတာလေ။

ရုက်ရွံ့စိတ်ကြောင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး ထူပူသွားရသည်။ ကားကလည်း မောင်းနေပြီမို့ဆင်းမရတော့။ ပိုက်ဆံအိတ်





ကျမျောက်သွားလို့ ကားခမယူပါနဲ့ဟုလည်း စပယ်ယာကို သူမပြောရုံ။ နောက်ဆုံး မျက်နှာပူပူနဲ့ပင် စောစောက စေတနာဗရပွနှင့်ထီးဆောင်းပေးခဲ့သော ကောင်မလေးဆီကိုသာ သူသွားပြီး အကူအညီတောင်းလိုက်မိသည်။

တော်သေးတာက ကောင်မလေးက နားလည်မှုရှိပြီး သူ့ရဲ့ ခုက္ခကို ဖြေရှင်းပေးခဲ့လို့ပဲ။ သူမလေးသာ ကားခရှင်းမပေးပါကထိုကားထဲတွင် ကားအလကားစီးဖို့ တောင်းပန်ရမည့်သူ့အဖြစ်ကရှက်စရာပါပဲ။

ဒေါက်- -ဒေါက်။

အပြင်က တံခါးခေါက်သံကြောင့် သူ့အတွေးစတို့ တစ်ခန်မျောက်ကွယ်သွားရ၏။

“ဘယ်သူလဲ”

“မေမေ”

“တံခါးလော့ခ်မချထားဘူး မေမေ”

သူ ရေနွေးခွက်ပူပူတစ်ခွက်ငှဲပြီး ခွက်ကိုသောက်ဖို့ မကိုင်သိုက်ချိန်တွင် မေမေက အခန်းထဲသို့ ဝင်လာချေပြီ။

“သား”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းက ဘယ်ကိုသွားလို့ ဒီလောက်ထိတောင် မိုးမိရတာလဲ၊ မင်းရဲ့ခြေတွေလက်တွေကိုလည်း ကြည့်စမ်း ရေတွေနှူးပြီး အရေခွံတွေတောင် တွန့်နေပြီ၊ နှုတ်ခမ်းတွေဆိုလည်း ပြာနမ်းနေတာပဲ၊ ကားတစ်စီးလုံးပါသွားရဲ့သားနဲ့ မိုးမိတာ မေမေဖြင့် အံ့ဩလို့ကိုမဆုံးဘူး"

သူ မေမေ့အမေးကို ချက်ချင်းပြန်ဖြေဖို့ အကြောင်းပြချက်တစ်ခု အသည်းအသန် စဉ်းစားရ၏။ မေမေက တစ်ဦးတည်းသောသားဖြစ်တဲ့ သူကို အခုချိန်ထိ မျက်စိဒေါက်ထောက်လိုက်ကြည့်ပြီးနေတတ်တဲ့သူလေ။ မေမေ့မျက်လုံးထဲမှာတော့ သူက လူမမယ်ကလေးသာသာပါပဲ။

စိတ်မပူပါနဲ့ဆိုလည်းမရ။

အခုလိုဖြစ်လာတော့ မေမေ့အတွက် စိတ်ပူစရာဖြစ်ရပြီပေါ့။ တိုက်ထဲဝင်လာတဲ့ သူက မေးတောင်ခိုက်ခိုက်ရိုက်မတတ်ချမ်းနေခဲ့တာကို။

"သား"

"ဗျာ"



"မေမေမေးနေတယ်လေ"

"ဩော်…ဟို ကား…ကားက ဘာဖြစ်သွားမှန်းမသိဘူး၊ မောင်းနေရင်းနဲ့ ထိုးရပ်သွားလို့ အဲဒါ အောက်ဆင်းပြီး စက်ဖုံးဖွင့်ကြည့်တာလေ၊ မိုးကလည်း အရမ်းကိုသည်းနေတာဆိုတော့ မိုးမိသွားတာမေမေ"

"ကားပျက်လို့"

မေမေ့အမေးက သံသယရှိသလိုလိုလေသံမျိုး။

စိတ်လှုပ်ရှားစွာဖြင့် မေမေ့မျက်နှာသို့ သူလှမ်းကြည့်မိ၏။ ယုံမှယုံပါ့မလားဆိုတဲ့ စိုးစိတ်က ရင်ကို လေးလံထိုင်းမှိုင်းကာ ရှိနေသည်။ ပြီးတော့ တစ်ခါမှ မလိမ်မညာဖူးတဲ့သူက အခုလို ဝိပိရိရိနဲ့ လိမ်ညာနိုင်ဖို့ ကြိုးစားရတာဆိုတော့ အတော့်ကို ခက်ခဲနေရ၏။

"အရေးအကြောင်းမှပဲ ကားကပျက်ရတယ် ပို့ကွယ်၊ သားကလည်း မိုး အဲဒီလောက်သည်းနေရင်လည်း ခဏလောက်ထိုင်စောင့်နေပြီးမှ ဆင်းကြည့်ပါလား၊ ရေကိုရွဲစိုနေတာပဲ"

သူ့ခေါင်းက ဆံစတွေကို လက်နဲ့စမ်းကာပြောပြီး အဝင်တန်းဆီမှ မျက်နှာသုတ်ပဝါကို သွားယူ၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေ သူ့အပေါ်မှာ ယုံကြည်သွားမှပဲ သက်ပြင်းမောကို ချနိုင်တော့သည်။

"ထိုင်စမ်း..ခုံမှာထိုင် ခေါင်းကိုခြောက်အောင်ရေမသုတ် ဘူး၊ မေမေသုတ်ပေးမယ်"

သူ မေမေ့ကို ကြည်လဲ့စွာပင် ပြုံးပြလိုက်ပြီး ထိုင်ခုံလေး တွင် ထိုင်လိုက်သည်။ မေမေက သူ့နောက်ကျောဘက်ကနေ ခေါင်း ကို ခြောက်သွေ့အောင် သုတ်ပေးနေ၏။

"သား"

"ဗျာ"

"မင်းမှာချစ်သူရှိနေပြီလား"

"ဗျာ"

ဆိုင်းမဆင့်ဗုံမဆင့် မေးလာတဲ့ မေမေ့အမေးကြောင့် သူပင် ကြောင်အသွားရသည်။

"မင်းစိတ်ဝင်စားရမယ့် ကောင်မလေးတစ်ယောက် ယောက်များ တွေ့နေပြီလားလို့မေးတာ"

သူ့မျက်ခုံးတွေ ပွန့်ခနဲကြုံ့သွားရ၏။

မေမေ ဘာကြောင့်မေးတာလဲ။



"သား"

"ဗျာ"

"မေမေမေးတာဖြေလေ"

"အပွန်း...ဘာဖြစ်လို့ အခုလိုမေးရတာလဲ မေမေ"

"သိချင်လို့ပေါ့ သားရယ်"

"ဒီနေ့မှ ထူးထူးဆန်းဆန်းမေးနေတယ်၊ ဘာစိတ်ကူးတွေ ပေါက်နေတာလဲ မေမေ"

"သိချင်လို့ပါဆိုကွယ်၊ ဖြေမှာသာဖြေစမ်းပါ"

"မရှိပါဘူး မေမေ"

ဖြေမိပြီးတော့မှ ဒီကနေ့ ထီးမိုးပေးခဲ့မိသည့် ကောင်မ လေးကို မျက်စိထဲပြန်မြင်ယောင်တာ သတိရမိ၏။

"သား"

"ဗျာ"

"သားအသက် ဘယ်လောက်ရှိနေပြီလဲ"

"နှစ်ဆယ့်လေးနှစ်ထဲမှာ"

"အင်း..ဟုတ်တယ်၊ နှစ်ဆယ့်လေးထဲရောက်နေပြီ ဒါပေမယ့် မေမေ့စိတ်ထဲမှာတော့ ရင်ခွင်ပိုက်ကလေးအရွယ်ပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေတုန်းပဲ၊ သားက အရွယ်ရောက်နေပြီဆိုတာသိသိကြီးနဲ့ မေမေ့မှာ အခုချိန်ထိ စိတ်မချနိုင်ဘဲဖြစ်နေတာလေ၊ တစ်ခါတလေ တော့လည်း မေမေ့ကိုယ်မေမေ သတိပေးနေမိပါတယ်၊ သားကို စိတ်ချလက်ချယုံကြည်ဖို့ပေါ့၊ ဒါပေမယ့် သားရယ် မေမေ့စိတ်တွေ က သားနဲ့ပတ်သက်တိုင်း တည်ငြိမ်ရင့်ကျက်လို့ကိုမရတာ၊ မေမေ့ မှာက ဒီသားလေးတစ်ယောက်တည်းရှိတာ မဟုတ်လား၊ ပြီးတော့ မေမေ့သားက တခြားကလေးတွေလို တစ်ဦးတည်းသောသားဆိုပြီး ဂျစ်တိုက်တောပေဆိုးနေတဲ့သူလည်း မဟုတ်ဘူးလေ၊ မိဘအပေါ်မှာ လိမ္မာရေးခြားရှိလွန်းတဲ့သူဆိုတော့ မေမေက ပိုပြီးတော့တောင် စိုးရိမ် ပူပန်နေတတ်တယ်၊ သားတစ်ခုခုဖြစ်မှာ တွေးတွေးပူနေတတ်တာ သိပ်ပြီးဆိုးဝါးတဲ့အချက်ပဲကွယ်၊ ဒါပေမယ့် မေမေ အခုလိုဖြစ်တာ ကလည်း သားကိုသိပ်ချစ်လွန်းလို့ပါ၊ ဒါကြောင့် အမြဲတမ်း စိတ်မချ နိုင်ဘဲရှိနေတာလေ"

သိပါသည်။

မေမေ ဘယ်လိုခံစားရသလဲဆိုတာ သူနားလည်နိုင်ပါ သည်။ ဖေဖေဆုံးသွားကတည်းက မေမေ့ဆီမှာ အဖော်ကောင်းဆို လို့ မင်းယောကျ်ားဆိုတဲ့ သားတစ်ယောက်ပဲ ရှိခဲ့တာမဟုတ်လား



မေမေ ပိုပြီး တမက်တမောရှိနေမှာပေါ့။

"တကယ်ဆို သားအရွယ်က အိမ်ထောင်တစ်ခုကို ထူထောင်နိုင်နေတဲ့အရွယ်ပါပဲ၊ ဘွဲ့လည်းရပြီးပြီ၊ လုပ်ငန်းကိုလည်း ဦးဆောင်ပြီး ကောင်းကောင်းစီးပွားရှာနိုင်နေတဲ့ ယောကျ်ား တစ်ယောက်မှာ အဖော်မွန်ကောင်းတစ်ယောက် ရှိနေသင့်ပြီဆိုတာ မေမေနားလည်ပါတယ်"

"ဘာလဲ...မေမေက အိမ်ထောင်ပြုဖို့လမ်းကြောင်း ပေးနေတာလား"

"မေမေ့ဘက်က ပြင်ဆင်နေတာပါ"

"ဘာကိုလဲ မေမေ"

"မေမေ သားကို အခုချိန်ထိ ချစ်လို့မဝသေးတာ လမ်း ကြောင်းမပေးချင်ပါဘူး၊ ဒါပေမယ့် တကယ်တမ်း သားဆီမှာ အစီအစဉ်ရှိနေပြီဆိုရင်တော့ နားလည်လက်ခံပေးနိုင်ဖို့ မေမေ့ဘက်က အလေ့အကျင့်လုပ်ထားရတော့မယ်ဆိုတဲ့ သတိကို အမြဲပြုနေတာ လေ၊ ဒါကြောင့် သားကိုမေးနေတာပေါ့၊ အခုတော့ မေမေ့သားမှာ ဘာမှအခြေအနေမထူးခြားသေးဘူးဆိုတော့ မေမေစိတ်အေးအေးနဲ့ နေရဦးမှာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေရယ်။

သားကို အဲဒီလောက်တောင်ပဲ ချစ်သတဲ့လားဗျာ။

သိပါတယ်။ မေမေ့စိတ်ထဲမှာ သားနဲ့ပတ်သက်ပြီး ဘယ်လိုခံစားချက်တွေ ထားတယ်ဆိုတာ သိနေပါတယ်။

ဒါကြောင့်လည်း သား မေမေ့ကို အမြဲတမ်း ခေါင်းထဲ ထည့်ထားခဲ့ပေါ့ဗျာ။

□ □ □

## အခန်း [၄]

"ကြည့်စမ်း...ကြည့်စမ်း ဒါကဘာလုပ်နေတာလဲ"

"ဟင်"

"ဟာ...မြင့်"

ရုတ်တရက် စိတ္တစေနီးသည် နွေးနွေးမြင့်ကို တွေ့လိုက်ရချိန်တွင် ဦးသာထွန်းရှိန်တစ်ယောက် အကြီးအကျယ်ပင် မျက်စိမျက်နှာပျက်သွားရသည်။

ပြဿနာတော့စပြီဆိုတာ စိတ်မှာအလိုလိုသိလိုက်ပြီလေ။

"ညည်း...ညည်းတို့ ချိန်းတွေ့နေကြတာလား"

"အို"

လက်ညှိုးက ဥမ္မာထိုက်ဆီ တည့်တည့်ထိုးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်သာထွန်းရှိန်ရဲ့ ဇနီးက စိတ်ဖောက်ပြန်နေသူရင်တစ်ယောက်ဆိုတာ သိနေတဲ့ ဥမ္မာထိုက် ဘာပြန်ဖြေရမှန်းမသိအောင်ပင် ကြောက်ဒူး တွေ တုန်သွားရသည်။

"ဟဲ့…ကောင်မ ငါမေးတာဖြေလေ၊ ညည်းက ဘာပြူး ကြောင်ကြောင်နဲ့ ပြန်ကြည့်နေတာလဲ၊ ငါမေးတာမြန်မြန်ဖြေ"

"ဟို…ဟို…ကျွန်မ"

"ဘာကျွန်မလဲ၊ ကျုပ်ကို ဘာတွေလိမ်ညာဟန်ဆောင်ပြီး ပြောဦးမလို့လဲ၊ ကျုပ်မြင်တယ်နော်၊ ဟောဒီမျက်လုံးတွေနဲ့ သေသေချာချာကိုမြင်တာ၊ ကျုပ်ယောကျ်ားကို စကားတွေပြောပြီး ညည်းသွားကြီးတွေဖြဲရယ်နေတာ ကျုပ်မြင်တယ်၊ ညည်းလင်ခိုး မလို့မဟုတ်လား၊ ကျုပ်ယောကျ်ားကို ခိုးချင်လို့ မြူဆွယ်နေတာ မဟုတ်လား"

"မြင့်…မင်းဘာတွေလျှောက်ပြောနေတာလဲ"

"ဟယ်…ကြည့်စမ်း ရှင်က ကျွန်မကို အော်တယ် ဟုတ်လား၊ အမလေး အရပ်ကတို့ရေ သူ့မယားငယ်ကိုပြောလို့ ကျွန်မကိုအော်တယ်တော့၊ အဟီး…ဟီး"

"ဟာကွာ…ဒီမိန်းမ ဒုက္ခပါပဲ"



ဦးသာထွန်းရှိန်တစ်ယောက် အသံပြကြီးနဲ့ အော်ဟစ်ငိုယိုနေတဲ့ ဇနီးဖြစ်သူကြောင့် မျက်နှာပြင်တစ်ခုလုံး နီမြန်းကာ အရှက်ကြီး ရှက်သွားရသည်။

"အန်ကယ်သာ…လုပ်ပါဦး၊ အန်ကယ်သာဇနီးကို ကြည့်ထိန်းပါဦး၊ ဥမ္မာကို ပေါက်ကရတွေစွပ်စွဲနေပြီ"

ဥမ္မာထိုက်က ကြောက်ကြောက်နှင့် အန်ကယ်သာထွန်းရှိန် နောက်ကျောဘက် ဝင်ကွယ်၏။

"ဘာပုန်းနေတာလဲ၊ ကျုပ်ကို ရင်မဆိုင်ရဲဘူးမို့လား၊ မဟုတ်တာလုပ်တာသိလို့ ကြောက်တာလား၊ အစကတည်းက သာထွန်းရှိန်မှာ မိန်းမရှိတယ်ဆိုတာ ညည်းမသိဘူးလား၊ သိသိကြီးနဲ့ သူများယောကျ်ားအနားမှာ ပရောပရီလုပ်ရသလားဟဲ့ ကောင်မရဲ့"

"ဘယ်သူကလုပ်လို့လဲ၊ အလုပ်ကိစ္စဆွေးနွေးနေတာရှင့်၊ စကားကိုကြည့်ပြောပါ"

"အောင်မာ…ကြီးကျယ်လို့ အလုပ်အကြောင်းပြောတာများ အိမ်မှာလာပြောပါလား၊ လမ်းမမှာ နှစ်ယောက်သား တွဲလျှောက်လာပြီး အိမ်နားရောက်ခါနီးမှ ဘာလို့ ရပ်ပြီးပြောနေကြ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ဒါ မရိုးသားတာပဲ၊ ညည်းကို မဟုတ်မဟပ်စကားတွေ ပြောလို့သာ အိမ်ပေါ်မတက်ရတာပေါ့”

ကြည့်စမ်း အရူးပါး။

ဒါမျိုးကြတော့ ချက်ခနဲ တွက်ချက်တတ်သားပဲ။ သူ့ရန်ကို ကြောက်လို့ အိမ်မသွားရဲတာကိုများ သူက ရအောင်ကိုစွပ်စွဲပြောလိုက်သေးသည်။

ဥမ္မာထိုက်က ဒါမျိုးတော့လည်း ခေါင်းငုံ့မခံနိုင်။

အခုကိစ္စက ရိုးရိုးသာမာန် ပြဿနာမှမဟုတ်တာ။

ဂုဏ်သိက္ခာပိုင်းနှင့် သက်ဆိုင်နေတာလေ။ အရူးမရဲ့ လေသံကြောင့် ပတ်ဝန်းကျင်အိမ်တွေက စိတ်ဝင်တစားနဲ့ ထွက်ပြီး စပ်စုနေကြပြီ။ နည်းနည်းမှ သည်းခံပြီး အလျှော့ပေးလို့မဖြစ်တော့ပါ။

“အိမ်ပေါ်ဘယ်တက်ချင်မလဲ ရှင်ကြီးကရူးနေတာကို၊ ရှင့်ရန်ကိုကြောက်လို့ စကားကို လမ်းမှာပဲဖြတ်ဖို့လုပ်တာပေါ့ရှင့်”

“ဘာ…ဘာပြောတယ်၊ ရူးနေတယ်၊ ညည်းက ကျုပ်ကို အရူးမလို့ပြောတာပေါ့လေ ဟုတ်လား”

“ဟုတ်တယ်လေ၊ ရှင့်အကြောင်း ရှင်အသိဆုံးပဲမဟုတ်



လား”

“ကြည့်စမ်း…ကောင်မ ကျုပ်လင်ကိုလည်း ခိုးသေး၊ ကျုပ်ကိုလည်း အရူးမလို့ပြောသေး၊ တွေ့မယ် ညည်းနဲ့ကျုပ် အတွေ့ပဲ ကောင်မ”

ပြောလည်းပြော မျက်လုံးပြူးကြီးတွေနဲ့ ရှေ့ကိုတိုးလာတဲ့ ဒေါ်နွေးနွေးမြင့်။ ရန်ဖြစ်ပြီဆိုတာ သတိထားမိတယ်ဆိုလျှင်ပဲ ဥမ္မာထိုက်ကလည်း လက်ထဲမှာကိုင်ထားတဲ့ထီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အသင့်ပြင်ထားလိုက်သည်။ ကြောက်ကန်ကန်တယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့။ ဥမ္မာထိုက် အလျှော့ပေးဖို့မစဉ်းစားမိ။

“ဟော့…ဟော့ မြင့် တော်စမ်း မင်းစိတ်ကိုထိန်းစမ်း”

“လွှတ်…ရှင်လွှတ်နော်၊ ဒီကောင်မကိုဆုံးမမှဖြစ်မယ်၊ ကျုပ်ကိုစော်ကားနေတာ ရှင်မမြင်ဘူးလား၊ ရှင်က မယားငယ်ဘက်က ပါချင်နေတယ်ပေါ့လေ”

“ဟာကွာ…တောက် ဒီမိန်းမတော့”

“လွှတ်…လွှတ်နော်”

“လွှတ်”

ဦးသာထွန်းရှိန်က ဇနီးသည်ရဲ့လက်တွေကို ဖမ်းချုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာထိုက်ကို မထိနိုက်မိအောင် ကာကွယ်ထားလိုက်သည်။

ပြဿနာက ထင်မထားလောက်အောင် ကြီးထွားသွားတာကို။

နွေးနွေးမြင့်က စိတ္တဇဝေဒနာရှင်ဆိုတာ ဥမ္မာထိုက်လို တစ်ရပ်ကွက်တည်းနေတဲ့သူက မသိဘဲဘယ်နေလိမ့်မလဲ။ ဒါကြောင့်လည်း အလုပ်အကြောင်း စကားပြောနေရင်းနဲ့ အခြေအနေကဆိုးသွားတာမဟုတ်လား။ အဖျိုအရွယ်လေးဆိုတော့လည်း ရှက်ရမ်းရမ်းတော့မှာပေါ့။

သူ့ကို လင်ခိုးမဆိုပြီး အော်ဟစ်ပြောဆိုနေတာကို ဘယ်သူက အပြုံးလေးနဲ့ ရယ်ပြီးနေနိုင်မှာလဲ။ ဥမ္မာထိုက်ကိုလည်း အပြစ်မဆိုနိုင်။ ဒါကြောင့်လည်း လက်ပါချင်နေတဲ့မိန်းကိုပဲ ထိန်းနိုင်ဖို့ ဦးသာထွန်းရှိန် ကြိုးစားနေမိသည်။

"လင်ခိုးမ…လာစမ်း ညည်းလာခဲ့စမ်း၊ နွေးနွေးမြင့်တဲ့၊ တမြင့်တည်းရှိတယ်၊ ကျုပ်အကြောင်းကို ညည်းကောင်းကောင်းကြီး သိသွားစေရမယ်၊ လာစမ်း…ညည်းလာခဲ့စမ်းပါ"

ဦးသာထွန်းရှိန်လက်ကနေလည်း ရအောင်ရုန်းပြီး အော်ဟစ်စိန်ခေါ်နေတဲ့ မိန်းဖြစ်သူကို ရအောင် မနည်းကြီးထိန်းနေ



ရ၏။ အိမ်ထဲဆွဲခေါ်သွားနိုင်ဖို့ပဲ ကြိုးစားနေမိသည်။

"ဥမ္မာ…ညည်းသွားတော့၊ တောင်းပန်တယ်၊ အန်ကယ်တောင်းပန်တယ်၊ ဥမ္မာ"

"အောင်မာ…ရှင်က ဘာတောင်းပန်တာလဲ၊ ရှင့်ကောင်မ စိတ်ဆိုးမှာကြောက်နေတယ်ပေါ့လေ ဟုတ်လား"

"ဟာကွာ…မင်း…မင်း ပါးစပ်ကိုပိတ်ထားစမ်း၊ မဟုတ်တာတွေ လျှောက်မပြောနဲ့"

"ဘာမဟုတ်တာလဲ၊ ဟုတ်တာပြောတာ ရှင်ကဖောက်ပြန်နေတာလေ၊ ဘာလဲ လူတွေသိလို့ ရှင်က ရှက်နေတာလားဟင် ကိုသာထွန်းရှိန်"

"ဟာကွာ…ပြောလေဆိုးလေပါလား၊ ငါ လုပ်ထည့်လိုက်ရ၊ မင်းနာတော့မယ်"

ဦးသာထွန်းရှိန်ရဲ့ လက်တစ်ဖက် အပေါ်မြောက်တက်သွားတော့ ခေါ်နွေးနွေးမြင့် မျက်လုံးတွေ အရောင်ပြောင်းသွား၏။

"အမလေး…ရှင်ကရိုက်မလို့ပေါ့လေ၊ ကျွန်မကို ရိုက်မလို့ပေါ့၊ ရှင့်မယားငယ်ကိုထိလို့ ရိုက်မလို့ပေါ့ ဟုတ်လား၊ အဟီး…ဟီး…ဟီး ရက်စက်ပါပေ့ ကိုသာထွန်းရှိန်ရယ်၊ ကျွန်မ

www.burmeseclassic.com



လင်လည်းအခိုးခံရ၊ အရိုက်လည်း အရိုက်ခံရမယ်ပေါ့၊ အဟီး… ဟီး”

“ဟာကွာ…လာစမ်း မင်းလာစမ်း”

ဦးသာထွန်းရှိန်တစ်ယောက် စိတ်ပျက်စွာပင် ရှယ်ထားတဲ့ လက်ကိုချပြီး ဇနီးဖြစ်သူကိုသာ ဆွဲခေါ်လာခဲ့မိသည်။

“မလိုက်ဘူး၊ မလိုက်ဘူး၊ ဟိုကောင်မကို တစ်ခုခုမလုပ်ရမချင်း ဘယ်မှမသွားဘူး၊ ဒါ ကျုပ်လင်ဟဲ့၊ ကျုပ်လင်ဟဲ့ ကောင်မရဲ့၊ ညည်းသိထားစမ်း လုံးဝမပေးနိုင်ဘူး၊ ညည်း လုံးဝရဖို့စိတ်မကူးနဲ့”

“ပြောနေတဲ့ဟာကို လာစမ်းပါဆိုနေ”

ဦးသာထွန်းရှိန် ဇွတ်အတင်းပင် ဆွဲခေါ်မိသည်၊ ယောကျ်ားအားဆိုတော့လည်း နွေးနွေးမြင့်က ပေကပ်နေပေမယ့် အားကမတန်တာမို့ ဆွဲခေါ်ရာပါလာ၏။

ဥမ္မာထိုက်ကလည်း ကမန်းကတန်းထွက်သွားသည်။

“ဟဲ့…ဟဲ့ကောင်မ ဒါကဘယ်ကိုပြေးတာလဲ၊ လင်နိုး… လာစမ်း…ညည်းလာစမ်း၊ ကျုပ်ခေါ်နေတယ်နော်၊ ခု…လာခဲ့”

ဒေါ်နွေးနွေးမြင့်က အသံကုန်အော်ဟစ်ကာ ခေါ်နေသံကြား



ရသည်။ ဥမ္မာထိုက် လှည့်မကြည့်တော့။ အဲသလိုပြောပြော အရူးလက်မှတ်ကို ကိုင်ထားတဲ့ ဒေါ်နွေးနွေးမြင့်ကို ဥမ္မာထိုက် ရင်မဆိုင်ချင်။

ခုချိန်မှာ ရှောင်ထွက်နေလိုက်ခြင်းက အကောင်းဆုံးမို့သာ ထွက်ခဲ့လိုက်ခြင်းပဲဖြစ်သည်။

နားထဲမှာတော့ ဆဲဆိုသံတွေက စုံအောင်ကြားနေရဆဲ။

ရှက်လိုက်တာ။ ဥမ္မာထိုက် ခေါင်းပင်မဖော်ရဲတော့။

ပတ်ဝန်းကျင်မှာ သူမဘာယ်လောက်ပဲ မှန်နေနေ အခုလို အရှက်တကွဲဖြစ်ရခြင်းအတွက်တော့ ခါးသီးစွာ ခံရခက်လှသည်။

ဒေါ်နွေးနွေးမြင့်က အရူးဆိုတာ လူတိုင်းကသိနေတာပါပဲ။ ဥမ္မာထိုက်ကလည်း နိုင်ငံခြားအလုပ် ရှာဖွေရေးကုမ္ပဏီတစ်ခုက ဝန်ထမ်းတစ်ယောက်ဆိုတာ လူတိုင်းကသိသည်။ ဒီတော့ အလုပ်အကြောင်း ဆွေးနွေးတယ်ဆိုတာ ပတ်ဝန်းကျင်က နားလည်လက်ခံနိုင်ပေမယ့် ဒေါ်နွေးနွေးမြင့်ဆိုတဲ့ စိတ္တဇဝေဒနာရှင်ရဲ့ လုပ်ရပ်ကြောင့် လူစိတ်ဝင်စားစရာဖြစ်ပြီး ရယ်စရာဟာသတစ်ခုလို ဖြစ်ခဲ့ရ၏။

တော်တော်ဆိုးတဲ့ မိန်းမကြီး။

ဘယ်အချိန်ကတည်းကများ စောင့်ကြည့်နေသလဲမသိ၊

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အနားကိုရောက်ရှိလာတာမှာ ဒေါနဲ့မောနဲ့ ရှူးရှူးရှားရှား

မြင်လိုက်ရတာ လူပင် မျက်ဖြူလန်လောက်စရာ

တော်သေးတာက အန်ကယ်ဦးသာထွန်းရှိန် ဆွဲခေါ်သွားပေလို့ပဲ။

မဟုတ်ပါက သူမကို ရှုံ့မူတော့မယ့်မာန်က အပြည့်နှင့်

ပါ။

ဟိုကစလို့သာ ကိုယ့်ဘက်က အသင့်ပြင်ရတာ ကြောက်

တော့ကြောက်မိသားပဲ။ အပျိုအရွယ်လေးမဟုတ်လား။ လမ်းသော

နယ်းဖက်လုံးရဲဖို့ဆိုတဲ့ သတ္တိက ဥမ္မာထိုက်မရှိ။

ရှက်လိုက်တာ။ ငိုတောင်ငိုမိသည့်အထိပါပဲ။

အန်ကယ်သာထွန်းရှိန် မေးမြန်းစုံစမ်းခိုင်းလို့သာ အလုပ်

ကိစ္စနဲ့ ပတ်သက်ပြီး သူမရှင်းပြနေတာ။ အခုလို အရေးကိစ္စနဲ့ကြုံ

ပြန်တော့ ကြောက်စိတ်အပြင် ဝမ်းနည်းစိတ်ပါ ဝင်သွားရ၏။

တစ်ခါမှ အခုလိုအဖြစ်ဆိုးမျိုး မကြုံတွေ့ခဲ့ရဖူးတာကို

အရှုးပါးကြီး။ သူလင်အစိုးခံရမှာတော့ စိုးရိမ်တတ်သားပဲ။

ဒါလား ရူးတာ။

အလကားမိန်းမကြီး။

အနေအစားချောင်အောင် ရူးချင်ဟန်ဆောင်နေတာပဲဖြစ်

[redacted]



ည်။

တောက်...။

တွေးမိလေ ဒေါသဖြစ်ချင်ချင်လေပါပဲ။

□ □ □

[redacted]

www.burmeseclassic.com

## အခန်း (၅)

လမ်းထိပ်မှာကတည်းက အမေ့ရဲ့ပြဿနာကို နွေးထွေး ရှိန်း သိရပြီးပါပြီ။ အိမ်လေးပေါ်တက်လိုက်တယ်ဆိုလျှင်ပဲ အမေ့ရဲ့ ငုန်းဒိုင်းကျဲသောင်းကျန်းနေတဲ့ အသံတွေကို ကြားနေရ၏။ အဖေကတော့ အိမ်ရှေ့တွင် စိတ်ပျက်လက်ပျက်နှင့် တစ်ယောက်တည်း ထိုင်နေသည်။

အဖေက အခန်းထဲထည့်ကာ အမေ့ကို အပြင်ကနေ သော့ခတ်ထားသည်။ အထဲကနေ အမေ့ရဲ့ အော်ဟစ်သံတွေ ကြားနေရ၏။ စိတ်ထဲ မအေးချမ်းနိုင်ပါ။ စာမေးချင်လို့ ခဏလေးပဲထွက်သွားတာ ပြန်လာတော့ အိမ်မှာက ပြဿနာတက်နေပြီမို့လား။

ရှိန်းမျက်နှာလေး ပျက်နေရ၏။



အမေရူးဖြစ်တဲ့အကြောင်းက လမ်းထဲမှာ ရယ်စရာဟာသတစ်ခုလို ပျံ့လွင့်နေသည်။ အိမ်မှာနေတဲ့သူတွေတောင်မက ပတ်ဝန်းကျင်ပါ ရှိတ်ခတ်နေခြင်းကတော့ ဘယ်လိုမှ အခြေအနေက မကောင်း။ ရှက်စရာလွန်းလှသည်။ ဥမ္မာထိုက်ဆိုတဲ့ အစ်မက ပြဿနာသိပ်မဟုတ်ပေမယ့် သူ့အစ်ကိုနှစ်ယောက်က စရှိတဲ့သူတွေ။

ရန်ပွဲတစ်ခုဖြစ်လျှင် ထိုနှစ်ယောက်က ထိပ်ဆုံးကပါနေတတ်သည်။ အမေက ဘာကြီးပဲဖြစ်နေဖြစ်နေ ဟိုက နားလည်နိုင်လွှတ်မှာမဟုတ်။ သူညီမကို ထိပါးလို့ ရန်လာရှာလျှင် ခက်ရချည်ရဲ့။

"အဖေ"

"လာ…သမီး၊ သမီးကို အဖေပြောစရာရှိလို့ စောင့်နေတာ"

အဖေ့လေသံက အေးဆေးပဲ။

အခန်းတံခါးဖွင့်ပေးဖို့ တောင်းဆိုနေတဲ့ အမေ့အသံကို ဂရုမစိုက်စွာပင် ဖျောက်ထားသည်။

ရှိန်း အဖေ့ဆီသွားကာ အနားတွင် ဝင်ထိုင်လိုက်၏။

"အဖေ…အလုပ်သွားလုပ်တော့မယ် သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဟင်။

အလုပ်သွားလုပ်တော့မယ်တဲ့။

အခုလည်း အမေ့မှာ အလုပ်ရှိနေတာပဲမဟုတ်ဘူးလား။

"အမေ အားလုံးအဆင်ပြေသွားပြီ ရှိန်း၊ ငွေတွေလည်း သွားပြီလို့ လုပ်သွားရဖို့ကျန်တော့တယ်"

"အမေ"

"ဒီမှာ အလုပ်လုပ်တာ နေရစားရတာ အဆင်ပြေပေမယ့် သမီးဘဝရှေ့ရေးအတွက် ရှိသေးတယ်လေ၊ ဒါကြောင့် အမေ ဆုံးဖြတ်ချက်ချခဲ့တာ၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး အမေ ငွေရ မယ်ရှိန်း၊ ငွေလွှဲကိုတော့ သမီးနာမည်နဲ့ပဲ အမေလွှဲပေးမယ်"

"အမေ...ဒါ...ဒါဆို...အမေက"

"ဟုတ်တယ် ရှိန်း၊ ဥမ္မာထိုက်တို့ကုမ္ပဏီနဲ့ ဆက်သွယ်ပြီး အလုပ်သွားလုပ်တော့မလို့ အမေစီစဉ်ထားတာ၊ အခု အားလုံး ပြီးစီးသလောက်ရှိသွားပြီ၊ နောက်တစ်ပတ် အမေသွားရတော့မယ် သမီး"

"ရှိန်း...ရှိန်းလည်း ဘာမှမသိရပါလား အမေ"

"အသိမပေးဘူးဆိုတာ သမီးတားမှာစိုးလို့ပါ၊ ငွေသွင်းဖို့





ပိုက်ဆံမရှိလို့ ဒီအိမ်ဂရန်ကို အမေပေါင်ထားတယ်ရှိန်း၊ ဒါပေမယ့် သမီးစိတ်မပူပါနဲ့၊ အလုပ်ဝင်ပြီး လစာရတာနဲ့ သမီးကိုလွှဲပေးမှာ ပါ၊ အမေပေးတဲ့ပိုက်ဆံထဲက အိမ်သုံးစရိတ်ကို သမီးဖယ်ပြီး ကျန်တာကို အကြွေးဖွဲ့ဆပ်ပါ ရှိန်း၊ အကြွေးတွေကျေရင် သမီး နာမည်နဲ့ ဘဏ်မှာငွေစုထားပြီးမှ ဒီအိမ်ကိုရောင်းပြီး တိုက်ခန်းတစ်ခု ခု ဝယ်ကြတာပေါ့၊ သမီးအမေကို ဦးဆောင်နိုင်းချင်ပေမယ့် သမီးသိ တဲ့အတိုင်းပဲလေ၊ သမီးအမေရဲ့ အခြေအနေက ဘယ်လိုမှ အားကိုး အားထားလုပ်လို့ရမှာမဟုတ်ဘူး၊ ဒါကြောင့် သမီးကို အမေ သေချာ မှာနေတာ"

ရှိန်း အမေနိုင်ငံခြားမှာ အလုပ်သွားလုပ်တော့မယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတယ်ဆိုလျှင်ပဲ ခန္ဓာကိုယ်တစ်ခုလုံးတွင်ရှိ သော အားအင်တွေ ဝုန်းခနဲပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

အိမ်မှာ အမေ့ကိုထိန်းဖို့ ရှိန်းအပြင် အမေရှိနေတာ အကောင်းဆုံးမဟုတ်လား။ နိုင်ငံခြားမှာ အလုပ်သွားလုပ်လျှင် ရှိန်းနဲ့ အမေပဲ ကျန်ခဲ့တော့မည်။ ပြီးတော့ ရှိန်း အခုဆယ်တန်းဖြေဖို့ ကျောင်းတက်နေချိန်လေ။ အမေသွားလုပ်တာကို အားပေးချင်ပေ မယ့် အခုချိန်လို အခါမျိုးမှာတော့ မဟုတ်ပါ။

www.burmeseclassic.com



"အခွင့်အရေးဆိုတာ ရှားရှားပါးပါးမှ ရတာမို့ပါ သမီးရယ်၊ ဟိုမှာက အလုပ်သမားလိုနေတာဆိုတော့"

"ရှိန်း နားလည်ပါတယ်"

သွားမယ်လို့ ဆုံးဖြတ်ပြီးတဲ့ အမေ့ကို တားဆီးဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တော့တာ။ ပြီးတော့ အဖေသွားမယ်ဆိုတာကလည်း ရှိန်းရဲ့အနာဂတ်အတွက်ပဲ။ ဒီမှာက သာမန်ဝန်ထမ်းနေရာလေးမှာ ဆိုတော့ လစာက သိပ်မှမရတာပဲလေ။ ကုမ္ပဏီမှာ အဖေလုပ်ရတဲ့ အလုပ်က အောက်ခြေအဆင့်ပဲရှိသည်။ လစာက ထမင်းစားရုံပဲ။ တစ်ခါတလေ အမေ့ရဲ့ဆေးဖိုးလိုလျှင် ငွေတိုးတွေ မတန်တဆယေး ပြီးချေးရပြီ။

တော်သေးတာက အမေအရင်ကလောက် စိတ်မဖောက် ဘဲ ငြိမ်နေလို့သာပဲ။ အမေ တအားသောင်းကျန်းလျှင် အမေ့ကို စိတ်ကျန်းမာရေးဆေးရုံကို ပို့ရပြီ။ ဒါတွေကြောင့်လည်း အဖေ အခုလို စွန့်စွန့်စားစားထွက်ဖို့ စဉ်းစားဆုံးဖြတ်လိုက်တယ်ထင်ပါရဲ့။

"မဥမ္မာထိုက်တို့ကုမ္ပဏီနဲ့ ချိတ်ထားတာလား အဖေ"

"ဟုတ်တယ် သမီး၊ ဒါကြောင့် ဒီနေ့ သမီးအမေနဲ့ ပြဿနာတွေ တက်ကုန်တာပေါ့၊ အလုပ်အကြောင်း စကားပြော တုန်း သမီးအမေတွေ့သွားပြီး ရန်တွေ့တာလေ၊ အားတော့အားနာ ရောပဲ၊ ဥမ္မာထိုက်က အကြောင်းသိနေတဲ့သူမို့သာ တော်သွား တယ်"

"အဖေသွားရင်တော့ အမေနဲ့သမီးတော့ ဒုက္ခပါပဲအဖေ ရယ်"

အဖေ ငြိမ်ကျသွားသည်။

အမေ့အကြောင်းကို သိနေတာမဟုတ်လား။

ရှိန်း ဘာတွေစိုးရိမ်အားငယ်နေသလဲဆိုတာ အဖေ ရိပ်မိပုံ ရပါသည်။

သို့ပေမယ့် ဒါတွေကို တွေးကြောက်ပြီး တွေဝေနေလို့လဲ ဖြစ်မှမဖြစ်တာပဲလေ။ ဘဝဆိုတာ တိုက်ပွဲတစ်ခုပဲလို့ အဖေက အမြဲသတိမှတ်နေတဲ့သူ မဟုတ်လား။ ဆင်းရဲခြင်းဆိုတဲ့ ရွံ့နွံမှ ကို အဖေ ခံစားနေရတာ အဖေ ဘယ်လိုမှ လက်မခံချင်ဘူးဆိုတာ ရှိန်း သိသားပဲဟာ။

ဒီတော့ ရှိန်း ဘာကိုမှ ဆက်မပြောလိုတော့။

အဖေက အကောင်းဆုံးပဲလို့ထင်ပြီး လုပ်ခဲ့သမျှ ရှိန်း ခေါင်းညိတ်ရုံသာရှိသည်။

www.burmeseclassic.com



"ကိုသာထွန်းရှိန်ရေ…တံခါးလာဖွင့်ပေးပါ၊ ကျွပ်တောင်းပန်ပါတယ်၊ ကျွပ်ကို တံခါးလာဖွင့်ပေးပါတော်၊ ကျွပ် အပြင်ထွက်ချင်တယ် ကိုသာထွန်းရှိန်၊ ကိုသာထွန်းရှိန် အား…ဟား…အား"

အော်သံက စူးခနဲထွက်လာ၏။

ရှိန်း မေမေ့ကို တံခါးထည့်ပိတ်ထားသော အခန်းလေးကို ကြည့်ပြီး မျက်ရည်တွေပင် စီးကျလာရသည်။

"ဝုန်း"

"ဒုန်း"

အခန်းတံခါးကို တဝုန်းဝုန်းထုရိုက်နေ၏။

"မပြောတော့ပါဘူး၊ ကျွပ်တာမှမပြောတော့ပါဘူး။ ကတိပေးပါတယ်ရှင်၊ တံခါးလာဖွင့်ပေးပါ၊ အီးဟီး…ဟီး"

ငိုသံကြီးနဲ့ တောင်းပန်နေတဲ့အမေ။ အခုတလော စိတ်ကပြန်ဖောက်ချင်နေသည်။

ဆေးနေ့တိုင်းတိုက်တာပဲ။ အမေက မသောက်တဲ့ လွှင့်ပစ်တတ်၏။ အဖေတိုက်လျှင်သောက်သေးသည်။ ရှိန်းဆိုလျှင် အမေက အနိုင်ကျင့်လို့ရတယ်ဆိုပြီး လုံးဝမသောက်ချေ။

ငါ မရှူးဘူး။



အလကားနေ ဒီဆေးတွေလာတိုက်မနေနဲ့ဆိုပြီး ပဒိန်းဟောက်တာဘာ ရှိသေးသည်။ စိတ်မထင်လျှင် ရှိန်းကို ရိုက်သေး၏။ ဘယ်သူဆွဲလို့မှမရတာတဲ့။ စိတ်ထင်တိုင်း ရိုက်သမျှ ရှိန်းခေါင်းငုံ့ခံရသည်။ သူစိတ်ကျေနပ်လောက်တော့မှ ငြိမ်သွားတတ်တဲ့ အမေနဲ့ ရှိန်း နှစ်ယောက်တည်းကျန်နေခဲ့ရတော့မှာမို့ ရှိန်းကြောက်ရွံ့နေမိသည်။

"ကိုသာထွန်းရှိန်"

"ကိုသာထွန်းရှိန်…ရှင်ရှိနေရဲ့လား၊ ကျွပ်ကို အသံပေးစမ်း၊ ရှင့်အကြောင်းသိတယ်နော် ဟိုကောင်မဆီ ရှင်ခိုးပြီးသွားချင်လို့ တံခါးသော့ခတ်ပြီး ကျွပ်ကိုပိတ်ထားတာမဟုတ်လား၊ ဖွင့်အခုချက်ချင်းတံခါးလာဖွင့်ပေးစမ်း"

"ဒုန်း…ဒုန်း"

"ဝုန်း"

စောစောက ငိုယိုတောင်းပန်နေတဲ့ မေမေ့အသံက အခုတော့ မာဆတ်ပြတ်တောက်လို့။ စိုးရိမ်ပူပန်ခြင်းတွေရော၊ သံသယစိတ်တွေပါ ရောယှက်ကာ ဒေါသဘက်သို့ အသွင်ကူးပြောင်းချင်နေသည်။

www.burmeseclassic.com



ရှိန်း စိတ်ပူလာရ၏။

မေမေ သောင်းကျန်းလျှင် သူမ သေလောက်အောင် ကြောက်သည်။ ဖေဖေ့ကို ရန်မပြုရဲသမျှ ရှိန်းကိုတော့ မေမေက လုံးအေလွှတ်မပေးတတ်ခဲ့ဘူးမဟုတ်လား။

ဒီတော့ ရှိန်း စိုးရိမ်တာလည်းမလွန်ဘူးပေါ့။

"သာတွန်.ရှိန်"

"ဟော့···ဘာလို့အော်နေတာလဲ၊ ငါရှိတယ်၊ ဘယ်မှ မသွားဘူး၊ မင်းပါးစပ်ပိတ်ထား"

ဖေဖေ့အော်သံကြားတော့ အခန်းထဲက မေမေ့အသံတီခဲ့ တိတ်တာ ငြိမ်သွား၏။

ဖေဖေအိမ်မှာရှိနေလို့ နည်းနည်းစိတ်ပူတာ လျော့သွားပုံ ပင်။ မေမေက ဖေဖေ့ကို အရှမ်းချစ်တာလေ။ ဟိုးအရင်ကတည်း က စိတ်မချတတ်။

အခုလို စိတ်မမှန်တော့ အမှားအမှန်ဆိုတာကိုပင် မခွဲခြား ဘဲ စိတ်က တစ်ဖက်စွန်းပိုပြီးရောက်နေတတ်တော့တာပေါ့။

"ရှိန်း"

"ရှင်···အဖေ"



"အဖေသွားရင် အငယ်ကောင်က အိမ်မှာလာနေပေးမယ် တဲ့"

အငယ်ကောင်ဆိုတာ အဖေ့ရဲ့ညီအငယ်ဆုံးဖြစ်ပြီး ရှိန်းရဲ့ ဦးလေးဖြစ်သည်။ သူက အသက်လေးဆယ်ကျော် လူပျိုကြီး။ ဘာအလုပ်မှမရှိ ဒီအချိန်ထိ အိမ်မထွေ၊ အစ်ကိုတွေဆီ မှီခိုစား သောက်ပြီး အသက်ရှင်သန်နေသူ။

ဘာပဲပြောပြော အိမ်စောင့်တစ်ယောက် အဖော်ရှိနေပေး မယ်ဆိုတော့လည်း ရှိန်းအတွက်တော့ မဆိုးပါဘူး။ ခက်တာက ရှိန်းတို့မိသားစုသုံးယောက် စားဝတ်နေရေးပင် မနည်းရုန်းကန်နေရ တာ။ အဖေသွားလို့ ချက်ချင်းအခြေအနေပြောင်းရင်တော့ကောင်းသား။ မဟုတ်ပါက ရှိန်းတို့သားအမိပင် ထမင်းနပ်မှန်အောင် မနည်းအခြေ ရှာရမည့်အရေးမှာ လူပိုတစ်ယောက်ရှိလာခြင်းက အင်မတန်မှပင် ဖန်လေးလွန်းလှသည်။

"ဘာပဲပြောပြော အငယ်ကောင်ရှိတော့ သမီးလည်း အဖော်ရတာပေါ့ကွယ်၊ အဖေပြောထားပြီးပြီ၊ သူလာနေပေးမယ်တဲ့၊ ဒါမှ အဖေလည်း စိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်သွားလုပ်နိုင်မှာပေါ့"

"အဖေ့အစီအစဉ် ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှိန်း လေသံခပ်တိုးတိုးနှင့်ပင် ထောက်ခံမိသည်။

"ကဲ...သမီး ညစာစားကြရအောင်၊ သမီးအမေကို တံခါးသွားဖွင့်ပေးလိုက်ဦးမယ်၊ ထမင်းပွဲပြင်ထားလိုက်ပော့"

"ဟုတ်"

ရှိန်း ခေါင်းလေးညိတ်ပြီး ဖေဖေ့အနားကနေ လေးလံ ထိုင်းမှိုင်းသော ခြေလှမ်းတွေနှင့် ထွက်လာခဲ့လိုက်သည်။

မျက်ဝန်းအိမ်မှ ဝမ်းနည်းစွာ စီးဆင်းလာသည့် မျက်ရည်တို့က ရှိန်းရဲ့ ပါးပြင်လေးနှစ်ဖက်မှာ ရွှဲနစ်လို့။ အဖေကတော့ မမြင်ပါ။ ရှိန်းကလည်း ဖေဖေမမြင်အောင်ဘဲ ကွယ်ဝှက်ခဲ့တာကို။

ညစာအတွက် ပြင်ဆင်ပေးဖို့သာ မီးဖိုခန်းလေးဆီ ထွက်လာခဲ့တာ။ စိတ်ထဲမှာတော့ ထမင်းစားချင်စိတ်ဝင် တစ်စက်ကလေး မှမရှိ။

အဖေက အမေ့အခန်းတံခါးသော့ကို ထဖွင့်ပေးသည်။

"အတီး...ပီး ကိုသာထွန်းရှိန်"

"ထမင်းစားမယ် လာခဲ့"

"ဟုတ်...ဟုတ်ကဲ့၊ အဟဲ...ဟဲ"

တံခါးဖွင့်ပေးတဲ့ယောကျ်ားကို မျက်နှာချိုသွေးရယ်ပြနေ



သော အမေ့အသံကို ရှိန်း ကြားရ၏။

အမေ မသောင်းကျန်းတော့ဘူးလေ။

အမေ့ကိုကြောက်တာကို။

အမေ့ကိုကြည့်ပြီး ရှိန်း ပို၍ပင် ငိုချင်သွားရသည်။

အမေသာ နိုင်ငံခြားမှာ အလုပ်သွားလုပ်ကော့မယ်ဆိုတာ သာသိလျှင် အခုလိုမျိုး အေးချမ်းစွာနဲ့နေပါ့မလား။ အတွေးကြောင့် ရှိန်းရင်တွေ ပူလောင်ကာ ဆို့နင့်လာရ၏။

"ရှိန်းရော...မစားသေးဘူးလား"

စားပွဲမှာ ထမင်းပန်းကန်နှစ်ချပ်ပဲ မြင်တော့ အမေက မေးသည်။

"ဟုတ်...နောက်မှပဲစားတော့မယ်"

ဒီလောက်သာပြောပြီး ရှိန်း အခန်းလေးထဲဝင်ခဲ့လိုက်၏။ အမေတို့...ခန်းကို ရှင်းရဦးမယ်လေ။ အမေ စောစောက အခန်း တံခါးထည့်ပိတ်ခြင်း ခံရလို့ ပစ္စည်းတွေဖွပြီး သောင်းကျန်းထား တာ မဟုတ်လား။

ရှိန်း ဖေဖေတို့အခန်းထဲဝင်ပြီး ရှင်းလင်းနေလိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အန်တီသီ"

ခေါ်သံ ... စူးအီအီလေးကြောင့် ဖျတ်ခနဲ မော့ကြည့်လိုက်သူက ဒေါ်သီတဂူ။

"ဟယ် ... စူး ... စူးလက်မဟုတ်လား"

"ဟင်း ... ဟင်း ကြည့်စမ်း အန်တီသီက မှတ်မိသားပဲ ဟုတ်ပါတယ် စူးလက်မှ စူးလက်အစစ် အန်တီသီရဲ့"

"အမလေး ... နိုင်ငံခြားမှာ ပညာသွားသင်လို့လားမသိဘူး ကြည့်စမ်းပါဦး တကယ့်နိုင်ငံခြားသူကြီးကျနေတာပဲ စူးလက်ရယ်၊ ထွားလာလိုက်တာ၊ အန်တီသီတောင် မျက်နှာကို သေချာမှတ်မိနေလို့တော်တော့တယ်၊ တကယ်ပဲကွယ် ခန္ဓာကိုယ်တောင်



ထင်းပြီး ထွားလိုက်တာ၊ ဒီကသွားတုန်းက ပိန်ရှည်ရှည်မော်ဒယ် ခန္ဓာကိုယ်လေးက ပျောက်သွားတာကို"

"ဟုတ်တယ် အန်တီသီရေ၊ ဝလာတာ စူးလက်လည်းသိတယ်၊ ဒါကြောင့် အစားလျှော့စားပြီး ဝိတ်ပြန်လျှော့နေတာလေ"

"ဝပေမယ့် စူးလက်က ကြည့်လို့ပိုကောင်းသွားတယ်၊ အရပ်မြင့်တာကိုး၊ ပိုလှလာတယ် စူးလက်၊ လာ ထိုင်လေ တစ်ယောက်တည်းပဲလား အမေတို့မပါဘူးလား စူးလက်"

"မပါဘူး အန်တီသီ၊ စူးလက်တစ်ယောက်တည်း မြန်မာပြည် ခဏပြန်လာတာ၊ အန်တီခမ်းတို့အိမ်မှာ တည်းတယ်လေ"

"ဪ"

ဒေါ်သီတဂူတစ်ယောက် စူးလက်ဆိုတဲ့ ကောင်မလေးရဲ့ ကောင်းတွေကို သေချာနားထောင်ရင်း ခေါင်းပဲတဆတ်ဆတ်ညိတ်နေမိသည်။ ဒေါ်သီတဂူ နှုတ်ခမ်းအိအိလေးမှာတော့ အပြုံးသန်းလေးတွေက ပြည့်လို့။

"ရော့ ... အန်တီသီ၊ ဒါက အန်တီသီ့အတွက် လက်ဆောင်"

"ဟယ် ... လက်ကိုင်အိတ်လေးက လှလိုက်တာ စူးလက်

www.burmeseclassic.com



ရယ်"

"အမလေး…တော်ပါသေးရဲ့၊ စုးလက်မှာ ရွေးဝယ်လာပြီး အန်တီသီမှ ဒီလိုဒီဇိုင်းမျိုး ကြိုက်ပါ့မလားဆိုပြီး စိတ်ပူနေတာ"

"ကြိုက်ပါတယ် စုးလက်ရဲ့၊ အန်တီသီက သမင်မွေးရောင် လက်ကိုင်အိတ်တွေဆို အရမ်းကြိုက်တာ၊ လှတယ် လှတယ် ကျေးဇူးပဲ စုးလက်"

"ဟင်း…ဟင်း"

ဒီတော့မှ စုးလက်မှာ အသံလေးထွက်ကာပင် ရယ်နိုင်တော့သည်။

အန်တီသီ။

စုးလက်တို့နဲ့ ခြံချင်းကပ်ပြောင်းလာတဲ့ အန်တီသီကို စုးလက် တအားခင်သည်။ ပြီးတော့ ကိုကို့။ အန်တီသီရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကိုကိုမင်းယောကျ်ား။ ခြံချင်းကပ်တွေမို့ စုးလက်နဲ့ ကိုကိုက ဟိုးငယ်ငယ်လေးကတည်းက ရင်းနှီးခင်မင်ကာ တကယ့်မောင်နှမအရင်းအချာတွေလို ခင်တွယ်ခဲ့ကြသည်။

စုးလက် ဆယ်တန်းအောင်တော့ ဖေဖေက လှမ်းခေါ်။ နိုင်ငံခြားမှာ ကျောင်းလာတက်တဲ့လေ။ စုးလက် မသွားချင်ပေမယ့်



နေလို့မရခဲ့ပါ။ ဖေဖေစီမံသည့်အတိုင်းပင် သွားခဲ့ရသည်။

စုးလက်စိတ်တွေက မြန်မာနိုင်ငံမှာပဲ ရှိနေခဲ့၏။

သံယောဇဉ်ကြိုးတစ်ချောင်းက စုးလက်ရင်ကို တိုးဝင်ကာ နှလုံးသားတစ်ခုလုံး လှုပ်မရအောင် ရစ်ပတ်ထားသည်။

အဲဒါ မင်းယောကျ်ားဆိုတဲ့ လူတစ်ယောက်ရဲ့ နှောင်ကြိုးတွေပဲပေါ့။ စုးလက်တို့နေထိုင်တဲ့ တိုက်ကို အပြီးတိုင်ရောင်းပြီး တစ်မိသားစုလုံး နိုင်ငံခြားသို့ ပြောင်းရွှေ့ခဲ့ကြသည်။ စုးလက်လည်း လိုက်ပါသွားရ၏။ သို့ပေမယ့် စုးလက် လုံးဝမပျော်ရွှင်ခဲ့ပါ။ ကိုကို့နဲ့ တရင်းတနှီး သွားလာနေခဲ့ရတဲ့ နေ့ရက်တွေ အဆုံးသတ်ရတော့မှာပါလားဆိုတဲ့ အတွေးလေးနဲ့ပင် ဝမ်းနည်းကြေကွဲခဲ့ရသည်။

ကျောင်းပိတ်လို့ အချိန်လေးအားတာနှင့် ဖေဖေနဲ့မေမေကို အတင်းပူဆာပြီး မြန်မာနိုင်ငံကို ပြန်လာခဲ့လိုက်သည်။ အလည်အပတ်သဘောနှင့်ပေါ့။ အရမ်းလွမ်းနေတာလေ။ ကိုကို့ကို သူမတအားသတိတွေရနေတာပါ။

စုးလက်စိတ်တွေ အပြောင်းလဲကြီး ပြောင်းလဲနေပြီ။ ဒါကို စုးလက်ကိုယ်တိုင်လည်း သတိထားမိ၏။ ကိုကိုက ညီမလေးတစ်ယောက်လို သဘောထားပြီး စုးလက်ကို ခင်တွယ်နေပေမယ့်

www.burmeseclassic.com



စူးလက်ရဲ့စိတ်ထဲမှာတော့ အရင်လို အဖြူထည်သက်သက်မဟုတ်တော့ပါ။

ချစ်နေခဲ့တာလေ။

တစ်ဖက်သတ် တိတ်တိတ်လေးကြိတ်ချစ်နေတာ။

ရင်မှာထင်ရှိနေတဲ့ သံယောဇဉ်တွေနဲ့ မြန်မာနိုင်ငံကို ရောက်လာခဲ့တာပေါ့။

"စူးလက်"

"ဟင်…အဲ ရှင် အန်တီသီ"

"ဘာတွေအတွေးလွန်နေတာလဲ၊ အန်တီသီမေးနေတာ မကြားဘူးလားဟင် စူးလက်"

"အဲ…ဟို ဘာရယ်မဟုတ်ပါဘူး အန်တီသီရယ်၊ ဒီလိုပါပဲ၊ ဒါနဲ့ အန်တီသီ ဘာမေးလိုက်တာလဲဟင်"

"ခမ်းခမ်းတို့အိမ်မှာ တည်းနိုရတာ အဆင်ပြေရဲ့လားလို့ မေးတာ"

"အင်း…ပြောရရင်တော့ သိပ်အဆင်မပြေဘူးပေါ့ အန်တီသီရယ်၊ အိမ်ထောင်ကွဲတွေ ရှိလာပြီမဟုတ်လား၊ လူများတာပေါ့"



"ဒါဆိုလည်း ဒီမှာပဲလာတည်းပါလား စူးလက်ရယ်"

"ရှင်"

စူးလက်မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

"အန်တီသီတို့တိုက်မှာလည်း သားအမိနှစ်ယောက်နဲ့ အလုပ်သမားကောင်မလေးနှစ်ယောက်ပဲရှိတာ၊ အပေါ်ထပ်မှာဆို အခန်းလွတ်နှစ်ခန်းတောင်ရှိသေးတယ်၊ စူးလက် ဟိုမှာနေတာ အဆင်မပြေဘူးဆိုရင် ခမ်းခမ်းဆီမှာ ခွင့်တောင်းပြီး ပြောင်းလာခဲ့ပါလား"

"တကယ်…တကယ်လား အန်တီသီ"

"တကယ်ပေါ့ စူးလက်ရဲ့"

"ဒါဆိုလည်း စူးလက်ပြောင်းလာခဲ့မယ်လေ အန်တီသီ၊ စူးလက်တောင် အစကတည်းက စဉ်းစားနေတာ၊ (Hotel) မှာ ပြောင်းတည်းရင် ကောင်းမလားလို့၊ ခွင့်ရတာမှ တစ်လပဲရှိတာလေ၊ မျက်စိရှင်းရှင်းနဲ့ စိတ်အေးအေးပဲနေချင်တယ် အန်တီသီရယ်၊ အန်တီခမ်းတို့အိမ်ပဲ လာခဲ့မယ်လို့ပြောထားတဲ့စကားကြောင့်သာ ကြိတ်မှိတ်နေခဲ့တာ၊ အန်တီခမ်းအိမ်မှာ ချွေးမတွေ၊ သမက်တွေ၊ ကလေးသေးသေးလေးတွေနဲ့ မသိရင် ရထားဘူတာထဲရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသလိုပဲ၊ စူးလက်ကိုတော့ လှိုလေသေးမရှိထားပါတယ်၊ ဒါပေမယ့် နားငြီးလွန်းလို့ မနေချင်ဘူး"

"အမလေး…(Hotel)တော့သွားမနေပါနဲ့၊ နေ့စဉ် ဖရိုတ်တွေကုန်ပါတယ်၊ အန်တီသီတို့ဆီမှာပဲ လာတည်း စူးလက်"

"ဟုတ်ကဲ့ အန်တီသီ၊ ကျေးဇူးပါပဲ၊ ဒါနဲ့ ကိုကိုရောဟင်၊ ကိုကိုဘယ်သွားလဲ"

"သမီးကိုကိုက ကုမ္ပဏီမှာလေ၊ ညနေစောင်းမှပြန်လာမှာ"

"ဟုတ်သားပဲ"

စူးလက်မျက်နှာလေးမှာ အပြုံးနုနုလေးတွေနှင့် စီးမျောနေခဲ့၏။ သူမ တမင်ငြီးပြလိုက်တာလေ။ အန်တီခမ်းတို့အိမ်မှာနေရတာ လုံးဝအဆင်မပြေတဲ့ဟန် သရုပ်ဆောင်ပြလိုက်တာပါ။

စူးလက်ရဲ့ တွက်ကိန်းမှန်သွားတယ်ပြောရမလား။ အန်တီသီက သူ့အိမ်မှာပြောင်းတည်းဖို့ ဖိတ်ခေါ်နေ၏။ စူးလက် ကြိတ်ပြီးဝမ်းသာနေမိသည်။

ကိုကိုနဲ့ တစ်မိုးအောက်တည်းမှာ အတူတူနေခွင့်ရတော့မှာလေ။ အဲဒီဆုလာဒ်လောက် တန်ဖိုးကြီးတာ ဘာရှိတော့မလဲ။



စူးလက် အဖြစ်ချင်ဆုံးဆန္ဒက ပြည့်ဝရပါပြီ။

"ဒါဆို…စူးလက် အိမ်ပြန်တော့မယ် အန်တီသီ"

"ဟဲ့…အခုလေးတင်မှ ရောက်တဲ့ဟာကို၊ ပြန်တော့မလို့လား စူးလက်ရဲ့၊ နေပါဦး"

"ညနေကျရင် တစ်ခါတည်း ပစ္စည်းတွေသိမ်းဆည်းပြီး ဒီကိုလာတော့မယ့်ဟာပဲ အန်တီသီရယ်၊ ပြီးတော့ စူးလက်ကို ရုတ်တရက်တွေ့လိုက်ရင် ကိုကို အံ့သြသွားအောင်လို့ပါ၊ မတွေ့တာ နှစ်နှစ်ဝေါင်ရှိနေပြီမဟုတ်လား၊ တွေ့ရင် မှတ်မိဦးမလား သိချင်လို့"

"အမလေး…မှတ်မိမှာပါ စူးလက်ရယ်၊ သမီးကိုကိုက အခုချိန်ထိ သမီးငယ်ငယ်ကအကြောင်းတွေ ပြောပြောပြီး သတိတရရှိနေတဲ့ဟာကို သေချာတယ် မှတ်မိမှာ၊ အဟင်း…ဟင်း"

အို။

ကိုကိုက သတိတရရှိနေတယ်ဆိုပါလား။

ဟုတ်မှာပါပဲ။

စူးလက်က အချိန်ပြည့် ကိုယ့်အိမ်မှာနေတာထက် ကိုကိုတို့ခြံထဲမှာ သွားလည်ပတ်နေတဲ့အချိန်က ပိုများတာလေ။ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်ရာက စူးလက်ဆိုတဲ့သူမပဲ။

"ဒါနဲ့ ကိုကို့အခြေအနေကရော အရင်အတိုင်းပဲလား အန်တီသီ"

"ဘာကိုလဲ စူးလက်"

"အိမ်ထောင်ရေးပေါ့"

"အဟင်း...ဟင်း အဲဒါကို အန်တီသီကိုယ်တိုင်တောင် စိတ်ညစ်နေတာ၊ သူနှစ်သက်တာ မတွေ့သေးဘူးထင်ပါရဲ့ကွယ်၊ ပုံမှန်လည်ပတ်နေတာပါပဲ၊ တစ်ခါတလေတော့လည်း သူ အခုလို နေနေတာ စိတ်ချမ်းသာပေမယ့် တစ်ခါတလေတော့လည်း တွေးမှု တယ်၊ မသင့်လျော်တာတွေနဲ့ တွေ့ပြီး သားကို မပြစ်ပယ်နိုင်တဲ့ စိတ်နဲ့ လက်ခံပေးလိုက်ရမှာကို တွေးမိတိုင်း ရင်ထဲပူလောင်မြိုက် နေတာပဲ စူးလက်ရယ်"

"ဒါဆို အန်တီသီကပဲ စီစဉ်ပေးလိုက်ပေါ့"

စူးလက် လမ်းကြောင်းပေးလိုက်သည်။

ကိုကို့မှာ ရည်ရွယ်ထားသူမရှိသေးဘူးဆိုတဲ့ စကားက သူမမျှော်လင့်ချက်တွေ ပိုပြီးရှင်သန်လာစေတာမဟုတ်လား။ ဒါတို ကောင်းကောင်းအသုံးချဖို့ စူးလက် စိတ်ကူးလိုက်သည်။



"ဘယ်နှယ့်လဲ...အန်တီသီ စူးလက်ပေးတဲ့အကြံဉာဏ် ကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် အန်တီသို့ ခေါင်းထဲမှာ သားရဲ့အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ဘာအစီအစဉ် မှ ရှိမနေဘူးလေ၊ လွတ်လွတ်လပ်လပ်နေပါရစေမေမေရယ်ဆိုတဲ့ စကားလေးကြောင့်ပဲ အတွေးတွေကို ဖျောက်ထားလိုက်တယ်၊ ပြီးတော့ သားနှစ်သက်ဘဲနဲ့လည်း မိဘဆိုတဲ့ အရှိန်အဝါကြီးနဲ့ ဖိစီးချင်ပါဘူး။ သားက စိတ်ချယုံကြည်ရတဲ့သားပါ၊ လိမ္မာရေး ခြားလည်းရှိတယ်လေ၊ တစ်ဦးတည်းသောသားဆိုပြီး ဆိုးမှမဆိုး တာ။ စိတ်ချလက်ချပဲ လွှတ်ထားလိုက်တယ်"

ဟူး။

စိတ်မောစရာပဲ။

အန်တီသီစိတ်ထဲမှာ ကိုကို့ဆန္ဒအတိုင်းပဲ လိုက်လျောဖို့ ဆုံးဖြတ်ချက်ချထားသလိုပင်။ သားရွေးချယ်တာကိုပဲ လက်ခံပေး ယော့်သဘောပေါ့။

အန်တီသီကိုတော့ စူးလက် အားကိုးလို့ရမှာမဟုတ်ပါ ဘူး။ ကိုကို စိတ်ကိုပဲ ရအောင်ဖမ်းရတော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း စုးလက်အတွက်တော့ အဆင်မပြေနိုင်စရာ မရှိပါဘူး။

ကိုကိုနဲ့ စုးလက်က ဟိုးငယ်ငယ်လေးကတည်းက အတူတူ ခြံချင်းကပ်နေထိုင်လာကြတဲ့သူတွေလေ။ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားပါ။

ပြီးတော့ စုးလက်နဲ့ကိုကိုကြားက သံယောဇဉ်။

ဒါတွေအားလုံးက စုးလက်အတွက် မျှော်လင့်ချက်တွေ ရှင်သန်စေမယ့် ခွန်အားတွေပဲ။

ကိုကို စုးလက် ရှင့်ကိုချစ်တယ်။

ဒါကြောင့် ရှင့်ဆီကအချစ်တွေကိုလည်း ရအောင်ကြိုးစားမှာ။

မြန်မာနိုင်ငံကို အလည်အပတ်ပြန်လာခဲ့ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကလည်း အဲဒါပဲလေ။

စုးလက် အရှုံးတွေနဲ့ ပြန်မသွားချင်ဘူး ကိုကိုရယ်။

□ □ □

## အခန်း (၇)

"ငါ့ယောက်ျားရော…ငါ့ယောက်ျား ဘယ်ရောက်သွားပြီလဲ၊ အခုချိန်ထိလည်း ပြန်မလာသေးဘူး၊ မိုးတောင်ချုပ်နေပြီ၊ အရင်က ဒီအချိန်ထိမနေပါဘူး၊ ဒီနေ့မှ နောက်ကျနေတယ်၊ ပြောစမ်း ငါ့ကိုပြောကြစမ်း၊ နင်တို့အားလုံး ငြိမ်နေတယ်နော်၊ နင်တို့ဘာတွေကြိတ်ပြီး ကြံစည်ထားကြသလဲ၊ နင်တို့မျက်နှာတွေကြည့်ရတာ လုံးဝမရိုးသားဘူး၊ ပြောစမ်း ငါ့ကိုပြောကြစမ်း၊ ငါ့ယောက်ျားဘယ်မှာလဲ၊ သူဘယ်ကိုသွားလို့ အခုချိန်ထိ အိမ်ပြန်မလာရသေးတာလဲ၊ ပြော ငါ့ကိုအခုချက်ချင်းပြော"

မေးပြီ။

ဒေါ်နွေးနွေးမြင့် မေးပြီ။

www.burmeseclassic.com



အသံတွေက တုန်တုန်ယင်ယင်။ မျက်ဝန်းတွေက ဂဏှာမငြိမ်တော့။

ရှိန်း မဖြေရဲ။

အဖေက နိုင်ငံခြားကိုထွက်သွားပြီ။

ရှိန်း လိုက်မပို့နိုင်။ ဦးငယ်လေးပဲ လိုက်ပို့သည်။

သင်တန်းကိုတောင်မသွားဘဲ တစ်နေ့လုံး မေမေ့အနားမှာပဲ စောင့်ကြည့်ကာ အဖော်နေပေးမိသည်။ ညနေစောင်း ဦးငယ်လေးပြန်လာတော့မှ အဖေထွက်သွားပြီဆိုတဲ့သတင်းစကားလေးကြားရ၏။ ရှိန်း ဝမ်းနည်းလွန်းလို့ အခန်းထဲပြေးဝင်ပြီး အမေမသိအောင် ကြိတ်ငိုနေမိသည်။ အဖေ တကယ်သွားတော့လည်း အားငယ်မိသားပဲ။ မသွားမဖြစ်တော့လို့သာ အဖေကလည်း သွားရတာပါ။ ရှိန်းတို့ အဖေက အရမ်းချစ်တာလေ။ မိသားစုကို ခွဲမသွားချင်တဲ့အဖေ့စိတ်ကို ရှိန်းကအသိဆုံးပဲဖြစ်သည်။

အမေကတော့ ဘာမှမသိ။

ထုံးစံအတိုင်းပင် အလုပ်ကနေ အဖေ့ပြန်အလာကို မျှော်ချိုး၊ သနပ်ခါးအဖွေးသားလေးလိမ်းပြီး အိမ်ရှေ့ပေါက်ဝလေးတွင် သွားထိုင်ကာ စောင့်မျှော်နေရှာသည်။



အမေ့ကိုကြည့်ပြီး ရှိန်း မျက်ရည်လေးတွေ စီးကျလာရ၏။ အမေ့မှာ အကြွေးတွေအရမ်းများနေပြီလေ။ ဆပ်နိုင်သည့်အင်အားကမရှိ။ ဝင်ငွေနဲ့ထွက်ငွေက လုံးဝမမျှတော့ အိမ်ဂရန်ကိုပင် အပေါင်ထားကာ အကြွေးနဲ့ သိမ်းခံရတော့မည့်အခြေအနေပါ။ ဒါကိုသိလို့ ဖောက်ထွက်နိုင်မယ့်လမ်းကို အဖေက ရွေးချယ်ပြီး လျှောက်လိုက်တာပါ။

"ဟဲ့…ငါမေးနေတယ်လေ၊ ကိုသာထွန်းရှိန် ဘာကြောင့်ပြန်မလာသေးတာလဲလို့"

"အစ်မမြင့်"

"ဘာလဲ"

"အစ်ကိုက အလုပ်သွားလုပ်တာ"

"အဲဒါ ငါသိသားပဲ၊ ဒါပေမယ့် အခုချိန်ထိ ပြန်မလာသေးလို့မေးတာဟဲ့"

"အစ်ကိုက အရင်က အလုပ်ကနေထွက်လိုက်ပြီ အစ်မမြင့်၊ အလုပ်သစ်သွားလုပ်တာ၊ နိုင်ငံခြားမှာသွားလုပ်တာ တစ်နှစ်လောက်ကြာမယ်"

"ဘာ…ဘာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မမြင့်၊ ဒီနေ့ လေသာဉ်နဲ့လိုက်သွားပြီ"

"လိုက်သွားပြီ၊ လိုက်သွားပြီ၊ ဟုတ်လား"

"ဟုတ်တယ်"

"မဖြစ်နိုင်ဘူး၊ ဘာနိုင်ငံခြားလဲ၊ ငါ့ကို တစ်ခါမှလည်း မပြောဖူးဘူး၊ ညာလော၊ နင်တို့ငါ့ကိုလိမ်နေကြတာ၊ ငါ့ယောက်ျား ဘယ်သွားတာလဲ၊ မှန်မှန်ပြောကြစမ်း၊ ငါ့ကိုအရူးဆိုပြီး နင်တို့လှည့်ပတ်ဖို့ မကြိုးစားနဲ့နော်၊ ငါမရူးဘူး၊ ငါ့လုံးဝမရူးဘူး၊ သိတယ်၊ အားလုံးငါသိနေတယ်၊ သူ…သူ နောက်မိန်းမယူသွားတာမဟုတ်လား၊ ဟိုမိန်းမနောက် လိုက်သွားတာမဟုတ်လား၊ ငါတို့သားအမိကို ထားခဲ့ပြီး နောက်မိန်းမယူသွားတာမဟုတ်လား"

"ဟာဗျာ…အစ်မမြင့်ကလည်း မဟုတ်ပါဘူး၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်တာပါဆိုမှ"

"မယုံဘူး၊ နင့်စကားကို ငါမယုံဘူး"

"မြသနာပဲ"

ဦးမေ်လေးက မေမေ့အကြောင်းကို သိနေသူမို့ ခေါင်းကုတ်ကာ တိုးတိုးပဲငြီးငြူသည်။ ဘာမှလည်း ထပ်ပြီးဖြေရှင်းဖို့



ကြိုးစား။ ဖြေရှင်းလို့လည်း ရမှာမဟုတ်တာကို။

ဒီတော့ ငြိမ်နေဖို့ပဲ စဉ်းစားနေတော့တာပေါ့။

"ရှိန်း…တဲ့…မိရှိန်း"

"ရှင်…အမေ"

အမေက ရှိန်းဘက်လှည့်လာသည်။

ရှိန်းလည်း ထူးမဲ့သာပြန်ထူးရတယ် အမေ့ကိုတော့ ကြောက်သားပဲ။

"ညည်းအဖေဘယ်သွားလဲ"

"နိုင်…နိုင်ငံခြား"

"ဘာ…လာပြန်ပြီ နိုင်ငံခြား၊ ကဲဟယ် အဲဒါနိုင်ငံခြားနင်ဦး"

"ခေါက်"

"အား"

အမေ့လက်က ခေါင်းဆီ ဆတ်ခနဲရောက်လာပြီးနောက် ရှိန်းရဲ့ခေါင်းလေး ထူပူသွားရသည်။

"ပြောစမ်း…မှန်မှန်ပြောစမ်း၊ ဟိုကောင်မနဲ့ ထွက်ပြေးသွားတာမဟုတ်လား၊ နင်တို့ တမင်ဖုံးကွယ်ထားပေးတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား”

“မ…မဟုတ်ပါဘူး အမေရယ်၊ အဖေက နိုင်ငံခြားမှာ အလုပ်သွားလုပ်တာပါ”

“မယုံဘူး၊ ထပ်မပြောနဲ့၊ ငါမယုံဘူး၊ ဟိုမိန်းမရိုးသွား တာ ငါ့ယောကျ်ားကို သူခိုးသွားပြီ၊ အဟီး…ဟီး”

အမေက အသံပြဲကြီးထိုင်ငိုချေပြီ။

“အမေ”

“ဘာအမေလဲ မခေါ်နဲ့၊ နင့်အသံမကြားချင်ဘူး၊ အလိုမ အလိုပါမ၊ နင့်အမေ့နှင့် တကြိတ်တည်းတညာထဲတည်း မဟု လား မိရှိန်း၊ တွေ့မယ် နင်နဲ့ငါတွေ့မယ်”

အမေက ထိုင်ရာကနေ ဆတ်ခနဲထကာ အိမ်နံရံတွင်ချိ ထားသော ကြက်မွေးတံမြက်စည်းတုတ်ကို ဖြေးဆွဲသည်။

“ကဲဟယ်…ငါ့ကိုလိမ်ဦး”

“ရှမ်း”

“အ”

“ရှမ်း…ရှမ်း”

“အမေ့”



အမေ့ရဲ့ အင်အားအပြည့်နဲ့ ရိုက်ချက်က ရှိန်းခန္ဓာကိုယ် လေးဆီ တရစပ်ရောက်လာ၏။ ရှိန်း မရှောင်မိပါ။ အံလေးတင်း ရင်း ခံယူလိုက်သည်။

“ပြောစမ်း…နင့်အဖေဘယ်မှာရှိတယ်ဆိုတာ ပြောစမ်း”

“အဖေက နိုင်ငံခြားမှာသွားအလုပ်”

“မပြောနဲ့၊ မပြောနဲ့၊ အဲဒီစကားမကြားချင်ဘူး၊ ကဲဟယ် ကဲဟယ်”

“ရှမ်း…ရှမ်း”

ရှိန်းရဲ့ဖြေရှင်းစကားပင် မဆုံး အမေ့ရဲ့ဒေါသမုန်တိုင်းက မွှေချေပြီ။

“အစ်မမြင့်…တော်တော့ဗျာ၊ ပေးစမ်း အဲဒီတုတ်”

ဦးငယ်လေးက သားအမိနှစ်ယောက်ကြားဝင်ကာ အမေ့ လက်ထဲက ကြက်မွေးတုတ်ချောင်းကို အတင်းလုသည်။ အမေက လုံးဝမပေးချေ။ ရှိန်းမျက်နှာကို ရူးရူးရဲရဲစိုက်ကြည့်ကာ ဒေါသသွေး တို့သာ ပွက်ပွက်ဆူနေတော့သည်။

အဖေနိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်ဆိုတာ အမေ ဘယ်ယုံလိမ့်မလဲ။ အမေခေါင်းထဲမှာ စွဲနေတာက အဖေနဲ့ ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တို့ လမ်းမှာ စကားရပ်ပြောနေကြတဲ့ပုံရိပ်တွေပဲ။

ထိုအမျိုးသမီးနဲ့ အမေ ထွက်ခွာသွားတာဟုပဲ စိတ်ကစွဲနေသည်။ ဒီသံသယကို ဘယ်လိုချေဖျက်ရမလဲပင် ရှိန်း မသိတော့ပါ။

"ဖယ်စမ်း…အငယ်ကောင်၊ နင် ငါ့ကိုမဆွဲနဲ့၊ အခုကိစ္စ ဒီကောင်မ သိကိုသိတယ်၊ အဲဒီမိန်းမနဲ့ ခြေရှုပ်နေတာ သူသိသိကြီးနဲ့ ငါ့ကို အသိမပေးဘဲ တမင်လိမ်ညာနေတာ"

"အဟင့်…ဟင့်"

ရှိန်း ဝမ်းနည်းတာရော၊ အမေရိုက်လို့ နာကျင်တာပါရောနေပြီး ငိုချလိုက်မိသည်။

မဥမ္မာထိုက်နဲ့ လိုက်သွားတာလို့ ယုံကြည်နေတဲ့ အမေက သူတို့ရှိနေတဲ့နေရာကို ရှိန်းက မပြောဘဲနေရကောင်းလားဆိုပြီး သဲသဲမဲမဲ ရိုက်မေးနေတာလေ။

"မိရှိန်း"

အမေ့အော်သံက မိုးခြိမ်းသံအလား။

"ငါမေးနေတယ်လေ၊ ငါ့ယောကျ်ားဘယ်မှာရှိနေလဲလို့ ညည်းဘာလို့မဖြေတာလဲ၊ ပြန်ခေါ်ပေးပါ၊ ငါ့ယောကျ်ားကို ပြန်ခေါ်



ပေးပါ၊ သူမရှိရင် ငါဘယ်လိုမှ မနေနိုင်ဘူး၊ ငါ့ကိုသနားပါအုံးရယ်၊ ညည်းကိုရိုက်လို့ မပြောတာလားဟင်၊ ခဏခဏရိုက်လို့ ညည်းစိတ်ဆိုးပြီး မပြောပြတာလား၊ ငါတောင်းပန်ပါတယ် မိရှိန်းရယ်၊ လိမ္မာတယ်နော်၊ မိရှိန်းက လိမ္မာပါတယ်၊ ကိုသာထွန်းရှိန်ကို သွားခေါ်ပေးပါအေ၊ ညည်းကိုမရိုက်နဲ့ဆိုလည်း မရိုက်တော့ပါဘူး၊ ဘယ်တော့မှလည်း မရိုက်တော့ဘူးနော် မိရှိန်း၊ ကိုသာထွန်းရှိန်ကို သွားခေါ်ပေးပါ၊ အဟီး…ဟီး"

အမေ့အသံက တင်းမာခက်ထန်သွားလိုက်၊ လျှော့ကျပြီး အသနားခံလေသံဖြစ်သွားလိုက် တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေ၏။ အမေ့ကိုကြည့်ပြီး ရှိန်းရင်တစ်ခုလုံး ကျင်စက်နဲ့အတို့ခံနေရသလိုပါ။

"အစ်မမြင့်ကတော့ဗျာ စိတ်ကိုထိန်းပါဦး၊ အစ်ကိုသာထွန်းက တကယ်ပဲ နိုင်ငံခြားမှာ အလုပ်သွားလုပ်တာဗျ၊ ဟိုကနေ ဖုန်းဆက်မယ်လို့လည်း သေသေချာချာမှာသွားပါတယ်ဗျာ"

"မလိမ်ကြနဲ့၊ နင်တို့အားလုံး ငါ့ကိုဝိုင်းလိမ်နေကြတာ၊ ငါ့ကိုရူးနေတယ်ဆိုပြီး ဝိုင်းညာနေကြတာငါသိတယ်၊ အဲဒါ ငါသိတယ်"

အော်သံကြီးက ရူးရူးဝါးဝါး။

www.burmeseclassic.com



ဦးငယ်လေးလည်း အမေ့ကိုကြည့်ပြီး စိုးရိမ်နေသည်။

"ခေါ်ပေး…ငါ့ကိုပြန်ခေါ်ပေးကြ၊ မဟုတ်ရင် နင်တို့အားလုံးကို သတ်ပစ်မှာနော်၊ ငါ့ယောကျ်ားကို ပြန်ရှာပေးကြ၊ အား…ဟား…ဟား…အီး…ဟီး"

"ဝုန်း…ဒုန်း"

"ဝုန်း"

ပြောလည်းပြော မျက်လုံးထဲတွေမြင်နေတဲ့ အရာဝတ္ထုပစ္စည်းမှန်သမျှ ပစ်ပေါက်ခွဲနေတော့၏။

အမေသောင်းကျန်းပြီ။

သူ့မဆေးတိုက်ဖို့ စိတ်ကူးမိသေး၏။

လွယ်မှာတော့မဟုတ်ချေ။

ဦးငယ်လေး ချုပ်ထိန်းနေတဲ့ကြားကနေ လွတ်ထွက်ကာ ကြမ်းရမ်းဖို့ ကြိုးစားနေတာလေ။

ကြောက်တယ်။

အမေ အဲဒီလို ပြန်ဖောက်မှာကိုပဲ ရှိန်းက ကြောက်တာ။ အဖေ့ကိုမတွေ့တော့လျှင် အမေ ပြဿနာရှာတော့မယ်ဆိုတာ ရှိန်းသိနေပြီးသားပဲ။



"ပြောနေတယ်လေ၊ သွားခေါ်မပေးဘူးလား၊ ကဲဟယ်…ဟဲဟာ"

"ဝုန်း"

"ခလွမ်း"

"ဟာ…မှန်တွေကွဲကုန်ပြီ"

နံရံက မှန်သောင်ကြီးဆွဲဖြုတ်ကာ ကြမ်းပြင်ပေါ် ပစ်ချိုက်ရာ ကြမ်းပြင်ပေါ် မှန်ကွဲစတွေ ဖွာလန်ကျဲသွား၏။

"ဦးငယ်လေး အမေ့ကိုချုပ်ပြီး အခန်းထဲထည့်ရအောင်"

"အေး"

ရှိန်း ဘာလုပ်မယ်ဆိုတာသိတဲ့ ဦးငယ်လေးကလည်း အမေ့ခန္ဓာကိုယ်ကို သန်မာတဲ့လက်တွေနဲ့ ထိန်းချုပ်ကာ အခန်းထဲခေါ်သွင်းသည်။

"ဖယ်…ဖယ်…လွှတ်နော်၊ ငါ့ယောကျ်ားကိုသွားရှာမလို့ နင်တို့ဘာလုပ်ကြတာလဲ၊ ငါ့ကိုလွှတ်ပေး"

အမေ့အော်ဟစ်တားဆီးနေတဲ့ကြားကနေပဲ ဦးငယ်လေးနဲ့ ရှိန်းတို့ အမေ့လက်တွေကို ချုပ်ကိုင်ကာ အခန်းလေးထဲရောက်အောင် ဆွဲသွင်းကာ အပြင်ကနေ သော့ခတ်ပစ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း…ဒုန်း"

"တံခါးဖွင့်ပေး၊ ငါ့ကိုတံခါးဖွင့်ပေး မိန္ဒြီး၊ ငါပြောနေတယ်နော်၊ တံခါးလာဖွင့်ပေး"

"ဝုန်း…ဒုန်း…ဒုန်း"

တံခါးရွက်ကြီး ပွင့်ထွက်တော့မယ့်အတိုင်း အထဲကနေ ထုရိုက်နေတဲ့အမေ။

အဟင့်…ဟင့်။

အဟင့်…ဟင့်။

ရှိုက်တစ်ယောက် ဝမ်းနည်းလွန်းလို့ နေရာလေးမှာတင် ထိုင်ချကာ တသိမ့်သိမ့်ရှိုက်ငိုလိုက်မိတော့သည်။

□ □ □

## အခန်း (၈)

ကားမှတ်တိုင်လေးမှာ တစ်ယောက်တည်းထိုင်နေတာ အချိန်အတော်ကြီး ကြာသွားခဲ့ချေပြီ။

လိုင်းကားတွေ တစ်စီးပြီးတစ်စီး ရပ်လို့ မှတ်တိုင်၌တွင် လုပ်စောင့်နေသည့် ခရီးသည်အချို့လည်း မိမိတို့စီးမည့်ကားတွေနှင့် လိုက်ပါသွားကြ၏။

အခုထိတိုင် မှတ်တိုင်က ထိုင်ခုံလေးတွင် မင်းယောကျ်ား တစ်ယောက်သာ ထိုင်နေမိဆဲပင်။

သူရှာနေတာ ကောင်မလေး။

သူတွေ့မြင်ချင်နေတာ ကောင်မလေး။

သို့သော် သူထီးမိုးပေးခဲ့သော ကောင်မလေးရဲ့ အပြုံ

www.burmeseclassic.com

www.burmeseclassic.com



အယောင်လေးကို တစ်စက်ကလေးမှပင် သူမတွေ့ရချေ။

ဒီကားမှတ်တိုင်လေးမှာပဲ သူမနဲ့စတွေ့ခဲ့တာပါ။

ဒါကြောင့် သူမနဲ့တွေ့ဆုံခဲ့ရသည့် အချိန်အတိုင်းထက်ပင် စောစီးစွာ ထိုကားမှတ်တိုင်လေးတွင် သူရောက်ရှိနေခဲ့သည်။ နာရီလက်တံတွေ တရွေ့ရွေ့သာပြောင်းသွားသည် ကောင်မလေးကိုတော့ သူမတွေ့ရပါချေ။

ကောင်မလေးဆင်းသွားတဲ့ ကားမှတ်တိုင်လေးကို သူသိနေသည်။ လိုက်မဆင်းဘဲ ရှေ့မှတ်တိုင်မှသာ သူဆင်းမိ၏။ စိတ်မလုံတာကြောင့်လား၊ သွေးကြောင်တာလား သူမလေးနောက်ကနေ ထပ်ကြပ်မကွာလိုက်ရမှာကို တွန့်နေမိသည်။

ရှေ့တစ်မှတ်တိုင်မှာဆင်းပြီး တက္ကစီငှားကာ သူကားရပ်ထားခဲ့ရာဆီ ပြန်ခဲ့မိ၏။ သူ့ရဲ့အူတူတူလုပ်ရပ်ကိုလည်း ပြန်တွေးမိကာ အုံ့သြနေမိသည်။

ဘာကြောင့် သူ အခုလိုတွေ လျှောက်လုပ်နေမိရတာလဲ။

မစဉ်းစားတတ်။

ကားမှတ်တိုင်ရှေ့ကနေ ဖြတ်အမောင်း မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး မျက်နှာလေးညှိုးငယ်နေတဲ့ ကောင်မလေး



တစ်ယောက်ကြောင့် မောင်းနှင်နေတဲ့ သူ့ခြေထောက်တွေက ကားဘရိတ်ပေါ် အလိုလိုရောက်သွားရသည်။

နောက်ကြည့်မှန်ထဲကနေတစ်ဆင့် သူငေးမောကြည့်နေမိ၏။ သူ့စိတ်အစဉ်ကို ထိုကောင်မလေးက ထွက်မသွားနိုင်လောက်အောင်ပင် ဖွဲ့ဆောင်ထားခဲ့သည်။

ကောင်မလေးရယ်။

မင်းဘယ်မှာလဲကွာ။

ကိုယ် စောင့်နေတာ ဒီနေ့ဆိုရင် သုံးရက်မြောက်ရှိပြီ။

မင်းနဲ့တွေ့ဆုံပြီးနောက်ပိုင်းကစပြီး နေ့တိုင်း ကိုယ် ဒီမှတ်တိုင်လေးမှာ လာလာစောင့်ကြည့်နေတာလေ။

ဒါပေမယ့် မင်းကို လုံးဝမတွေ့တော့ဘူး ကောင်မလေးရယ်။

ကိုယ် မင်းဆင်းသွားတဲ့ ကားမှတ်တိုင်လေးကို မှတ်မိနေပါတယ်။ ဒါပေမယ့် အဲဒီရပ်ကွက်ကြီးက အကျယ်ကြီးလေ။ အိမ်တွေကလည်း အများကြီးပဲ။ ကိုယ်ဘယ်လိုလိုက်ရှာရမလဲ ကောင်မလေးရယ်။

ပြီးတော့ မင်းက အဲဒီရပ်ကွက်ထဲမှာ တကယ်နေတာမှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လား။ အလည်အပတ်ခဏသွားတဲ့သူဆိုရင်ရော ကိုယ်ဘယ်လိုဆက်လုပ်ရမလဲ။ စဉ်းစားမိတိုင်း ကိုယ့်ရင်ထဲမှာ မှန်းကြပ်မှုတွေ၊ မောပန်းနွမ်းလျမှုတွေပဲ ရှိနေရတယ်ကောင်မလေးရယ်။

မင်းကတော့ သိမှာမဟုတ်ဘူးနော်။

မင်းကြောင့်နဲ့ လူတစ်ယောက် အတွေးပေါင်းစုံနဲ့ ရှုပ်ထွေးနေရပြီဆိုတာ သိမှာမဟုတ်ပါဘူး။

မင်းမှာအပြစ်မရှိပါဘူး ကောင်မလေးရယ်။

ကိုယ်က တစ်ဖက်သတ် ရူးသွပ်နေတာလေ။

စိတ်ညစ်တယ်ကွာ။ မင်းနဲ့တွေ့ချင်တယ်။

မင်းမျက်နှာလေးကို နောက်တစ်ကြိမ် တွေ့မြင်ခွင့်ရချင်တယ် ကောင်မလေးရယ်။ ကိုယ်ဘယ်လိုလုပ်ရမလဲဟင်။ ကြာရင်ကိုယ့်ရဲ့ခံစားချက်တွေက ထွက်ပေါက်မဲ့ပြီး ရူးလိမ့်မယ်။

မိုးကောင်းကင်ကြီးကို မော့ကြည့်တော့ ကောင်မလေးရဲ့မျက်နှာလေးက ထင်းထင်းလေးပေါ်လာပြန်၏။

မင်းယောကျ်ားတစ်ယောက် ခေါင်းလေးကို တအားခါယမ်းပစ်လိုက်မိသည်။

ခက်နေပါပြီလေ။ ဘယ်လိုမှ မှန်းဆလို့မရတဲ့ အရာတစ်ခု



ကိုမှ သူ စွဲလမ်းနေမိတာမဟုတ်လား။

မဖြစ်သေးပါဘူး။ အချိန်တောင် တအားကိုလွန်နေပြီ။

လက်မှပတ်ထားတဲ့နာရီကိုကြည့်ကာ နေရာလေးကနေထရပ်လိုက်သည်။

ဒီနေ့လည်း စိတ်လျှော့ပြီး ပြန်ရပေဦးတော့မှာပါပဲ။

ကားမှတ်တိုင်တွင် ရပ်စောင့်နေသော လူတွေထဲမှာ သူမလေးများ ရှိနေဦးမလားဆိုသည့် အတွေးနှင့် နောက်ဆုံးအကြိမ်ရှာကြည့်ကာ မတွေ့တော့ဘူးဆိုမှ စိတ်ကို ခုန်းခုန်းချပြီး လေးလံသောခြေလှမ်းများနှင့် မှတ်တိုင်ခပ်လှမ်းလှမ်းတွင် ရပ်ထားသောကားဆီလျှောက်သွားလိုက်သည်။

ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်ပြီး နေရာလေးကနေပြန်မောင်းထွက်ခဲ့လိုက်၏။

အိမ်ပြန်ရမည်လေ။

ဒီနေ့မှ ထူးထူးဆန်းဆန်း မေမေက အိမ်ကိုစောစောပြန်လာတဲ့။ ဘာအကြောင်းကိစ္စလဲဆိုတာ မပြောပေ။ ဘာပဲပြောပြောမေမေက လာဆိုရင် သူကသွားရမှာပဲလေ။ သူမှာ တွယ်တာစရာဆိုလို့ ဒီအမေတစ်ယောက်တည်းပဲရှိတာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေမေ့စကားဆို ယေ်စဥ်လေးကတည်းက မြေဝယ်မကျ နားထောင်ခဲ့တဲ့သူပါ။ မေမေ စိတ်ညစ်ရမယ့် ဘယ်လို အလုပ်မျိုးကိုမှ သူမလုပ်ဘူးခဲ့။

ဒါကြောင့်လည်း အိမ်ကိုပဲ တန်းမောင်းခဲ့လိုက်သည်။

မိုးကောင်းကင်က ညှို့မှိုင်းပြီး မိုးစက်မိုးပေါက်တချို့ ကား မှန်ပေါ်သို့ ကြွေကျလာ၏။ ထိုမိုးစက်တွေကိုကြည့်ပြီး ထီးမှေကျန် ကာ မှတ်တိုင်အမိုးအောက် ပြေးဝင်မိုးခိုလိုက်တဲ့ ကောင်မလေးကို သတိရမိပြန်သည်။ ကားကို သတိထားမောင်းနေရပေမယ့် စိတ်နဲ့ လူက သိပ်ပြီးမကပ်ချင်။

တဖြည်းဖြည်း သူ့ကားက သူနေထိုင်တဲ့ ဆိတ်ငြိမ်ရပ်ကွက် ကြီးထဲ မောင်းဝင်လာ၏။

အိမ်ကိုရောက်တော့မှာပါလား။

သိစိတ်က တိုးဝင်မိပြန်တော့ မေမေ့ကို သတိရမိပြန် သည်။ ဘာကြောင့်များ သူ့ကို စောစောအိမ်ပြန်လာခဲ့ဖို့ ဖုန်းလှမ်း ဆက်ပြီး မှာရသလဲဆိုတာ စဉ်းစားရပြန်၏။

သူ့ကားလေး ခြံဝမှာရပ်ပြီး ဟွန်းတီးတော့ ခြံစောင့်ကိုမဲ လုံးက ထီးလေးဆောင်းပြီး ခြံတံခါးကို လာဖွင့်ပေးသည်။



ခြံထဲကားမောင်းဝင်ခဲ့ပြီး တိုက်ရှေ့ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်၏။

ကားပေါ်ကနေ သူဆင်းပြီး တိုက်ထဲဝင်ခဲ့လိုက်သည်။

"ကိုကို"

ဟာင်။

ခေါ်သံနဲ့အတူ ပြေးကာ သူ့ရင်ခွင်ထဲတိုးဝင်ပြီး သူ့ခါးကို သိုင်းဖက်လာတဲ့ ကောင်မလေးတစ်ယောက်။

"စုး...စုးလက်၊ မင်း...မင်း စုးလက်မဟုတ်လား"

"ကြည့်စမ်း...ကိုကိုက စုးလက်ကို ချက်ချင်းမှတ်မိသား ပဲ။ ဒါဆိုရင် စုးလက်တော့ ရှုံးသွားပြီ"

ဖက်တွယ်ထားတဲ့လက်တွေကို ဖြုတ်ပြီး နှုတ်ခမ်းလေးစူ ထာ နောက်ဆုတ်သွားတဲ့ စုးလက်။

"စုးလက်က ဘယ်လိုကနေဘယ်လို"

"စုးလက် မြန်မာပြည်ကို လွမ်းလို့ လာလည်တာကိုကို ရဲ့၊ အဲဒါ အန်တီသို့ဆီ အလည်လာရင်း အန်တီခမ်းတို့အိမ်မှာ တည်းခိုရတာ အဆင်မပြေလို့ ဒီကိုပြောင်းလာခဲ့တာလေ၊ အန်တီသို့ ကို စုးလက်က ပြောနေတာ၊ နှစ်နှစ်တောင်ရှိနေပြီဆိုတော့ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ရှုးလက်ကို မှတ်မိလောက်မှာမဟုတ်ဘူးဆိုပြီးတော့ပေါ့၊ ဒါကို အန်တီသီက ငြင်းတယ်လေ၊ ကြည့်နေ ချက်ချင်းမှတ်မိလိမ့်မယ်တဲ့၊ အခုတော့ အန်တီသီပြောသလို မှန်သွားပြီပေါ့"

"ဟား…ဟား ရှုးလက်ရာ ခင်းကို မမှတ်မိစရာလားဗျ၊ ဒီလောက် ခေါင်းမာပြီး ဂျစ်တိုက်ခဲ့တဲ့ကောင်မလေးကိုများ မှတ်မိတာမှ ပြောမနေနဲ့"

"ကိုကိုနော်…သူများကိုများ ခေါင်းမာသလေး၊ ဂျစ်တိုက်သလေးနဲ့"

"မဟုတ်လို့လား"

"တော်ပါ"

ရှုးလက်က မျက်စောင်းထိုးတော့ သူရောမေမေပါ ပြုံးမိကြသည်။

"မေမေ"

"ပြော သား"

"အိမ်ကို စောစောပြန်လာနိုင်းတာ ရှုးလက်ကြောင့်လား မေမေ"

"ဟုတ်တယ် သား"



"မသိပါဘူးဗျာ၊ မမှာစဖူး ဖုန်းဆက်ပြီးလှမ်းခေါ်တော့ စိတ်တအားပူသွားတာပဲ"

"ထုံးစံအတိုင်းပဲလေ ရှုးလက်က သားကို စောစောပြန်လာနိုင်းဖို့ ပူဆာနေတာနဲ့ မေမေ လှမ်းခေါ်လိုက်တာ၊ ဘာကြောင့်ဆိုတာ ထည့်မပြောနိုင်းတာလည်း ရှုးလက်မှာပဲလို့ပဲ။ သူရောက်နေတာ သားတွေ့ပြီး အံ့သြသွားအောင်လုပ်ချင်တယ်ဆိုလို့လေ"

"ဒီကောင်မလေးကတော့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ပူဆာမယ်ချည်းပဲ၊ မေမေနဲ့သားကတော့ ဒီကောင်မလေးရဲ့ ဝဋ်ကြွေးတော်တော်ပါမယ်နဲ့ တူတယ်၊ ဒီဘဝမှာ သူ စိတ်အလို အတိုင်းချည်းပဲ ဖြည့်ဆည်းနေရတယ်"

"ကြည့်စမ်း ကိုကိုအစုတ်ပလုတ်၊ သူများစိတ်ညစ်အောင် မဟုတ်တာပြောတယ်၊ တော်ပြီ တော်ပြီ သူ့ကိုသတိရလွန်းလို့ မြန်မာပြည်ကို တကူးတက အလည်လာတဲ့ဟာကို အခုလို စိတ်ပျက်အောင် သူစိမ်းဆန်စကားပြောတာ မခေါ်တော့ဘူး၊ ဒီမှာလည်း မတည်းတော့ဘူး၊ ပြန်တော့မယ်"

"အမလေးဗျာ…ဒါလေးပြောတာနဲ့ပဲ စိတ်ကောက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်ရှိသေး၊ ဆောရီးပါကွာ၊ ရှုးလက်တို့ မြင်လိုက်ရလို့ အံ့သြပြီး ဝမ်းသာသွားလို့ပါ၊ အများပါသွားတယ်ဆိုရင်လည်း ခွင့်လွှတ်နော်။ ကိုကိုကပဲ တောင်းပန်ပါတယ်''

ဘာပဲပြောပြော သူတောင်းပန်လိုက်မိသည်။

ရှုးလက်က ညွှန့်သည်မဟုတ်လား။

ညွှန့်သည်ကို လိုက်လှဲ့စွာ ကြိုဆိုရမှာက အိမ်ရှင်ရဲ့တာဝန်ဖြစ်သည်။ ပြီးတော့ ရှုးလက်ဆိုတာ ခြံရှင်းကပ်နေခဲ့ဖူးတဲ့ကောင်မလေးတစ်ယောက်။ ညီအစ်ကိုမောင်နှမ မရှိလို့ ငတ်မွတ်တောင့်တနေတဲ့ သူ့အတွက် ခင်တွယ်စရာကောင်းတဲ့ ရှုးလက်က မင်းယောက်ျားအတွက်တော့ ညီမငယ်အရင်းအချာလေးတစ်ဦး သဖွယ်ပါ။

ရှုးလက် နိုင်ငံခြားကို ထွက်သွားတော့ သူ စိတ်မကောင်းမိ။ ရှိနေစဉ်အချိန်ကတော့ ကောင်မလေး ခြံဘက်ကူးကူးလာပြီး တစ်မျိုးပြီးတစ်မျိုး ဒုက္ခပေးလွန်းလို့ စိတ်ညစ်ရပေမယ့် ဒီကောင်မလေး မရှိပြန်တော့လည်း အိမ်က တိတ်ဆိတ်ငြိမ်သက်ကာ ခြောက်သွေ့သွေ့ကြီး ဖြစ်သွားခဲ့သည်။

''ကိုကို''



''ပြော''

''ရှုးလက်ရောက်လာတာ တကယ်ဝမ်းသာတာလား''

''ဟ…သာတာပေါ့ကွ''

''ဒါဆို ညစာအပြင်မှာလိုက်ကျွေး''

''ဟင်…ဘာမှလည်းမဆိုင်ဘူး''

''ဆိုင်ဆိုင်မဆိုင်ဆိုင် ကျွေးရမှာပဲ''

''အေးပါကွာ…ကျွေးမှာပါ၊ မေမေနဲ့တို့သုံးယောက် အတူတူထွက်စားကြတာပေါ့၊ အားလုံးမြင်ခင်ထားလိုက်လေ ကိုလိုက်ကျွေးမယ်''

ရှုးလက်မှာ ခေါင်းလေးပင်ညိတ်နိုင်။

သူမလိုချင်တာက ကိုကိုနဲ့ သူမ နှစ်ယောက်တည်း ညစာ စားချင်တာပဲ။

ခုတော့ အန်တီသီပါမှာဆိုတော့ ထွက်စားချင်စိတ်ပျောက် သွားခဲ့ပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒီအတိုင်းဆက်သွားလို့မဖြစ်တော့ဘူး ရှိန်း၊ ဆေး ပို့တာပဲ ကောင်းမယ်ထင်တယ်၊ ဆေးတွေလည်းတိုက်လို့မ ဘယ်လိုလုပ်ကြမလဲ"

ဦးငယ်လေးက စိတ်ရှုပ်ထွေးစွာ ငြီးသည်။

ရှိန်းလည်း စိတ်ပူတာပါပဲ။

အမေ့အခြေအနေက အပေထွက်သွားပြီးနောက်ပိုင်း တစစနဲ့ ပိုဆိုးဝါးလာတာလေ။ ဆေးတိုက်တာလည်း ဘယ် မရ။ အချိန်တိုင်း ငိုလိုက်ရယ်လိုက်နဲ့ ချော့မော့ဖျောင်းဖျတာ မရ။

အမေ့ကို ပြန်ခေါ်ပေးဆိုပြီးတော့ပဲ နားငြီးအောင်

[redacted]



သည်။ လူကလည်း ငေါင်စင်းစင်းနဲ့၊ ရေချိုးပေးမယ်ဆိုလည်း ကို အနားကပ်မခံ။ ရှိန်း အမေ့အနားကပ်တာနှင့် နာကြည်းမုန်း တော ရှိသမျှ လက်လှမ်းမှီတဲ့ပစ္စည်းတွေနှင့် လှမ်းပစ်ပေါက်တတ် သည်။

ထမင်းကျွေးတာလည်းမစား။ လူက တစ်နေ့တခြား တ်ကာ ခွေယိုင်ယိုင်ပင် ဖြစ်နေချေပြီ။ အိမ်မှာလည်း စိတ် တ်ပြန့်ပြီး သောင်းကျန်းရိုက်ခွဲထားတာလည်း ရေစရာပင်မရှိ ဘူး။

ရပ်ကွက်လူကြီးတွေကတော့ စိတ်ကျန်းမာရေးဆေးရုံကို ဖို့ အကြံပြုကြသည်။ ရှိန်း မပို့ချင်။ အမေ့ကို ရှိန်း ခွဲရပြီးပြီ။ ကို စိတ်ကျန်းမာရေးဆေးရုံပို့လျှင် အိမ်မှာ ရှိန်းတစ်ယောက် ည်း အဖော်မဲ့တော့မည်။

ဟင့်အင်း မပို့ဘူး။

ဘယ်သူတွေ ဘယ်လောက်ပြောပြော ရှိန်းအနားမှာပဲ မယ်။ ဘယ်ကိုမှ မပို့ဘူး။ ရှိန်းကို ဘာတွေနဲ့ပဲ အမေထုရိုက် ရှိန်း အမေနဲ့ပဲ အတူတူနေမယ်။

"ရှိန်း"

[redacted]

www.burmeseclassic.com



"ရှင်"

"ငါပြောတာကြားရဲ့လား"

"ကြားပါတယ် ဦးငယ်လေး"

"နင့်သဘောက ဘယ်လိုလဲ ရှိန်း"

"ရှိန်း…ရှိန်း သွားမပို့ချင်ဘူး ဦးငယ်လေး"

"ဟာ…ဘယ်ဖြစ်မလဲ၊ ဒီအတိုင်းဆက်ထားရင်

အနေက ပိုပြီးဆိုးသွားမှာပဲ၊ ရပ်ကွက်ကလည်း ပြောနေကြတယ်

ဆေးရုံသွားပို့ထားလိုက်ပါလားတဲ့၊ ဆေးလည်းတိုက်မရ၊ ည

လည်း မအိပ်ဆိုတော့ ငါတော့ တစ်နေ့တခြား စိတ်ပူလာပြီ

သွားပို့ထားလိုက်တာပဲ ကောင်းမယ်ထင်ပါတယ်ဟာ၊ နင်ကလည်

သေချာလည်း စဉ်းစားပြီးဆုံးဖြတ်ပါဦး၊ နင့်အမေက စိတ်ဖော

နေတာနော်၊ သူများလို နေမကောင်းဖြစ် ဖျားနာနေတာမဟုတ်ဘူး"

"သိပါတယ်၊ ရှိန်း သိပါတယ်၊ ဒါပေမယ့်"

"နင် ခေါင်းမာမနေနဲ့ရှိန်း၊ ခပ်ပေါ့ပေါ့ထားလို့မဖြစ်

အရာတစ်ခုကို ဆက်ပြီးထားရင် နောင်တစ်ချိန်မှာ ဒုက္ခတွေရှင်

အောင်ဖြစ်တော့မှာ၊ အိမ်မှာဖြစ်ရင် အကြောင်းမဟုတ်ဘူး၊ အပြင်

ပြဿနာရှာလာရင် ပိုပြီးဖြေရှင်းရခက်လိမ့်မယ်"





"ဦးငယ်လေး"

"ပြော…ရှိန်း"

"အမေ့ကို ရှိန်း မခွဲနိုင်ဘူး"

ရှိန်းစကားကြောင့် ဦးငယ်လေးရဲ့အသံက တိတ်ဆိတ်သွား

သည်။ ရှိန်းမျက်နှာကို စာနာသနားသလို ငေးကြည့်၏။

"ရှိန်းဘဝကိုကြည့်ပါဦး ဦးငယ်လေးရယ်၊ အဖေကလည်း

နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ခွဲသွားခဲ့ပြီးပြီ၊ အမေနဲ့ပါ

ထပ်ပြီးခွဲရဦးမယ်ဆိုတော့"

ရှိန်းရယ်။

တူမလေးရယ်။

စကားလေးကိုရပ်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ တူမဖြစ်

သူကိုကြည့်ပြီး မြတ်ထွန်းရှိန်ပင် ဘာပြောလို့ပြောရမှန်းမသိအောင်

ဖြစ်သွားရသည်။ တူမလေးဘဝကိုလည်း သနားမိ၏။ မိဘတွေ

အသက်ရှင်လျက်ရှိနေပါရဲ့နဲ့ တကွဲတပြားနေနေရတဲ့ဘဝ။

အစ်မမြင့် အဖြစ်အပျက်တွေက ယုံဝင်မယုံချင်စရာ။

အရင်က အစ်မမြင့်က လူကောင်းတစ်ယောက်ပါပဲ။

မွေးတွေးရှိန်းကို မွေးပြီးနောက်ပိုင်း မိသားစုဘဝလေးက



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းပျော်ရွှင်စွာပင် နေခဲ့သည်။ ရှိန်း ခုနစ်တန်းကျောင်းသူဖြစ်တော့ ဒုတိယကိုယ်ဝန်က ရှိလာ၏။ ထိုကလေးက ယောကျ်ားလေးပါ။ သားလေးကို မွေးဖွားပြီး ဆေးရုံကပြန်ဆင်းလာတာမှ ဘာမှ မကြာ ရပ်ကွက်ထဲ ညသန်းခေါင်ယံချိန်ကြီး လမ်းထဲမှာ အိမ်တစ်အိမ်က မီးလောင်မှုဖြစ်ပွား၏၊ လမ်းထဲကလူတွေအားလုံး ထွက်ပြေးကြရသည်။

အစ်မမြင့်က သွေးနုနုသားနုနု ကလေးကလည်းငယ်ငယ် ယောကျ်ားကလည်း ထိုနေ့မှ ညဂျူတီဆင်းရချိန်နှင့် တိုက်ဆိုင်ပြီး သွေးပျက်တုန်လှုပ်ချောက်ချားကာ သည်းခြေပျက်ပြီး ရူးတော့သည်။

သားငယ်လေးကလည်း သုံးလလောက်အရွယ်မှာ ဆုံးသွားတာဆိုတော့ စိတ်ဆင်းရဲမှုတွေ ခံစားရမှုတွေရဲ့ ဖိစီးမှုဒဏ်ကို အလူးအလှိမ့်ခံရပြီးနောက် စိတ်မထိန်းချုပ်နိုင်ဘဲ သွက်သွက်ခါအောင်ပင် ရူးသွားတော့၏။

စိတ်ကျန်းမာရေးဆေးရုံ ပို့ရသည့်အထိ အခြေအနေက ဆိုးဝါးသွားခဲ့သည်။ အခြေအနေကောင်းလို့ ဆေးရုံကပြန်ဆင်းလာပေမယ့် အရင်ကလို လူကောင်းတစ်ယောက်လို ပြန်ဖြစ်မလာတော့ပါချေ။



"ဦးငယ်လေး"

"ဟင်…ဘာ…ဘာလဲရှိန်း"

"အမေ့ကို ဆေးရုံမပို့ချင်ဘူး ဦးငယ်လေးရယ်၊ ရှိန်းကောင်းအောင်ဆေးတိုက်ပါ့မယ်၊ ရှိန်းကို အမေ ဘယ်လောက်ပဲရိုက်ရိုက်၊ ဘယ်လောက်ပဲထုထု ရှိန်းခံပါ့မယ်၊ အမေ့ကို အိမ်မှာပဲထားပါရစေနော်"

"အေးပါဟာ…ထားကြည့်သေးတာပေါ့၊ ငါလည်း မပို့ချင်ပါဘူး၊ ဒါပေမယ့် စောင့်ကြည့်နေလို့မှ အခေါင်မပြေတော့ဘူးဆိုရင်တော့ ပို့သင့်ရင်ပို့ရမှာပဲ ရှိန်း"

ရှိန်း ဒီတစ်ခါတော့ မငြင်းပယ်မိတော့ပါ။

ခုရှခံပြီး ဦးငယ်လေးက စောင့်ကြည့်ပေးမယ်ဆိုတဲ့ အချက်ကလေးနှင့်ပင် ကျေနပ်သွားပါပြီလေ။

"ရှိန်း"

"ရှင်"

"အစ်မမြင့် ရေမချိုးရတာ သုံးရက်လောက်ရှိနေပြီ၊ အခန်းထဲ နှင်ဝင်မှာလား"

www.burmeseclassic.com



"ဟုတ်…ရှိန်းဝင်ပြီးပြောပါ့မယ်"

"အေး…ဒါဆိုလည်းပြီးတာပဲ၊ သွား…သွား နင့်အမေ

သွားပြော"

"ဟုတ်…ဦးငယ်လေး"

ရှိန်းတစ်ယောက် အမေရှိနေတဲ့အခန်းလေးထဲ သွားဖို့ခြ
ဆင်လိုက်သည်။ သွားဖို့သာ ခြေလှမ်းပြင်ရတာ တကယ်တမ်းဖ
တော့လည်း ရှိန်း စိတ်ပူမိသားပဲ။

အမေက ရှိန်းမျက်နှာကို မြင်လိုက်တာနဲ့ ဝုန်းဒိုင်းထ
တာလေ။ အမေထွက်သွားတာကို အားပေးတဲ့သူဆိုပြီး ရှိန်း
အမေက မုန်းနေ၏။ အမှန်တရားကို ပြေရှင်းပြလို့မရတဲ့ အမေ
လည်း ရှိန်း အပြစ်မတင်ရက်ပါဘူးလေ။ အမေ့ရဲ့စိတ်က ပုံမှန်
မဟုတ်တာ။

ခေါက်…ခေါက်။

ခေါက်။

အခန်းတံခါးလေးကို အပြင်ကနေ အသာခေါက်လိုက်
အထဲမှာ ငြိမ်သက်နေတာမဟုတ်လား။ အမေများ အိပ်ပျော်
သလားဆိုပြီး တံခါးအရင်ခေါက်ကြည့်တာပါ။



"ဘယ်သူလဲ ကိုသာထွန်းရှိန်လားဟင်"

အမေ့မေးသံက ဖျော့လသင့်ချက်တွေ တနင့်တပိုးနှင့်ပါ။

"အမေ"

ရှိန်း အသံပေးမိ၏။

သူမအသံကြားတော့ အမေ့ဆီကထူးသံ တိတ်နေသည်။

"အမေ…ရှိန်းပါ"

"ဘာရှိန်းလဲ…သွား နင့်အသံမကြားချင်ဘူး၊ လာမခေါ်
နဲ့၊ ငါ့ယောက်ျားကို အဝေးဆုံးထွက်သွားအောင် လုပ်တဲ့သူ၊ သွား
နင်ထွက်သွား"

"အမေ…ရှိန်းလေ၊ ရှိန်းက အမေ့သမီးပါ၊ ရှိန်းကို
ဘာကြောင့် အခုလိုပြောရတာလဲအမေရယ်၊ ရှိန်းက အမေနဲ့အမေရဲ့
သမီးပါ၊ အမေက ရှိန်းကိုအထင်လွဲနေတာပါအမေရယ်၊ အဖေ့ကို
တခြားမိန်းမနဲ့ ထွက်သွားတာကို ရှိန်းက အားပေးပါ့မလား၊ ဒီအမေ
တစ်ယောက်တည်းကိုပဲ ရှိန်းတို့သားအမိ အားကိုးနေရတဲ့ဟာကို၊
ဘယ်လိုလုပ်ပြီး လက်လွှတ်နိုင်ပါ့မလဲအမေရယ်၊ သေချာလည်း
စဉ်းစားကြည့်ပါဦး၊ အမေက အမေ့ယောကျ်ားကို လိုအပ်သလို
ရှိန်းကလည်း ရှိန်းအဖေ့ကို လိုအပ်တာပါပဲအမေ"

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းအသံအေးအေးနှင့် အစုမေနားဝင်အောင် တံခါးအပြင်ဘက်ကနေ ပြောနေမိသည်။

အမေ့အသံတိုတ်နေတာဆိုတော့ အမေနားထောင်နေတယ်ဆိုတာ ရှိန်းသိတာပေါ့။ ဘာပဲပြောပြော အခုလို နားထောင်ပေးတာကိုပဲ ရှိန်းက ကျေနပ်နေပြီလေ။

နည်းနည်းလေး သူမအသံကြားလိုက်တာနှင့် အမေက သောင်းကျန်းအော်ဟစ်မောင်းထုတ်နေတတ်သူလေ။ ငြိမ်ငြိမ်နား ထောင်နေတယ်ဆိုတော့ အခြေအနေ တိုးတက်လာပြီလို့ပဲ မှတ်ယူရမှာပေါ့။

ရှိန်း အားတွေတက်သွားရ၏။

"အမေရယ်...ရှိန်းက အမှုသမီးပါ၊ အမေ စိတ်ဆင်းရဲရအောင် ရှိန်းက ဘာလို့လုပ်မှာလဲ၊ ပြီးတော့ အမေကလည်း ရှိန်းနဲ့အမေ့ကိုပဲ သိပ်ချစ်တာလေ၊ ဒါကို အမေရော ရှိန်းပါသိနေတာပဲဟာ၊ အမေ့ကို အမေ မယုံဘူးလားဟင်၊ အမေက အဲဒီလိုလုပ်မယ့်လူစားမျိုးဟုတ်လို့လား၊ အခု အမေက သမီးတို့ကို ချမ်းချမ်းသာသာထားချင်လို့ ပိုက်ဆံတွေအများကြီးရအောင်ဆိုပြီး သွားရှာတာပါ၊ အမေသာ မဟုတ်တာလုပ်ရင် အမေ့ထက်တောင် ရှိန်းက





ဗိုပြီးတော့တောင် တားဆီးဦးမှာပဲအမေ"

ရှိန်း ဖြေရှင်းပြတော့လည်း အမေက ငြိမ်သက်စွာပင် အခန်းလေးထဲကနေ နားထောင်ပေးပြန်သည်။ မောင်းလည်းမထုတ် မကြားချင်ဘူးလို့လည်း မတားဆီးချေ။

"အမေ"

"ဘာတုန်း"

အဲ...။

လေသံကမာထော်ပေမယ့် ပြန်ထူးနေတာမို့ ရှိန်း ဝမ်းအသာကြီးသာသွားရသည်။

"ရှိန်း အမေ့ကို မလိမ်ညာပါဘူးအမေရယ်၊ ရှိန်းတို့အမေက ရှိန်းနဲ့အမေ ရွှေတွေဝယ်ဝတ်နိုင်အောင်၊ မုန့်တွေအများကြီးစားနိုင်အောင် ပိုက်ဆံအများကြီးသွားရှာနေတာပါ၊ အမေ့စေတနာကို အမေက အသိအမှတ်ပြုပေးရမယ် မဟုတ်လားအမေ"

"ရှိန်း"

"ရှင်"

"ညည်းတကယ်ပြောနေတာလား"

"ဘာကိုလဲဟင် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအမေ ဟိုကောင်မနောက်လိုက်သွားတာ မဟုတ်ဘူးဆိုတာလေ"

"တကယ်ပြောတာပါ အမေရဲ့၊ အမေက နိုင်ငံခြားကို သွားပြီး ငွေတွေအများကြီးရအောင် သွားရှာနေတာ၊ အဲဒါ ရှိန်းနဲ့ အမေသုံးဖို့ ပေါဒီအိမ်အစုတ်ကြီးကို ဖြိုချပြီး တိုက်လှလှလေး ပြန်ဆောက်နိုင်ဖို့ ပိုက်ဆံတွေသွားစုနေတာ၊ ဒါကြောင့် အမေငွေသွားရှာတာ အဆင်ပြေအောင် အမေက ဘုရားမှာတောင် ဆုတောင်းရမယ့်ဟာကို၊ အခုလိုအထင်လွဲနေတော့ ဘယ်လိုလုပ်ကောင်းပါ့မလဲ အမေရယ်"

"ညည်းက ငါ့ကိုသော့ခတ်ထားပြီးတော့များ"

ဟယ်။

ရှိန်း မျက်ရည်လေးတွေ လက်ဖြာသွားရသည်။

တော်သေးတာက အမေက အသိစိတ်တွေ ကင်းကွာ မသွားသေးဘူးဆိုတဲ့အချက်ပါပဲ။

"ရှိန်း"

"ရှင်"

"တံခါးဖွင့်ပေးလေ"



"ဟုတ်…ဟုတ်ကဲ့ အမေ"

ငိုနှန်းတစ်ယောက် အခန်းတံခါးကိုဖွင့်ပေးဖို့လုပ်တော့ ဆောက်နေ စောင့်ကြည့်နေတဲ့ ဦးငယ်လေးကလည်း နှုတ်ခမ်းကြီး တွေပြုံးကာ ခေါင်းကို တဆတ်ဆတ်ညိတ်ပြတော့သည်။

တံခါးပွင့်လာတော့ အမေက အေးအေးဆေးဆေးပင် ထွက်လာ၏။ အရှေ့ခန်းကို ခြေလှမ်းဖြင့်တော့ ရှိန်း အမေ့လက်မောင်းကို ဆွဲတာမိသည်။

"အမေ…ဘုရားရှိခိုးဖို့လား"

"အေးလေ…ကျုပ်ယောကျ်ားအတွက် ဆုတောင်းပေးရမယ်"

"ရေချိုးဦးလေ၊ ရေမချိုးတာ သုံးရက်လောက်ရှိနေပြီ၊ ဘော်ကြာ အနံ့တွေထွက်နေရင် ဆုတောင်းက သိပ်မပြည့်ဘဲနေဦးမယ်"

"ရှုပ်လိုက်တာအေ၊ ပြီးရော…ပြီးရော၊ ရေချိုးမယ်"

"အဟင်း…ဟင်း"

"ညည်းကဘာရယ်တာလဲ"

အမေ့အမေးကြောင့် ရှိန်း ဆက်ပြီးမရယ်ရဲ။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အမေရေချိုးပြီး သနပ်ခါးလိမ်းရအောင် သွားသွေးထားပေးဖို့ပါ"

"ဟွန်း"

အမေ မျက်စောင်းထိုးတော့ ရှိုးရင်ထဲ အတိုင်းမသိအောင်ပင် ပျော်ရွှင်သွားရပါသည်။

ဩော်...။

အမေ...အမေ။

□ □ □

## အခန်း (၁၁)

ဟာ...။

ကောင်မလေး။

ဟုတ်ပါတယ်။ ကောင်မလေးမှ ကောင်မလေးအစစ်ပါ။

ခေါင်းလေးငိုက်စိုက်ချပြီး ကားမှတ်တိုင်လေးဆီ လျှောက်လာနေတဲ့ ကောင်မလေး။ သူမကိုကြည့်ရတာ စိတ်နဲ့လူက မကပ်သလိုပဲ ငူတူတူငိုင်တိုင်တိုင်လေးနှင့်ပါ။

မှတ်တိုင်လေးဆီ ဖျတ်ခနဲ လှမ်းကြည့်တော့ ထိုင်ခုံလေးမှာနေ သူထရပ်လိုက်မိသည်။ သူ့ကိုမြင်လျှင် ကောင်မလေးများ မှတ်မိမလားဆိုတဲ့ အတွေးလေးနဲ့ပါ။

သို့သော် သူ့ရဲ့ထင်မြင်ချက်က တက်တက်စင်အောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



လွဲသွားရ၏။ ကောင်မလေးဖွာ လုံးဝမမှတ်မိပါ။ မမှတ်မိသည့်အပြင် သူမက အကြည့်ပြန်လွဲသွားပြီ။ ကားမှတ်တိုင်ရဲ့ ခပ်လှမ်းလှမ်းလေးတွင်ရပ်ကာ ကားအလာကို စောင့်နေသည်။

မင်းယောကျ်ားတစ်ယောက် နေရာလေးကနေထကာ သူ့ကလေးနဲ့ မလှမ်းမကမ်းလေးတွင် သွားရပ်နေလိုက်၏။ ကောင်မလေးများ သူ့ကို မတော်တဆကြည့်မိပြီး မှတ်မိသွားမလားဆိုတဲ့ စိတ်ကူးလေးနဲ့ပေါ့။

သို့ပေမယ့် ကောင်မလေးက ဘယ်လိုမှပင် စောင်းမကြည့်ချေ။

ကတ္တရာလမ်းမကြီးကိုသာ အဓိပ္ပာယ်မဲ့ငေးစိုက်ကြည့်ကာ တောင့်တောင့်လေးရပ်နေသည်။ ကောင်မလေးကို အသေးစိတ်စောင့်ကြည့်ပြီး လှေလာအကဲခတ်နေ၏။ ဒါကို ကောင်မလေးကတော့ လုံးဝမသိပါ။

မှတ်တိုင်တွင် ကားတစ်စီးရပ်တော့ သူမချက်ဝန်းလေးတွေက ကားဆီရွေ့သွား၏။ သူမစီးမယ့်ကားမဟုတ်တော့ မျက်နှာလေး ပြန်လှည့်ကာ ခေါင်းလေးငုံ့ကျသွားပြန်သည်။

ဘာဖြစ်နေတာလဲ။



စိတ်ညစ်စရာတွေ ဘာရှိနေလို့လဲ။

သူမမျက်နှာလေးက တကယ့်ကို နွမ်းလျနေတာပါ။

ပခုံးမှာလွယ်ထားတဲ့ အိတ်လေးကို လက်တစ်ဖက်နှင့်ကျစ်နေအောင်ဆုပ်ကိုင်ထားပြီး လက်တစ်ဘက်မှာ နှစ်ရာတန်လေးတစ်ရွက်ကိုတော့ အသင့်ကိုင်ထားသည်။

ကားသမားကို အသင့်ပေးနိုင်အောင် ပိုက်ဆံအကြွေကိုတစ်ခါတည်း ဆောင်ထားတဲ့သဘောပေါ့။

သူမအတွေးတွေနဲ့ စီးမျောနေစဉ် သူမအရင်ကစီးသည့်လိုင်းကားကြီးက ထိုးရပ်လာ၏။ သူမက လှည့်မကြည့်ချေ။ သူမစီးမယ့်ကားဆိုတာ သိနေတဲ့ သူကသာ မရိုးမရွကလေး ဖြစ်နေရသည်။

အသိပေးလိုက်ရင် ကောင်းမလား။

ကားက မှတ်တိုင်မှာ ထိုးဆိုက်လာတာကိုပင် ဂရုမထားမိလောက်အောင် ဖြစ်နေတဲ့ ကောင်မလေးကိုကြည့်ပြီး သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေရသည်။ ဒီကားလွတ်သွားပါက နောက်တစ်စီး ဘယ်အချိန်မှ ထပ်ဆိုက်လာမလဲဆိုတာ စောင့်မျှော်ရတော့မည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အခုစောင့်နေတာပဲ သူမကြာနေပါပြီ။

ကြာတော့ သူဘယ်လိုမှ မအောင့်အီးနိုင်တော့။

ကောင်မလေးဆီသွားကာ…

"ဒါ…မင်းစီးမယ့်ကားမဟုတ်လား"

"ရှင်"

သူ့အမေးကြောင့် ကောင်မလေးက သူ့မျက်နှာဆီ လှ

ကြည့်ပြီး မှတ်တိုင်ရှေ့တွင်ရပ်နေသော ကားကို ဖျတ်ခနဲ စောင်း

ကြည့်သည်။

"ဟုတ်ကဲ့ယ်၊ အဲဒီကားစီးမှာ"

ပြောလည်းပြော သူမက ထွက်ခါနီးနေပြီဖြစ်တဲ့ ကားကြ

ဆီ ပြေးသည်။

"ခဏ…ခဏ လိုက်ဦးမယ်"

သူ့အသံကို အနည်းငယ်မြှင့်ပြီး ကားကြီးကို ဝှားလို

တော့ မှတ်တိုင်ကနေ စထွက်ခါစဖြစ်နေတဲ့ကားက အရှိန်လျှော

၏။ ကောင်မလေးက အရှေ့ကနေတက်ပြီး သူ့နောက်က

ထပ်ကြပ်မကွာလိုက်တက်လိုက်သည်။

"အမေ့"





ကားမောင်းလက်စမို့ မငြိမ်သဖြင့် အပေါ်တန်းကို မကိုင်

သေးတဲ့ ကောင်မလေးရဲ့ ခန္ဓာကိုယ်က ယိုင်နဲ့သွားတာမို့ သူ

လျင်အမြန်ပဲ လက်မောင်းလေးကို ဖမ်းဆွဲကာ ထိန်းပေးလိုက်ရ

သည်။

ဒီတော့မှ ကောင်မလေးက လဲပြိုမသွားဘဲ မှီရာခုံလက်

န်းကို ဆွဲကိုင်ကာ ကားအနောက်ဖက်ဆီ ခပ်ဖြည်းဖြည်းလျှောက်

သွားသည်။ အနောက်မှာက ခုံလွတ်တွေရှိနေတာမဟုတ်လား။ သူမ

ိုင်ဖို့ လျှောက်သွားတာပေါ့။ သူကလည်း သူမနည်းတူစွာပင်

ိုက်သွားမိသည်။

ပြီးတော့ သူမဝင်ထိုင်လိုက်တဲ့ ခုံတန်းလေးမှာပဲ ဝင်ထိုင်

ိုက်၏။ ကောင်မလေးက သူ့မျက်နှာဆီ လုံးဝမကြည့်ပါ။

ည်တင်းသောမျက်နှာပေးလေးနှင့်သာ ထိုင်နေသည်။

ကားစပယ်ယာက ပိုက်ဆံလိုက်ကောက်သံ ကြားတော့

တ်ထဲအသင့်ကိုင်ထားသည့် ပိုက်ဆံကို ပေးဖို့ပြင်၏။

သူတို့ထိုင်နေတဲ့ခုံအနားရောက်တော့…

"နှစ်ယောက်စာယူလိုက်"

သူက ခပ်တည်တည်နှင့် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူမက ဖျော့ခနဲ သူ့ဆီလှမ်းကြည့်သည်။

"မင်း ဟိုတစ်ခါက ကိုယ့်အတွက် ရှင်းပေးသွားတာလေ၊ အခု ကိုယ်ပြန်ပေးလိုက်တာ"

တင်။

ဒီလူ။

ဟိုတစ်နေ့ကလူပဲ။

ရှိန်း အခုမှပဲ မှတ်မိတော့တယ်။

ကြည့်စမ်း စောစောကကား ထွက်တော့မယ်ဆိုပြီး ရှိန်းကို သူကသတိပေးခဲ့တာကို။ ရှိန်းကို တွေ့ကတည်းက သူ ချက်ချင်း မှတ်မိသွားပုံပဲ။ ဒါကြောင့် ရှိန်းအနောက်ကနေ ကားပေါ်တက်လိုက်ခဲ့သည်။

"မှတ်မိရဲ့လား ကိုယ့်ကို"

"ဟုတ်"

"ဘာပဲပြောပြော အဲဒီနေ့က မင်းကို တော်တော်လေး ကျေးဇူးတင်ခဲ့တာ၊ မင်းသာခြင်းလိုက်ရင် ကားပေါ်မှာ ကိုယ် အရှက်လုံးလုံးကွဲမှာလေ"

သူ့အသံက အေးမြလိုက်တာ။ နားထောင်လို့ တကယ်





ကောင်းတဲ့အသံပါပဲ။

ပြီးတော့ သူ့မျက်နှာမှာ အပြုံးနုနုလေးကဝေလို့။

အနီးကပ်ကြည့်တော့မှ ထင်တာထက်ပင် သူ့မျက်နှာ ချောမွေ့ကြည်စင်နေသည်။ ဝိုင်းနေသော အသားအရေနှင့် မျက်လုံး၊ မျက်လုံးတွေကအစ ထူးခြားစွာပင် စွဲဆောင်မှုရှိနေ၏။ နှုတ်ခမ်းချွန်ချွန်၊ နှုတ်ခမ်းမထူမပါးနဲ့ မျက်နှာအကျအနကအစ အပြစ်ပြောရက်စရာ တစ်စက်ကလေးမှကို ရှိမနေချေ။ အထူးခြားဆုံးက သူ့ဆံပင်ထူထူနက် နက်တွေပါပဲ။ ဆံပင်ကို ခပ်တိုတို နားရွက်ပေါ်အောင် ညှပ်ထားတာ ကြောင့် ရှပ်အင်္ကျီကော်လံကြားမှ လည်ဂုတ်လေးက ဖြူနုကာ ရှင်းသန့်နေ၏။ ဒီလောက်ချောတဲ့လူမျိုး ရှိန်း တစ်သက်မှာ ဒီတစ်ခါ သာ မြင်ဖူးခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဟန်မဆောင်နိုင်ဘေ ဘင် ဘင် ရှိန်းက သူ့ကိုငေးမောကြည့်နေမိ၏။

"မင်း သင်တန်းတက်တာလား"

"ရှင်"

သတိလက်လွတ် ငေးနေမိရာမှ သူ့အမေးကြောင့် ရှိန်း မျက်လုံးလေးတွေပင့်ကာ အသိမြန်ဝင်သွားရသည်။ သူ့ခိုးလှမိခဲ့ရ သလိုမျိုး ရှက်သွားပေမယ့် အလိုက်သိသောသူ့ရဲ့ နေတတ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာသလိုတော့ ခံစားရပါသည်။

"သင်တန်းတက်နေတာလားလို့ မေးတာပါ"

"စာသင်ဝိုင်းလာတက်တာပါ၊ ရှိန်းက ဆယ်တန်းဖြေမှာလေ၊ ဒါကြောင့် စာသင်ဝိုင်းလာတက်တာ"

"မဝေးဘူးလား"

"အင်း…ဝေးတော့ဝေးတယ်၊ ဒါပေမယ့် အခုတက်နေတဲ့ စာသင်ဝိုင်းက ကောင်းလို့တက်နေတာလေ"

"ဪ"

သူက ဘာမှမပြောတော့ဘဲ ခေါင်းလေးသာ တဆတ်ဆတ်ညိတ်နေတော့သည်။ သူနဲ့ရှိန်းကြား စကားစလေး ခေတ္တပြတ်သွား၏။

"ဒါနဲ့ ရှိန်းလည်းကျေးဇူးတင်တယ် သိလား"

သူမစကားကြောင့် သူမျက်လုံးတွေ စောင်းငဲ့ကာ ကြည့်လာသည်။

"ဘာကိုလဲ"

"ဟိုတစ်ခါ မိုးရွာတုန်း ထီးဆောင်းပေးခဲ့တာလေ၊ အဲဒီနေ့က အရမ်းစိတ်ညစ်နေတာ၊ ထီးကလည်းမပါတော့ ရှိန်းမှာ



ဒီဆောင်ငိုချင်နေတယ်လေ၊ မိုးစိုမှာမကြောက်ပါဘူး၊ စာအုပ်တွေနဲ့ အနေအထွက်ဝယ်လာတဲ့ဆေးတွေက အိတ်ထဲမှာပါလာတာဆိုတော့ စိုသွားမှာပြီး ရေထိလို့ကတော့ သွားပြီပဲဆိုတဲ့အတွေးနဲ့ ဖြစ်နေတာ။ ဒီကအစ်ကိုက ထီးလာမိုးပေးလိုက်တော့ ရှိန်းမှာလေ အရမ်းကို ဝမ်းသာသွားတာပဲ၊ ခုံချင်းက လှမ်းနေလို့ ကျေးဇူးတင်စကားမပြောခဲ့ရတာ၊ မှတ်တိုင်ရောက်လို့ ဆင်းပြီး အောက်ကျမှပဲ ရှိန်း သတိရတော့တယ်"

"အင်း…အဲဒီနေ့ကဆိုရင်တော့ ကိုယ်လည်း အစော့ကို ဒုက္ခတွေအလုပ်တွေ လုပ်မိခဲ့တာပဲ"

"ရှင်"

"ဟုတ်တယ်၊ အဲဒီနေ့က မင်းကို မထင်မှတ်ဘဲတွေ့လိုက်တော့ မင်းမှာ ထီးဆောင်းစရာပါမလာဘူးဆိုတာ သတိထားလိုက်မိတယ်လေ၊ ကိုယ်နဲ့လည်း လုံးဝမသိ၊ ကြိုက်မလား၊ မကြိုက်ဘူးလားဆိုတာလည်း မစဉ်းစားခဲ့ဘူး၊ ဝတ်စုံနဲ့ကျင်မှာ ကိုယ်ရှေ့ဝင်လိုက်တဲ့ လုပ်ရပ်ကြောင့် ပြောစရာဖြစ်ပြီး အရှက်ကွဲသွားမလားဆိုတာတောင် မစဉ်းစားမဆင်ခြင်နိုင်ဘဲ မင်းကိုကူညီချင်စိတ်တစ်ခုတည်းပဲ ရှေ့တန်းတင်ပြီး လုပ်ခဲ့တာလေ၊ တော်သေးတာက မင်းက

www.burmeseclassic.com



နားလည်မှုရှိပြီး ဘာမှမပြောလို့ပဲ"

"အဟင်း…ဟင်း အရမ်းလန့်သွားတယ်ပေါ့"

အသံလေးထွက်အောင်ရယ်ကာ မေးလာတဲ့ မေးခွန်းကို နားထောင်ပြီး သူကျေနပ်စွာပင် ခေါင်းညိတ်ဝန်ခံမိသည်။

"ဒါပေါ့ကွ…တွေးမိပြီးတော့မှ လန့်နေတာလေ"

"ဒါဆို အစကတည်းက ပြစ်ထားခဲ့ပါလား"

"စောစောက ပြောပြီးပြီလေ၊ ကိုယ့်ကိုယ်ကိုတောင် သတိမထားခဲ့မိပါဘူးဆို"

"အင်း…ဟုတ်သားပဲ"

ပြောပြီးတော့မှ နှစ်ဦးစလုံး ပြိုင်တူစွာပင် ရယ်လိုက်မိကြသည်။

"ဒါနဲ့…ဘယ်မှာနေတာလဲဟင်၊ ဒီကားကိုပဲ အမြဲတမ်းစီးတာလား၊ ရှိန်းနဲ့ဆုံတာ နှစ်ခါရှိနေပြီဆိုတော့"

"မင်းဆင်းပြီး ရှေ့တစ်မှတ်တိုင်မှာ ကိုယ်ဆင်းတယ်"

"ခြောက်ကွေ့မှာနေတာလား"

သူ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပါ။ နှုတ်ခမ်းနီစွေးစွေးလေးက ပြုံးနေတာမို့ သူမပြောတဲ့စကား အမှန်ပဲဟုသာ





မှန်း မှတ်ယူမိသည်။

"ရှိန်းက ဘုမ္မာ (  )လမ်းမှာနေတာလေ"

"ဪ"

"မင်း တစ်ပတ်ကို ဘယ်နှစ်ရက် စာသင်ဝိုင်းကိုတက်ရတာလဲ"

"ငါးရက်"

ဟင်။

ဒါဆို ဟိုတစ်ပတ်က ကောင်မလေး စာသင်ဝိုင်းကို မတက်ဘဲ ပျက်ခဲ့တယ်ဆိုတဲ့သဘောလား။

မင်းယောက်ျားတစ်ယောက် သူမလေးကို စောင့်နေခဲ့တာနေ၊ တနင်္ဂနွေနဲ့ပါဆိုလျှင် တစ်ပတ်တိတိပြည့်ပြီ။ တစ်နေ့မှ သူစောင့်နေခဲ့တာ မပျက်ကွက်ခဲ့ချေ။

"ငါးရက်သာတက်ရတာပါ၊ ရှိန်းမတက်လို့ ပျက်တဲ့ရက်က များပါတယ်၊ ဒါကြောင့် နောက်လကစပြီး မတက်တော့ရင်ကောင်းမလားလို့ စဉ်းစားနေတာပဲ"

"ဟင်…ဘာဖြစ်လို့လဲ"

"သွားရလာရတာဝေးလို့ပါ"

www.burmeseclassic.com



"မင်းပြောတော့ ဝေးဝေးမယ့် စာသင်ပြတာကောင်းတယ်ဆို"

"ကောင်းပါတယ်၊ ဒါပေမယ့်"

သူမမျက်ဝန်းလေးတွေ ချက်ချင်းပင် အရောင်ပြောင်းသွား၏။ ပြောလက်စစကားလေးကို ရပ်ပစ်သည်။ စောစောက ရယ်မော နေတဲ့ ကောင်မလေးက အခုတော့ အပြုံးနဲ့ ရှာချတော့မယ့်မိုးလို ညှို့မှိုင်းလို့။

ဘာဖြစ်လို့လဲ၊ ဆက်ပြောလေလို့ မေးလိုက်ချင်ပေမယ့် ကိုယ်နဲ့မသက်ဆိုင်ပါလားဆိုတဲ့ အသိကြောင့်ပဲ စိတ်ကို ထိန်းချုပ်ခဲ့ရ၏။ ဝမ်းနည်းအားငယ်စိတ်လေးတွေနဲ့ တိတ်ဆိတ်နေတဲ့သူမကို ဘယ်လိုအားပေးစကား ပြောရမလဲပဲ စဉ်းစားမိသည်။

"မင်းတို့လူငယ်တွေရဲ့ အတွေးကတစ်မျိုးပဲ"

"ရှင်"

"စာသင်ပြကောင်းတဲ့ စာသင်ဝိုင်းဆို သိပ်ပြီးတက်ချင်ကြတယ်လေ၊ တကယ်တော့ ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုကသာ အဓိကပါကွာ၊ သင်တာ ဘယ်လောက်ကောင်းကောင်း ကိုယ့်ရဲ့ ရယူမှုအားနည်းရင် ဘာမှကိုမရဘူး၊ ပြီးတော့ ကိုယ်နေတဲ့အိမ်ရဲ့





ဘေးမှာ ဝိုက်လုပ်တဲ့ကောင်လေးက အရမ်းတော်တယ်၊ အရေးကြီးတာက ကျောင်းမှန်မှန်တက်ပြီး ဝိုက်ခေါ်၊ အိမ်မှာစာကျက်တာသာ အကောင်းဆုံးပဲလို့ ကိုယ်တော့ထင်တာပဲ၊ မင်း အဲဒီလိုမလုပ်ချင်ဘူးလား၊ အခုလိုသွားလာနေရတာထက် ပိုပြီး လွယ်လည်းသက်သာတယ်၊ အချိန်လည်းပိုရတယ်လေ"

"ဟုတ်တယ်နော်"

သူမမျက်ဝန်းလေးတွေ ငေးကျသွား၏။ စဉ်းစားသလိုရှိနေတဲ့ သူမမျက်နှာလေးကို မင်းယောက်ျား ငေးမောမှင်သက်စွာကြည့်နေမိသည်။ ဘာကြောင့်လဲ။ သူဘာတွေလျှောက်ပြီး ပြောမိတာလဲ။

သူ့စိတ်ထဲမှာ မြောက်ဥတ္တရလာကနေ မြို့ထဲအထိ တကူးတက တပင်တပန်း စာသင်ဝိုင်းလာတက်နေတဲ့ ကောင်မလေးကို သက်တောင့်သက်သာကလေး စာသင်စေချင်သည်။ အဲဒီစိတ်လေး တစ်ခုတည်းနဲ့ပဲ ပြောမိတာလေ။

"ဟို…ဟိုလေ ဝိုက်ခေါ်ရင် ဘယ်လောက်ပေးရမလဲဟင်၊ ဈေးကြီးမယ်ထင်တယ်"

"နှစ်သောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…နှစ်သောင်း ဟုတ်လား"

ကောင်မလေးရဲ့ မျက်လုံးတွေ ပြူးဝိုင်းသွားတာကြောင့် သူပြောလိုက်တာ သိပ်ပြီးများသွားပြီလားဆိုပြီး လန့်သွားရ၏။

"ဘာလဲ…များလို့လား၊ ဒါဆိုလည်း ဒီ့ထက်ဈေးလျှော့အောင် ကိုယ်ပြောပေးမယ်လေ"

"ဟာ…မများဘူး၊ မများဘူး၊ အခုခေတ်မှာ ဝိုက်ခေါ်ရင် တစ်ယောက်တည်းဆို ခုနစ်သောင်းလောက်ယူတာ၊ နှစ်သောင်းဆိုတော့ အံ့တောင်သြသွားတယ်၊ ဟုတ်မှဟုတ်ရဲ့လားဟင်၊ အစ်ကို နားကြားများလွဲနေတာလား"

အမလေး တော်ပါသေးရဲ့။ ဈေးများတယ်ထင်ပြီး သူက ထပ်လျှော့ဖို့ ကြံစည်နေတာ။ ကောင်မလေးအတွက် သူအားလုံး အဆင်ပြေအောင် စီစဉ်ဖို့ ခေါင်းထဲထည့်ထားတာလေ။ အခုတော့ သူမလေးကိုယ်တိုင်က စိတ်ပါဝင်စားနေပြီဆိုတော့ အဆင်ပြေသွားတာပေါ့။

"မလွဲပါဘူးကွာ၊ အစ်ကို့ညီဝမ်းကွဲတစ်ယောက် လုပ်စားနေတာပဲ၊ မင်းခေါ်ချင်တယ်ဆိုရင် ကိုယ့်ကို ဖုန်းဆက်ပြောလေ ကိုယ်က ရွှေယမင်းဆောက်လုပ်ရေးကုမ္ပဏီမှာ အလုပ်လုပ်တယ်



ဒီကိုတော့ ကြော်ငြာဆိုသလို ရောက်တယ်၊ မင်းဆက်သွယ်လို့ရအောင် ဖုန်းနံပါတ်ရေးပေးထားမယ်၊ ဘောပင်(နဲ့)နဲ့စာအုပ်ပေး"

ကောင်မလေးဆီက သူ စာအုပ်နဲ့ဘောပင်လေး တောင်းမိသည်။ တကယ်တော့ လိပ်စာကတ်လေးက သူ့အိတ်ကပ်အိတ်သေးလေးထဲမှာ အသင့်ရှိပြီးသား။ သို့ပေမယ့် သူထုတ်မပေးချင်။ အရှိန်အဝါတစ်ခုကြောင့် သူမနဲ့သူကြားက ခင်မင်နေမှုလေးကို ဖုံးလွှမ်းသွားမှာ မလိုလားနိုင်အောင်ဖြစ်နေရသည်။

မင်းယောကျ်ားတစ်ယောက် သူကိုယ်သူလည်း ဘာတွေလုပ်နေမိလို့ လုပ်နေမိမှန်း မသိနိုင်အောင်ပင် ဖြစ်နေရ၏။ ပျော်ရွှင်နေမိသည်။ အခုလိုရှိနေရတာလေးကိုပဲ စိတ်မှာ ကြည်နူးနှစ်သိမ့်နေမိသည်လေ။ သူမကိုမောလွန်းလို့ မျက်ပြယ်သွားမှာ သေလောက်အောင်ပင် စိုးထိတ်နေခဲ့ပါသည်။

"ရော့…အစ်ကို"

ကောင်မလေးကမ်းပေးတဲ့ စာအုပ်လေးကို ဖွင့်ပြီး ဘောပင်နဲ့လေးနဲ့ ဖုန်းနံပါတ်ရေးပေးလိုက်၏။

"ကဲ…အစ်ကို ရှေ့မှတ်တိုင်ဆို ဆင်းတော့မယ်နော်၊ ဒါနဲ့ ရှိန်းနာမည်ကိုလည်း မှတ်ထားဦး နွေးထွေးရှိန်းတဲ့"

www.burmeseclassic.com



"ကောင်းပြီ ရှိန်း"

"ဒါနဲ့ အစ်ကိုနှာမည်က"

"မင်းယောကျ်ား"

"ရှင်"

"မင်းယောကျ်ားပါ ရှိန်း"

အို။

ဘယ်လိုနှာမည်ကြီးလဲ။

ကြားကြားချင်း ရှိန်းမျက်နှာ ရှက်သွေးက ဖြန်းခနဲ ဆင်းရမယ့်မှတ်တိုင်ရောက်တော့မှာမို့ နေရာကနေ ကပျာကယာ ထရပ်လိုက်ပြီး သူ့မျက်နှာချောချောကြီးဆီ တစ်ချက်ကြည့်လိုက် တော့ နွေးမြလိုက်လှဲသော မျက်ဝန်းစိုစိုများနှင့် အကြည့်ချင်းဆုံကာ ရင်က ဖြန်းခနဲခုန်သွားရပါသေးသည်။

□ □ □

## အခန်း (၁၀)

"ဆရာ…ကျွန်တော့်ကိုတွေ့ချင်လို့ဆို"

ရိုကျိုးတိုးလျသော မေးသံကြောင့် အလုပ်လုပ်နေရာမှ ခေါင်းမော့ကြည့်မိ၏။

"သြော်…မင်းခန့် ထိုင်လေ"

"ဟုတ်ကဲ့ဆရာ"

ကုမ္ပဏီမှ အသစ်ခန့်အပ်လိုက်သော အလုပ်သမားလေး စားပွဲရှေ့မှခုံလွတ်တွင် ထိုင်ခိုင်းလိုက်သည်။

"မင်းခန့်"

"ဟုတ်ကဲ့…ပြောပါဆရာ"

"မင်း ဒီကုမ္ပဏီမှာ အလုပ်မဝင်ခင်က ဆယ်တန်းအောင်

www.burmeseclassic.com



လုပ်ဖူးတယ်ဆို"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တက်ခဲ့တဲ့ စာသင်ဝိုင်းက အလုပ်ခန့်လို့ ဝင်ကူညီလုပ်ပေးခဲ့ဖူးပါတယ်၊ ဘာကိစ္စရှိလို့ပါလဲဟင် ဆရာ"

"အကူအညီတစ်ခု တောင်းစရာရှိလို့ပါ မင်းခန့်"

"ဟုတ်ကဲ့ ပြောပါဆရာ"

"ဆယ်တန်းတစ်ယောက်ကို ဂိုက်လုပ်ပေးပါလား မင်းခန့်"

"ဗျာ"

"ဟုတ်တယ် မင်းခန့်၊ ဂိုက်လုပ်ဖူးတဲ့သူဆိုတော့ ဘာပဲ ပြောပြော အဆင်ပြေနိုင်တယ်လေ၊ ကိုယ့်ကို ဒီတစ်နှစ်စာမေးပွဲ ဖြေနိုင်အောင်ထိပဲ ကူညီပါ၊ ပြီးရင်တော့ ကုမ္ပဏီမှာ အလုပ်ပြန် ဆင်းပေါ့ကွာ၊ အဲဒီအတွက် ကုမ္ပဏီလစာအပြင် ဂိုက်လုပ်ပေးတဲ့ အတွက်ပါ ကိုယ်ပေးပါ့မယ်"

ဆရာမင်းယောက်ျားရဲ့ အထူးအဆန်းစကားတွေကြောင့် မင်းခန့်မင် အတွေတွေဖြစ်ချင်သွားရသည်။ စာသင်ဂိုက်လုပ်ရတာ စိတ်ရှုပ်လို့ လစာကောင်းပြီး ကိုယ့်အတွက်လည်း တက်လမ်းရှိတဲ့ ကုမ္ပဏီအလုပ်ကို လုပ်ပါတယ်ဆိုမှ စာကူကျက်ပေးဖို့ ဂိုက်လုပ် ပေးပါတဲ့။

လစာငွေအပြင် စာကူကျက်ပေးသည့် ဂိုက်လစာပါ ထပ်ပေးဦးမယ်တဲ့။ ဘယ်လိုပဲတွက်တွက် ငွေကြေးနဲ့ပတ်သက်ပြီး အဆင်ပြေတာတော့ အမှန်ပဲဖြစ်သည်။

ခက်နေတာက ဆရာသမားရဲ့စိတ်ကူး။ ကြားသိရသလောက် မင်းယောက်ျားဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ဟာ တစ်ဦးတည်းသောသားတစ်ယောက်ဆိုတာရယ်။ ဖခင်ဆုံးပါးသွားပြီးနောက်ပိုင်း ကျွှသိုလ်တက်ရင်း လုပ်ငန်းကို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဦးစီးခဲ့တယ်ဆိုတာရယ်ပါပဲ။ ဘယ်နှယ့် ဆယ်တန်းဂိုက်ပြန်ငှားနေရသလဲ။

"မင်းခန့်"

"ဗျာ...ဆရာ"

"ဘယ်နှယ့်လဲ ကိုယ်ပြောသလိုလုပ်ပေးနိုင်မလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် လုပ်ပေးနိုင်ပါတယ်၊ ဒါနဲ့ ကျွန်တော်က ဘယ်သူ့ကို ဂိုက်လုပ်ပေးရမှာလဲဆရာ"

"နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးတစ်ယောက်ကို"





www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်တဲ့။

သေချာတာတော့ ဆရာရဲ့ အသိမိတ်ဆွေတစ်ဦးဦးရဲ့ သမီးပဲ ဖြစ်ရမည်။ ဒါကြောင့်လည်း ကုမ္ပဏီအလုပ်တွေနဲ့ မအား လပ်တဲ့ကြားကနေ အခုကိစ္စကို ခေါင်းထဲသေချာထည့်ပြီး စိစဉ်ပေး တာနေမှာပေါ့။

"ရပါတယ်ဆရာ၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်၊ ဒါနဲ့ ကောင်မလေးက ဘယ်မှာနေတာလဲဆရာ ကျွန်တော်က ဘယ်ကိုသွားပေးရမှာလဲ"

"သူနေတာက မြောက်ဥက္ကလာဘက်မှာနေတာ"

"ဗျာ"

"ဟုတ်တယ် မင်းခန့်၊ မင်းနေတဲ့နေရာနဲ့ တခြားစီဆိုတာ သိတယ်၊ ဒါကြောင့် မင်းနေထိုင်ဖို့အတွက်ပါ မြောက်ဥက္ကလာတင် မှာ ကိုယ်အိမ်ငှားထားပြီးပြီ၊ ဒီလမကုန်ခင် မင်းပြောင်းနေရလိမ့် မယ် မင်းခန့်"

ဟာ ဘာတွေလဲ။ ဆရာသမား ဘာတွေကြိစည်နေတာ လဲ။

ကောင်မလေးကို ဂိုက်လုပ်ပေးဖို့ မြောက်ဥက္ကလာမှာ



ဆောင် အိမ်ကြီးငှားထားပြီးပြီတဲ့လေ။ ဆရာ့ကိုကြည့်ပြီး မင်းခန့် နားဝင်မလည်ချင်တော့။

"ပြီးတော့ မင်းကိုတစ်ခုပြောရဦးမယ်၊ အဲဒါ ကိုယ်ဟာ ကုမ္ပဏီဆိုင်ရှင် သူဌေးတစ်ယောက်ဆိုတဲ့ အချက်ကို နွေးထွေးရှိန်း ဆိုတဲ့ ကောင်မလေး မသိစေဖို့ပဲ၊ မင်းက ကိုယ့်ညီဝမ်းကွဲ တစ်ယောက်လို့ပဲ သူ့ကိုပြောထားတာဆိုတော့"

မင်းခန့် ဆရာသမားရဲ့မျက်နှာကို စေ့စေ့ကြည့်မိ၏။ လုံးမလဲဖြစ်ကာ သူ့မျက်ဝန်းတွေကို ရှောင်သွားတဲ့ ဆရာ ခင်းယောက်ျား။ ဖြူနုကြည်စင်နေတဲ့ ဆရာသမားရဲ့ မျက်နှာပြင် က ပန်းသွေးရောင်လေးဆွတ်ဖြန်းလို့။

ဒီလောက်ဆို မင်းခန့်လည်း သဘောပေါက်သင့် သလောက်တော့ ရှိပါပြီ။ ယောက်ျားချင်းပဲလေ။

ဘယ်ခြေလှမ်းလှမ်းရင် ဘယ်လိုသဘောဆိုတာ ရိပ်မိတာ ပေါ့။ ကိုယ့်ဆရာ လူပျိုကြီး သိပ်မရိုးလှတော့ဘူးဆိုတာကိုလေ။

"ကောင်းပါပြီ ဆရာ၊ ကျွန်တော့်ဘက်က အစွမ်းကုန် အဆုံး ကောင်းအောင်ကြိုးစားပါ့မယ်၊ ဆရာ စိတ်ချပါ"

"ကျေးဇူးပဲ မင်းခန့်၊ အခုလို အကူအညီတောင်းတာကို

www.burmeseclassic.com

www.burmeseclassic.com



လဲ''

''ဘယ်သူ့ကိုမှ မသိစေချင်ဘူးမဟုတ်လား ဆရာ''

''အေးကွာ…မင်းက သဘောပေါက်တော့လွယ်သား

မင်းခန့်ရယ်''

ဝင်းခနဲ လက်ဖြာသွားတဲ့ ဆရာသမားရဲ့ မျက်နှာ

ငေးကြည့်ပြီး မင်းခန့်ရင်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။

ဒါ သရုပ်ဆောင်ကောင်းပြနေတဲ့ ပုံစံမျိုးမဟုတ်။

တကယ့်လက်တွေ့ ခံစားနေခြင်းသာပါ။

နွေးထွေးရှိန်းတဲ့။

ဘယ်လိုကောင်မလေးမျိုးလဲ။

သေချာတာကတော့ ဆရာသမားရဲ့ စိတ်အာရုံထွေ

တော့ အတော်ကလေး ဖမ်းစားထားခြင်းပင်။

ကိုယ့်ဆရာသမားအကြောင်းကို အလုပ်ဝင်တာ ဘာ

မကြာသေးပေမယ့် အထိုက်အလျောက်တော့ မင်းခန့် သိထား

မိန်းကလေးအရှုပ်အရှင်း ကင်းတဲ့သူပါ။ ကြိုးစားသည်

ရိုးသား၏။ အလွှာတန်းစားမခွဲခြားတတ်။ အလုပ်ခွင်မှာ စည်း

ရှိတာကလွဲပြီး အပြင်မှာတော့ စာနာစိတ်အပြည့်ရှိတဲ့ မိတ်



ဘောင်းတစ်ယောက်လိုပင် ရှိသည်။ မာနဆိုတာ ဆရာသမားမှာ

လုံးဝမရှိပါ။

ဆရာ့ရုပ်ရည်၊ အရည်အချင်း၊ ပိုင်ဆိုင်မှုတွေကြောင့် အနား

ကပ်ချင်နေတာများလား။ ဆရာ့ပုံစံကိုကြည့်ရတာ ဒီကောင်မလေး

ကိုတော့ အလေးအနက်ထားလွန်းနေသည်။

ထူးဆန်းတာက ဆရာသမားကိုယ်တိုင် သူ့ရဲ့ဘဝအမှန်ကို

ကောင်မလေးသိမသွားအောင် ဖုံးကွယ်ခိုင်းထားခြင်းပဲ။ ကောင်မ

လေးဆီက ဗီအားတွေ တိုးလာမှာ ဆရာသမားက ကြောက်နေတာ

လား။ ဘယ်လိုအခက်အခဲ အကြပ်အတည်းတွေနဲ့ ဆရာ ရင်ဆိုင်

နေရလို့လဲ။

တာပဲပြောပြော မင်းခန့်ဆိုတဲ့သူကိုမှ ရွေးချယ်တာဆိုတော့

ဆရာ့ရဲ့အားကိုးမှုကို ဝမ်းသာပျော်ရွှင်မိသည်။ ဒါဟာ

လူတစ်ယောက်ရဲ့ ယုံကြည်မှုကိုပြတာမဟုတ်လား။ မင်းခန့်ကို

ယုံကြည်၍သာ ဆရာသမား အကူအညီတောင်းခံခြင်းပဲဖြစ်သည်။

''မင်းခန့်''

''ဗျာ''

''မြောက်ဥက္ကလာသွားနေဖို့ အဆင်ပြေပါ့မလား မိဘ

www.burmeseclassic.com

www.burmeseclassic.com



တွေက"

"ကျွန်တော့်မိဘတွေက နယ်မှာနေတာပါဆရာ၊ ကျွန်တော်က အဒေါ်အိမ်မှာကပ်နေပြီး ပညာလာသင်တာ၊ နေရေးထိုင်ရေးက အရေးမကြီးပါဘူးဆရာ၊ အလုပ်က နေစရာပေးတယ်ပြောပြီး ထွက်ခဲ့လို့ရပါတယ်၊ ပြီးတော့ အားလပ်တဲ့အချိန်တွေလည်းရှိမှာဆိုတော့ အလည်အပတ်သွားရင်လည်း ရနေတာပဲဟာ ကျွန်တော့်ဘက်က အဆင်မပြေစရာအကြောင်း မရှိပါဘူးဆရာ"

"သြော်...အေး ဒါဆိုလည်းပြီးတာပါပဲ"

"ဆရာ"

"ပြော...မင်းခန့်"

"ဘယ်တော့လောက် အလုပ်စဝင်ရမလဲဆရာ"

"ခဏစောင့်ဦး မင်းခန့်၊ နွေးထွေးရှိန်းဆီက ဖုန်းမဆက်သေးဘူး၊ ဒါပေမယ့် ဒီလကုန်လောက်မှ မင်းစသင်ရမယ်ထင်တယ်၊ စာသင်ဝိုင်းတက်တာ ဒီလကုန်တဲ့အထိ တက်ဦးမယ်ဆိုတော့"

"ကျွန်တော် ဒီလမကုန်ခင် ပြောက်ဥက္ကလာက ဆရာငှားထားတဲ့အိမ်ကို ကြိုတင်ပြီး ပြောင်းနေလိုက်ပါ့မယ်"



ဟာ။

မင်းယောကျ်ားတစ်ယောက် တပည့်ဖြစ်သူ၏ အလိုက်သိသိမ္မာပါးနပ်မှုကြောင့် ပါးစပ်လေးပင် အဟောင်းသားဖြစ်ကာ အံ့သြသွားရသည်။

"မင်းခန့်"

"ဗျာ"

"ဘာဖြစ်လို့မမေးတာလဲ"

"ဗျာ"

"နွေးထွေးရှိန်းနဲ့ ဘယ်လိုဆက်စပ်နေလဲဆိုတဲ့ မေးခွန်းမျိုးပေါ့"

"ကျွန်တော့်အတွက် မလိုအပ်ဘူးထင်လို့ ဆရာ၊ ဆရာအလုပ်သမားဖြစ်တဲ့အတွက် ဆရာခိုင်းတာလုပ်မယ်၊ ဆရာ့အတွက်အန္တရာယ်တစ်ခုခုဖြစ်စရာတွေ့ရင် ကာကွယ်မယ်၊ ဒါ ကျွန်တော်ထမ်းဆောင်ရမယ့် တာဝန်နဲ့ဝတ္တရား အစစ်အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဆရာပေးတဲ့လစာကို တန်အောင်ယူထားလို့ပဲ၊ ကျွန်တော့်ဘက်က တန်ရာတန်ကြေး ပြန်ပေးဆပ်ရမယ်လေဆရာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ရယ်။ ကိုယ်ငိုလူရွေးမှန်သွားတယ်ကွာ။

ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး ကိုယ့်စိတ်ကို နားလည်ပေးလို့လေ။

"ကျွန်တော့်ကို ပြောစရာရှိတာ ဒါပဲလားဆရာ"

"ဩော်...အေး...သွား...သွား မင်းအလုပ်မင်းသွားလုပ်တော့ မင်းခန့်"

"ဟုတ်ကဲ့ ဆရာ"

တရိုတသေပဲ သူ့ရှေ့ကနေ ထွက်သွားတဲ့ မင်းခန့်နောက်ကျောပြင်လေးကိုကြည့်ပြီး စိတ်ချလက်ချပင် မင်းယောက်ျားတစ်ယောက် သက်ပြင်းချနိုင်တော့သည်။

ကောင်မလေး မင်းဘာလို့ ကိုယ့်ဆီ ဖုန်းမဆက်သေးတာလဲ ကောင်မလေးရယ်။ ကိုယ် မင်းဆက်သွယ်လာမယ့်ဖုန်းလေးကိုစောင့်နေပါတယ်။ အချိန်ပြည့် ဟမ်းဖုန်းလေးဆီမှာပဲ ကိုယ့်စိတ်တွေရောက်နေခဲ့တာပါကွာ။

အမြန်ဆုံး ဆက်သွယ်စမ်းပါ။

စကျက်ဖို့ ဝိုက်ငွားပေးပါလို့ အကူအညီတောင်းစမ်းပါရှိန်းရယ်။



ကိုယ့်ကို တစ်ခါလောက်လေးပဲ အခွင့်အရေးလေးပေးပါနော်။

မင်းဆီက ဆက်လာမယ့် ဖုန်းလေးကို ကိုယ်မျှော်လင့်နေတယ် ကောင်မလေးရယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ရှိန်း"

"ဟာ…ကိုမင်း"

ဒီတစ်ခါတော့ ရှိန်းက သူ့ကိုမမေ့တော့ပါ။

သူခေါ်သံကြားတာနှင့်ပင် ချက်ချင်း လှည့်ကြည့်ကာ သွားလေးတွေပေါ်အောင်ပင် ပြုံးရယ်ပြသည်။ ရှိန်းရဲ့မျက်နှာလေးက အရင်ကလို ညှိုးနွမ်းမနေဘဲ ကြည်ကြည်လင်လင်လေး ရှိနေ၏။ သူမကလေးကို တွေ့မြင်လိုက်ရသည်ဆိုလျှင်ပဲ မင်းယောက်ျား ရင်တစ်ခုလုံး အေးချမ်းသွားတာတော့ အမှန်ပါ။

"မင်းကွာ…ဖုန်းဆက်မယ်ထင်တာ ဘာဖြစ်လို့ မဆက် ရတာလဲ၊ ကိုယ့်မှာတော့ အချိန်ပြည့်စောင့်မျှော်လို့"





"ရှင်"

"ဒီတစ်ခါက ကားပေါ်မှာပြောထားတဲ့ကိစ္စလေ၊ ဝိုက် ခေါ်ဖို့ကိစ္စ"

"ဪ…ဟုတ်သားပဲ၊ ဆောရီး ရှိန်း မေ့သွားလို့"

ကြည့်စမ်း မေ့သွားလို့တဲ့။

သူမက ပေါ့ပေါ့ပါးပါးလေး ပြောလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ နင့်ခနဲ ခံစားသွားရသည်။ သူ့ဘက်ကသာ တစ်ဖက်သတ် ရှိန်းနဲ့ပတ်သက်သမျှ မမေ့မဖျောက်နိုင်ဘဲ သတိတရရှိနေရတာ သူမလေးကတော့ ခံစားချက်က ပြောင်းပြန်ဖြစ်နေသည်။

"ကိုမင်း"

"ဟင်"

"ရှိန်း အိမ်ပြန်ရောက်တော့ ဦးငယ်လေးနဲ့ အဲဒီအကြောင်း ဆွေးနွေးဖြစ်ပါတယ်၊ စာသင်ဝိုင်းကို နေ့တိုင်းသွားရတဲ့ဒုက္ခရော ပင်ပန်းမှုနဲ့ပါ သေချာတွက်ပြတာပေါ့၊ ဒါနဲ့ပဲ ဦးငယ်လေးကလည်း အိမ်မှာဝိုက်ခေါ်သင်ဖို့ ခွင့်ပြုခဲ့တယ်လေ၊ ကိုယ့်အိမ်မှာပဲဆိုတော့ ပိုပြီးအဆင်ပြေတယ်လို့ပြောတယ်၊ အဲဒါနဲ့ ရှိန်းလည်း ကိုမင်းဆီကို ဖုန်းဆက်ဖို့ပဲ၊ ဒါပေမယ့် အိမ်မှာက တခြားကိစ္စလေးတွေရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖုန်းထွက်မဆက်ဖြစ်ဘဲ ရှိနေတာ၊ စာသင်ဝိုင်းကနေ ဒီလကုန်မှ ဖွက်မှာဆိုတော့လည်း ဒီအတိုင်းပဲနေမိတာလည်းပါပါတယ်၊ အချိန်ရှိသေးတယ်ဆိုပြီး ခေါင်းထဲကနေ ခဏထုတ်ထားတော့လေ"

"ရှိန်း"

"ရှင်"

"မင်း ဘယ်တန်းရော တကယ်အောင်ချင်ရဲ့လား"

"ရှင်"

"မင်းအရွယ်မှာ ပညာရေးပဲ ခေါင်းထဲထည့်ထားရမယ့်ဟာကို အရေးသိပ်မကြီးသလိုပဲ သိပ်ပြီးပေါ့ပျက်ပျက်နိုင်တာပဲ" ဟင်။

သူလေသံက ညီမငယ်တစ်ယောက်ရဲ့ အနာဂတ်ကို တွက်ချက်ပြီး ဆုံးမပေးနေတဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့အသံမျိုး။

ရှိန်းကို သူ့မျက်လုံးထဲ ဘယ်လိုပုံစံမျိုး မြင်သွားတာလဲ။ ခပ်ဆိုးဆိုးကောင်မလေးတစ်ယောက်လို့ ထင်မြင်သွားတာလား။ သူ့ကိုကြည့်ရတာ ရှိန်းရဲ့ အခုမှ စတင်သိကျွမ်းပေမယ့် သူစိမ်းမဆန်။ တကယ့်ကို အလေးအနက်ထားသလိုရှိနေသည်။ ရှိန်း တွက်မသားလောက်အောင် သူက ခင်တွယ်နေတာပါလား။





"မင်းဘာကြည့်နေတာလဲ၊ ကိုယ်ပြောတဲ့စကားထဲမှာ အမှားပါသွားလို့လား၊ အခုလိုပြောတာ မင်းဘဝအတွက်ကွ၊ အဲဒါကို မင်းနားလည်သင့်တယ် ရှိန်း၊ မင်းကို တကယ်ခင်လို့ စေတနာနဲ့ပြောတာ"

"ကိုမင်း"

"ပြော"

"ရှိန်းကို စိတ်ပျက်သွားတာလားဟင်"

"မပျက်ပါဘူး"

ခေါင်းခါပြင်းလိုက်ပေမယ့် သူ့ရဲ့မျက်နှာရိပ်မျက်နှာကဲကိုတော့ ရှိန်း သေချာဖတ်နိုင်ပါသည်။

အံ့ဩစရာပဲ။ ကိုမင်းကိုကြည့်ရတာ ရှိန်းကို ညီမငယ်လေးတစ်ယောက် ကောင်းစားတာကိုပဲ မြင်တွေ့ချင်နေတဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့ ဒီနိုင်း။ စေတနာအရင်းခံနဲ့ သူ့ဘက်ကထားရှိခြင်းကို အစော်ကားခံလိုက်ရသလို စိတ်မကောင်းဖြစ်နေတဲ့ပုံစံမျိုးပါ။

"ကိုမင်း"

"ပြော"

www.burmeseclassic.com



"ရှိန်း တောင်းပန်ပါတယ်၊ ရှိန်းက စေတနာကို စော်ကားချင်သလိုမျိုး ပေါ့ဖျက်ဖျက်နဲ့ပြောလိုက်တာ မဟုတ်ပါဘူး၊ ပညာရေးကို ရှိန်း အရမ်းအလေးထားတာပါ၊ ရှိန်းဘဝအတွက် ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာ ရှိန်းကိုယ်ရှိန်းထက် ဘယ်သူကမှ ပိုမသိပါဘူးကိုမင်းရယ်၊ ဒါပေမယ့် အခုအချိန်မှာ အိမ်ရဲ့အပူသောက ရှိန်းခေါင်းထဲမှာ နေရာအပြည့်ယူထားတာဆိုတော့"

"မင်းမှာ မိဘတွေမရှိဘူးလား ရှိန်း"

"ရှင်"

"မိဘတွေကိုမေးတာ"

"ရှိပါတယ်"

"ဒါနဲ့များတောင် မင်းက အိမ်ရဲ့အပူသောကဆိုပြီး အကြောင်းပြချက်ပေးရသေးတယ်"

ခက်ပြီ။

ကိုမင်းနားလည်အောင် ရှိန်း ဘယ်လိုရှင်းပြရမလဲ။

မိဘတွေရှိပေမယ့် အဖေက နိုင်ငံရပ်ခြားမှာ။ အမေက စိတ္တဇဝေဒနာသည်တစ်ယောက်။ ငွေမပို့နိုင်သေးတဲ့အဖေကြောင့်





အိမ်မှာချန်ထားခဲ့တာလေးကို မနည်းချွေတာစားသောက်နေရတဲ့ ရှိန်းရဲ့ လက်ရှိအနေအထားကို အခုမှသိကျွမ်းတဲ့ လူစိမ်းတစ်ယောက်ကို ရင်ဖွင့်ပြီး ငြီးငြူပြဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့အရာပါ။

ကိုမင်းက ဘာမှမသိတဲ့သူမို့လား။

ဒီတော့ ရှိန်းပြောတာကို မခိုင်လုံတဲ့အကြောင်းပြချက်ပေးနေတယ်လို့ပဲ သံသယရှိနေမှာပေါ့။

နေပါစေ။ ရှိန်း မရှင်းပြချင်ပါဘူး။

ရှိန်းကို အထင်လွဲချင်လည်း လွဲပါစေတော့။ ကိုယ့်ရဲ့အိမ်တွင်းရေး သူများကို မပြောချင်တော့ဘူး။

"ရှိန်း"

"ပြောပါ"

"မင်းယုံချင်မှယုံပါ၊ မင်းကို စတွေ့လိုက်တဲ့အချိန်ကစပြီး ကိုယ်က တကယ်ပဲ ခင်မင်သွားခဲ့တာ"

"ယုံပါတယ် ကိုမင်း"

"ဒီမြို့ထဲအထိ တကူးတကလာပြီး စာသင်ဝိုင်းတက်နေတာကို မပင်မပန်းနဲ့ အချိန်တွေပိုရပြီး စာပဲကျက်မှတ်စေချင်လို့ပါ၊ စာသင်ဝိုင်းက ဆရာတွေကောင်းပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက မင်းကိုယ်တိုင်ကျက်မှတ်ချင်တဲ့စိတ် ရှိမှပဲဖြ
မှာမဟုတ်လား၊ ဒါကြောင့် ကိုယ်က ခေါင်းထဲထည့်စဉ်းစားပြီ
စီစဉ်ပေးဖို့လုပ်နေတာ၊ ကိုယ့်ညီမ်းကွဲလေးကိုတောင် ပြောပြီးပြီ
မင်းအတွက် ငွေကြေးအဓိကမထားဘဲ ကူညီပေးဖို့ပေါ့ ရှိန်း"

ကိုမင်းရယ် ဘာကြောင့်လဲဟင်။

ရှိန်းကိုမှ ဘာဖြစ်လို့ အခုလိုစေတနာတွေ ထားနေရ
လဲ အစ်ကိုမင်းရယ်။

"ရှိန်း"

"ရှင်"

"ဒီလကုန်ရင် စာသင်ပိုင်းဆက်မတက်နဲ့တော့၊ အိမ်
တဲ့နေရာမှာရှိတဲ့ စာသင်ပိုင်းတစ်ခုခုကိုပဲ ပြောင်းတက်၊ မင်း
ကိုယ့်ညီလေးက ဝိုက်လုပ်ပေးလိမ့်မယ်၊ မင်းလခမပေးနိုင်လည်
ကိစ္စမရှိဘူးနော်၊ အရေးကြီးတာ မင်း ထူးထူးချွန်ချွန်နဲ့ အောင်
တာကိုပဲ ကိုယ်ကလိုချင်တာ"

"ကိုမင်း"

"ပြော"

"ရှိန်းအပေါ် ဘာဖြစ်လို့ ဒီလိုစိတ်မျိုးထားရတာလဲ

[redacted]



ဟင်။

ရှိန်းအမေးကို သူဘာပြန်ဖြေရမှန်းမသိ။

ဟုတ်တာလည်းဟုတ်သည်။ သူလုပ်နေတာတွေအားလုံး
ဘာ ဘာရည်ရွယ်ချက်ကြောင့်ဆိုတာ ရေရေရာရာပြောမရ။ ရှိန်းက
တစ်မျိုးထင်မှာပေါ့။

"ကိုမင်း"

"ရှင်"

"ကိုမင်းမှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိလဲ
ဟင်"

"မရှိဘူး ရှိန်း၊ ကိုယ်က တစ်ဦးတည်းသောသားပဲ၊
အဖေ လည်းမရှိဘူး ရှိန်း၊ အမေတစ်ယောက်တည်းရှိတယ်၊ ကိုယ်
ဒုတိယ နှစ်မှာ အဖေကဆုံးသွားတာလေ"

"ဒါကြောင့် ကိုမင်းက ရှိန်းကို ခင်တွယ်နေတာပဲ"

"ဘယ်လို ရှိန်း"

"ညီအစ်ကိုမောင်နှမ အရင်းအချာမရှိတော့ ရှိန်းကို
အစ်ကိုမင်း ခင်တွယ်ပြီး ကိုယ့်ညီမလေးပညာတတ်တစ်ယောက်
ဖြစ်စေချင်တဲ့စိတ်မျိုး ဖြစ်နေတာပေါ့၊ ရှိန်းပြောတာ ဟုတ်လား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဟူး…တော်ပါသေးရဲ့။

ကောင်မလေးက တစ်မျိုးမထင်ဘဲ အကောင်းဘက်ကနေ တွေးပေးလို့ပဲ။

"ကိုမင်း"

"ပြော"

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"ရှိန်းအပေါ်မှာ အခုလိုစေတနာထားပေးလို့ပါ"

"မလိုပါဘူး၊ သိနေတယ်ဆိုရင်လည်း ကိုယ်စိတ်မပျက်ရအောင် ပိုပြီးကြိုးစားပြပေါ့၊ ကိုယ်မြင်ချင်တာ ဝတ္ထုရေးတွေအများကြီးနဲ့ မင်းဆယ်တန်းအောင်တာကိုပဲ၊ ဒါဆို ကျေနပ်ပြီ"

"ဟုတ်ကဲ့ပါ၊ ရှိန်း ကြိုးစားပါ့မယ်"

"ရော့…ဒါက ကိုယ်တို့နေတဲ့အိမ်လိပ်စာ၊ မင်းသိထားရအောင်ပါ၊ ကိုယ့်ညီက မင်းကို ဝိုက်လုပ်ပေးမှာမို့ အဆင်ပြေတဲ့ရစာသင်ဖို့ မင်းဘက်ကပြင်ဆင်ထားလိုက်ပေါ့၊ ဒီလကုန်တာနဲ့ မင်းဆီကို သူစာလာသင်လိမ့်မယ်၊ ကိုယ်ကတော့ အိမ်မှာသိပ်မနေတာဘူး၊ ကုမ္ပဏီကပေးထားတဲ့ အဆောင်မှာပဲနေတာ၊ မင်းပြောစရာရှိ

www.burmeseclassic.com



ရင် ဖုန်းကို အချိန်မရွေးဆက်ပြော၊ ဟုတ်ပြီလား ရှိန်း"

"ဟုတ်ကဲ့"

"ကဲ…ဒါဆို မင်းသွားတော့၊ ဟိုမှာ မင်းစီးရမယ့်ကားလာနေပြီ"

"ကိုမင်း မစီးဘူးလား"

"မစီးတော့ဘူး၊ မင်းနဲ့စကားပြောချင်လို့သာ ဒီမှာလာစောင့်နေတာ၊ ကုမ္ပဏီသွားရတော့မယ်"

"သြော်…အင်း ဒါဆိုလည်း ရှိန်းသွားတော့မယ်နော်"

"ကောင်းပြီ ရှိန်း"

သူ ခေါင်းလေးညိတ်ပြလိုက်တာနှင့် ရှိန်းက သူ့ကိုချန်ရစ်ထားခဲ့ကာ မှတ်တိုင်ရှေ့တွင် ထိုးစိုက်လာသည့် အဲယားကွန်းဘတ်(စ်)ကြီးပေါ် တက်သွားတော့သည်။

သူ မသွားနိုင်သေးဘဲ ရှိန်း ကားပေါ်တက်သွားသည့်အထိ စောင့်ကြည့်နေလိုက်၏။

ရှိန်း ထိုင်ခုံလေးတွင်ထိုင်ပြီး ပြတင်းပေါက်မှန်မှတစ်ဆင့် လက်ကလေး ဝှေ့ယမ်းပြကာ နှုတ်ဆက်တော့ သူလက်ကလေး ပြန်ပြလိုက်သည်။ ကားကြီး ပြန်မောင်းထွက်သွားတော့မှ နေရာက

www.burmeseclassic.com

www.burmeseclassic.com



နေ သူထွက်ခဲ့လိုက်၏။

ရှိန်းရယ် ရင်တွေမောလိုက်တာကွာ။

မင်းနဲ့တွေ့တော့မှပဲ ကိုယ်လည်း ရင်တွေခဏခဏထို မောနေရတော့တာပဲ ရှိန်းလေးရယ်။

◻ ◻ ◻



## အခန်း (၁၃)

"ကိုကို"

ခေါ်သံက မူနွဲ့နွဲ့။

နေ့လယ်က ကုမ္ပဏီကို စူးလက်လာသွားတယ်ဆိုတဲ့ သတင်းကိုရလို့ သူစိတ်တွေ နည်းနည်းတော့ ထင့်သွားရသည်။ ထိုအချိန်က ရှိန်းကို သူသွားတွေ့ခဲ့တာကို။ အလုပ်ကိစ္စကြောင့် သည်းမဟုတ်။ ဘာမှလည်း မပြောခဲ့ဘဲ ကုမ္ပဏီကနေ သူထွက်သွားခဲ့တာပါ။

အတွင်းရေးမှူးမလေးက စူးလက်ကို ဘာတွေများပြောလိုက်သေးသလဲဆိုပြီး စိတ်မလုံမလဲဖြစ်နေတာလေ။ နေ့တိုင်းလိုလို နေလည်ပိုင်းလောက် အပြင်ထွက်သွားတာ ကုမ္ပဏီတစ်ခုလုံးမှာရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဝန်ထမ်းတွေပင် သို့လောသို့လောစကားတွေ ထွက်နေကြပြီ

သိနေပေမယ့် မသိဟန်ဆောင်ကာ သူနေလိုက်၏။

ဒီနေ့တော့ ကုမ္ပဏီကို စူးလက်ရောက်လာတယ်ဆိုတဲ့

သတင်းစကားအရှေ့ရှေ့ နှစ်နာရီလောက် စောင့်သွားသေးတယ်

တာကြောင့်ပါ စိတ်တွေရှုပ်ထွေးနေရသည်။ မေမေ့နားကို တိုက်ရိုက်

ပေါက်ကြားသွားနိုင်တယ်လေ။

မေမေကပါ သူကို စစ်လားဆေးလား မေးလာရင် ခက်

ချည်ရဲ့။ မေမေကလည်း ရှေ့တည့်တည့်မှာရှိနေတာဆိုတော့ ပိုပြီး

ညစ်နေရ၏။

"ကိုကိုး"

"အော်..အင်း ပြောလေ စူးလက်၊ ဘာပြောချင်လို့လဲ"

"နေ့လည်က ကိုကို့ဆီ စူးလက်လာသေးတယ်သိလား

ကိုကိုး အပြင်ခဏသွားတယ်ဆိုလို့ စောင့်နေတာ၊ နှစ်နာရီလောက်

တောင်ကြာတယ်၊ ဘယ်တွေသွားနေတာလဲ ကိုကိုးရယ်၊ အတွင်း

ရေးမှူးကောင်မလေးကို မေးတော့လည်း မသိဘူးတဲ့၊ အလုပ်ကိစ္စ

နဲ့ အပြင်သွားတာမဟုတ်ဘူးလားဟင်"

"ဟုတ်တယ် စူးလက်၊ ကိုယ့်သူငယ်ချင်းတစ်ယောက်



ဖုန်းဆက်ခေါ်လို့ ခဏသွားတွေ့တာ၊ အလုပ်ကိစ္စနဲ့သွားတာမဟုတ်

ဘူး"

သူငယ်ချင်းတဲ့။ ဘယ်လောက်တောင် အရေးကြီးတဲ့

သူငယ်ချင်းမို့လို့ နှစ်နာရီကျော်ကျော်ကြာတဲ့အထိကို ကိုမင်း

ယောကျ်ားက သွားတွေ့ရတာလဲ။ ပြီးတော့ ကိုကို့လို

လူတစ်ယောက်က သူငယ်ချင်းဆိုတဲ့ သာမန်ခင်မင်ရင်းနှီးရုံလောက်

ရှိတဲ့သူတစ်ယောက်ကို အလုပ်တွေမအားလပ်တဲ့ကြားက ရက်ရက်

ရောရော အချိန်တွေဖဲ့ပေးတာ ယုံပင်မယုံချင်စရာပါ။

စူးလက်။

ကိုကို မင်းယောက်ျားမျက်နှာကို စေ့စေ့စိုက်ကြည့်မိသည်။

ကိုမင်းမျက်ဝန်းတွေက သိပ်မငြိမ်ချင်။ တစ်ခုခု လျှို့ဝှက်

ဖုံးကွယ်ထားသလို မျက်လုံးမျိုးတွေပါ။ ကုမ္ပဏီမှာလည်း သတင်း

သဲ့သဲ့ ထွက်ပေါ်နေ၏။ အခုလိုပဲ ထွက်ထွက်သွားတတ်တယ်တဲ့။

ဘယ်ကိုမှန်းလည်း ဘယ်သူမှအသိပေးမသွား။ တစ်ခါတလေ

အစည်းအဝေးရှိတာပင် ကိုမင်းပြန်ရောက်မလာသေးလို့ အချိန်ရွှေ့

ရတာပင် ရှိသေးသည်ဆိုတော့ တစ်ခုခုတော့ မှားယွင်းနေတာ

သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက မရှိဘူးလေ။ ထင့်မထားလောက်အောင် ခံနေရပြီ။

သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်အောက်က ထိန်ချန်ထားမှုတွေက မရေမတွက်နိုင်အောင် များပြားနေ၏။ စုးလက် ရင်တုန်ရပြီ။ အမူအယာပျက်နေတဲ့ ကိုကို့ကိုကြည့်ပြီး စုးလက် စိတ်ချလက်ချနေဖို့ဆိုတာ ဘယ်လိုမှပင် မဖြစ်နိုင်တော့ချေ။

"စုးလက်"

"ရှင်"

"နေ့လယ်ကရောက်လာတယ်ဆိုတာ ဘာကိစ္စရှိလို့လဲဟင်"

"အဟင်း…ဟင်း စုးလက်က ကိစ္စရှိမှ ကိုကို့ဆီ လာရမယ့်သူလား"

"မဟုတ်ပါဘူး၊ ဖုန်းလည်းကြိုမဆက်ဘဲ ရောက်လာတာဆိုတော့ အရေးတကြီးကိစ္စများ ရှိသလားလို့ပါ"

"မရှိပါဘူး၊ အိမ်မှာနေရတာပျင်းလို့ ကုမ္ပဏီကိုလိုက်လာတာ"

"ခြော်"





သူ ခေါင်းပဲညိတ်နေလိုက်သည်။

ပျင်းလို့တဲ့။

စုးလက်အတွက်တော့ ပျင်းရိငြီးငွေ့ခြင်းက နေရခက်ရှာမှာပေါ့လေ။ သို့ပေမယ့် ကုမ္ပဏီကို အကြောင်းမကြားဘဲ ရောက်လာခြင်းကတော့ ပြဿနာရှိသည်။

နေ့တိုင်းလိုလို ကုမ္ပဏီတနေ သူထွက်ထွက်သွားတတ်တာကို စုးလက် သိလျှင် စပ်စပ်စုစုအကျင့်ရှိတဲ့ သူမ သံသယဖြစ်ရင် ဘယ်နယ်လုပ်မလဲ။ လက်ရှိ စုးလက်နေတာက သူတို့အိမ်မှာလေ။ မေမေ့နားပေါက်ကြားပါက မေမေပါ အမြင်စောင်းပြီး သူ့အပေါ် တစ်မျိုးထင်လာနိုင်၏။

မေးလာလျှင် အဖြေပေးဖို့ခက်မှာက မင်းယောက်ျားပင်ဖြစ်သည်။

"ကိုကို"

"ဟင်"

"ကိုကို့ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာ…ဘာတစ်မျိုးဖြစ်လို့လဲ စုးလက်ရဲ့၊ ကိုယ်ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး။ အရင်ကဆို ကိုကို့ပုံစံက ဒီလို တွေးတွေးငေးငေးမှမဟုတ်တာ၊ ရိုးမှရိုးရဲ့လား"

"ဟာကွာ…မဟုတ်ကဟုတ်က လျှောက်မပြောနဲ့နော် စုးလက်၊ မေမေက တစ်မျိုးထင်နေဦးမယ်၊ တော်…တော် ဒီစကား ဒီတင်ပဲရပ်တော့၊ ကိုယ်ရေသွားချိုးလိုက်ဦးမယ်၊ ပြီးရင် ထမင်းစား ပွဲမှာ ဆုံကြတာပေါ့ စုးလက်"

သူ စုးလက်ရှေ့ကနေ ကပျာကယာပဲ ရှောင်ထွက်ခဲ့လိုက် မိသည်။

ဒီကောင်မလေးက လွယ်တဲ့သူတော့မဟုတ်။ လူကို သံသယမျက်လုံးတွေနဲ့ကြည့်ပြီး သူမလိုချင်တဲ့ အဖြေတစ်ခု ထွက် အောင် ညှစ်ထုတ်ချင်နေတဲ့ပုံစံမျိုး။ ငယ်ငယ်လေးထဲက ခြေချင်း ကပ်နေလာတဲ့သူဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေသည်။

သူ့အမူအယာလေး နည်းနည်းမလွဲလိုက်နဲ့ ဒါဟာ ဘာသဘောလဲဆိုပြီး စစ်တမ်းကောက်နေတတ်တဲ့ ကောင်မလေးပါ။ သူချီးပမ်းတဲ့နေရာမှာ သူမတူအောင်ရှောင်တဲ့ စုးလက်။

တခြားလူကိုသာ လိမ်ညာဟန်ဆောင်လို့ ရချင်ရမယ်၊ စုးလက်ကိုတော့ လုံးဝလှည့်စားလို့မရပါ။

ဒါကြောင့် ဒီကောင်မလေးကို သူနည်းနည်းတော့ လန့် တာပေါ့။

ရှိန်းနဲ့ပတ်သက်နေတဲ့အကြောင်းကို စုးလက် ရိပ်မိသွား မှာ မင်းယောကျ်ား အကြောက်ဆုံးပဲဖြစ်သည်။

မေမေ့ကို အသိမပေးချင်သေးပါ။

အချိန်တစ်ခု လိုအပ်နေသေးသည်။

ဒါကြောင့် မင်းယောကျ်ား ဖုံးကွယ်ထားတာပေါ့။

သူ အခန်းလေးဆီ ကပျာကယာတက်လာပြီး ရေချိုးဖို့ ဟန်ပြင်လိုက်သည်။ ထမင်းစားဖို့ အောက်ထပ်ကို ပြန်ဆင်းရဦး မယ်လေ။ သူတော်တော်နဲ့ ဆင်းမလာပါက စုးလက်က အခန်းရှေ့ ရောက်လာပြီး တံခါးကို တဝုန်းဝုန်းလာထုကာ ခေါ်တတ်၏။

တစ်ခါတစ်ရံ သူ့အခန်းထဲ စွတ်စွတ်ရွတ်ရွတ်ဝင်လာတတ် သေးသည်။ ငယ်ရွယ်တဲ့ ကလေးဘဝထဲက ဝင်ထွက်သွားလာနေ ကြပဲဆိုတာ မှန်ပေမယ့် အခုချိန်မှာ မသင့်တော်တော့။ ဒါကိုလည်း စုးလက်က ခေါင်းထဲသိပ်ထည့်ထားပုံမရပါ။ သူမနေမြဲတိုင်း နေထိုင်တတ်သည်။

www.burmeseclassic.com



ပြောလျှင်လည်း စူးလဲ့စိတ်ထဲ တစ်မျိုးထင်မြင်သွားမှာလည်း သူစိုးမိသည်။ ဒီတော့ သူ့ဘက်ကပဲ အတတ်နိုင်ဆုံး လိုက်ထိန်းမိ၏။ မေမေကလည်း စူးလက် ဘယ်လိုနေနေ သဘောကျနေတတ်သူ။

သမီးမရှိလို့လားမသိ စူးလက်ကို မေမေက သံယောဇဉ်တွယ်တာနေသည်။ ဘာပဲလုပ်လုပ် အပြစ်မမြင်ရက်။ သွားလေးတွေပေါ်အောင်ရယ်ပြီးပဲ ကျေနပ်နေတတ်သည်။

ဘာပဲပြောပြော စူးလက်က မြန်မာနိုင်ငံကို အလည်အပတ်ပြန်လာတဲ့သူပါ။ အလွန်ဆုံးနေလှ နှစ်လလောက်ပဲဆိုတော့သူလည်း ဘာမှပြောမနေတော့ဘဲ လွှတ်ထားလိုက်၏။ ရေပဲချိုးဖို့ပြင်ဆင်နေလိုက်သည်။

စူးလက် တစ်ယောက်မှာတော့ ကိုကိုမင်းယောကျ်ားရဲ့အတူတူလုပ်ရပ်ကို တွေးမိတိုင်း စိတ်ထဲမတင်မကျကြီး ဖြစ်နေရသည်။

ကိုကို ရှင်ဘာဖြစ်နေတာလဲ။

သေချာတာကတော့ ကိုကို ပြောင်းလဲနေပြီဆိုတာပါပဲ။

သူငယ်ချင်းတဲ့။





ဟုတ်နိုင်ပါ့မလား။

ဘယ်လိုပဲ စဉ်းစားစဉ်းစား တစ်နေ့တစ်နေ့ အပြင်ထွက်ထွက်သွားတတ်တယ်ဆိုတဲ့ အချက်က ရိုးသားမှုလုံးဝမရှိပါ။ ပြီးတော့ ကိုကို့မျက်ဝန်းအကြည့်တွေ။ စူးလက်မေးတာကို ရယ်စရာလိုလိုလုပ်ပြီး ရှောင်ထွက်သွားတဲ့ကိုကို့လုပ်ရပ်။

ဟုတ်ပါပြီ။

ကိုကို့မှာ ချစ်ရမယ့်သူတစ်ယောက်တော့ တွေ့နေပါပြီ။

ဒါကြောင့်လည်း မလုပ်စဖူး အလုပ်တွေကို ကိုကိုလုပ်နေတာပေါ့။

မဖြစ်ဘူး။ ကိုကို့မှာ စိတ်ကူးယဉ်ရမယ့်သူ ရှိလို့မဖြစ်ဘူး။

ချစ်တယ်။ စူးလက် ကိုကို့ကိုချစ်တယ်။

လုံးဝလက်လွှတ်မခံနိုင်ဘူး။

မြန်မာနိုင်ငံကို အလည်လာခဲ့တာ ကိုကို့အပေါ်မှာ တွယ်ငြိနေတဲ့ စူးလက်ရဲ့ ရင်ခုန်ခြင်းတွေအတွက်ပဲလေ။ အန်တီသီကလည်း ရိပ်မိသင့်သလောက်တော့ ရိပ်မိနေမှာပါပဲ။

သို့ပေမယ့် စူးလက်နဲ့ပတ်သက်ပြီး ဘာဝေမှန်ချက်မှမနေ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတော့ သဘောတူတယ်လို့ပဲ သတ်မှတ်ရမှာပေါ့။ အခုလောက် ကောင်းမွန်နေတဲ့ အခြေအနေတစ်ခုမှာမှ ကိုကို့ဘက်က ဒွေဖောက်ချင်နေသည်။

မဖြစ်ဘူး။

ကိုကို့ကို ဒီအတိုင်း စိတ်ချလက်ချလွှတ်ထားလို့ မဖြစ်တော့ဘူး။ စူးလက် စောင့်ကြည့်မှဖြစ်မှာပါ။ စူးလက်စိတ်က ထင်လျှင် လွှဲခဲ့သည်။ ကိုကိုအချိုးပြောင်းနေတာ အသေအချာ ဖတ်လို့ရနေ၏။

စိတ်ပူမိသည်။ ဆုံးရှုံးရမှာ စူးလက် သေလောက်အောင် ကြောက်နေမိသည်။

တားဆီးရမှာပဲ။ ဘယ်သူလဲ။ ကိုကို့စိတ်တွေ အခုလို မျောပါနေအောင် ဘယ်လိုအစွမ်းထက်မှုတွေနဲ့ ဖြားယောင်းနေတာလဲ။

စူးလက် သိချင်တယ်။ မလိမ်ညာတတ်တဲ့ ကိုကိုက အခုတော့ ခပ်တည်တည်နဲ့ လိမ်ညာနေသည်။ ဟန်မဆောင်တတ်ပါဘဲ သူတစ်ပါးယုံကြည်လောက်ပါရဲ့ဆိုပြီး ကွယ်ဝှက်ချင်နေ၏။

စူးလက် သိတာပေါ့။



ကိုကိုနဲ့စူးလက်ဆိုတာ ဟိုးငယ်ငယ်လေးကတည်းက ခြံချင်းကပ်နေပြီ တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်သွားလာကာ တရင်းတနှီး ခင်မင်နေခဲ့ကြတဲ့သူတွေ။

ကိုကို စူးလက် လုံးဝလက်မခံနိုင်ဘူးနော်။

ကိုကို့ဆီက အချစ်တွေကို ရအောင်ယူမယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်တစ်ခုတည်းနဲ့ လာခဲ့တာ။

စူးလက်ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေကို အချေဖျက်မခံနိုင်ဘူး ကိုကို။

ဒါကြောင့် စူးလက် စိတ်ရှုပ်ထွေးရအောင် မလုပ်စမ်းပါနဲ့ ကိုကိုရယ်။ စူးလက်က ခံစားရမှာကို အသေကြောက်တာ။ အရှုံးဆိုတာကိုလည်း စူးလက် လုံးဝမလိုချင်ဘူး။

စူးလက် ဘယ်လောက်အတ္တကြီးသလဲဆိုတာ ကိုကိုအသိဆုံးပါ။ ငယ်ငယ်ကတည်းက ကိုယ်လိုချင်တဲ့ပစ္စည်းတစ်ခုခုရှိရင် မရမက ပိုင်ဆိုင်နိုင်အောင် ကြိုးစားတတ်တဲ့သူဆိုတာ ကိုကိုသိပါတယ်နော်။

အခုလည်း စူးလက် ကိုကို့ကို ပိုင်ဆိုင်ချင်တယ်လေ။

စူးလက်ဘဝထဲမှာ ကိုကိုရှိနေတာကိုပဲ လိုလားစောင့်တ

www.burmeseclassic.com



သည်။

ဒါကြောင့် စူးလက်က ရအောင်တော့ ကြိုးစားမှာပဲ။

တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေပေါ့။

ဒါ စူးလက်ရဲ့ ဆုံးဖြတ်ချက်ပဲကိုကို။

□ □ □



## အခန်း (၁၄)

ဟမ်းဖုန်းတွင်ပေါ်လာသော ထူးဆန်းသည့် နံပါတ်ကြောင့် င်းယောက်ျားရဲ့ ချက်ခုံးထူတန်းတန်းလေး ပင့်တက်သွားရသည်။

မနက်စာစားသောက်နေတဲ့ အချိန်မှာဆိုတော့ အားလုံးက သည်း စောင့်ကြည့်နေတယ်လေ။ မမေရော စူးလက်ရောပေါ့။ င်းယောက်ျား ကိုယ်နဲ့မှရင်းနှီးတဲ့ နံပါတ်တစ်ခုပေမယ့် ဖွင့်ပြီး တော့ နားထောင်လိုက်သည်။

"ဟဲလို"

"ကိုမင်းလား"

ဟာ . . . ရှိန်း။

ရှိန်း ဆက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ထားတာမို့ သူရင်တွေ ထိတ်ခနဲခုန်သွားရ သူမလေးဆီက ဖုန်းလေး ဘယ်အချိန်များ ဆက်မလဲဆိုပြီး စော ချော်နေခဲ့တာပါ။ ဆက်မယ်ဆက်တော့လည်း မေမေတို့ အတူ နံနက်စာ စားသောက်နေသောအချိန်တွင် ဆက်လိုက်ခြင်း နည်းနည်းတော့ အခက်တွေ့သွားရ၏။

ရှိန်းအသံကို ကြားလိုက်တာနှင့် ခုံကနေ အသာထ ကာ အပြင်သို့ ထွက်လာခဲ့လိုက်မိသည်။

"ဟဲလို…ကိုမင်း ရှိန်းအသံကြားရဲ့လား"

ရှိန်း ( ) ပစ်ဖက်ကအသံ မကြားဘူးထင်ပြီး ပြန်မေး ၏။ အိမ်ရှေ့ခန်းဆီ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

"အင်း…ကြားတယ် ရှိန်း၊ ပြောလေ"

"မနေ့ကပဲ ဦးငယ်လေးနဲ့ ရှိန်း တိုင်ပင်ပြီးပြီ၊ ဒီလ တဲ့အထိ စောင့်မနေနဲ့တော့တဲ့၊ ရှေ့တစ်ပတ်ကပဲ စသင်တော့ ပြောလို့၊ အဲဒါ ကိုမင်းရဲ့ညီဘက်က အဆင်ပြေပါ့မလားဟင် ကိုမင်း"

"အင်း…ပြေပါတယ်၊ သူ့အားမယ့်အချိန် ဖုံးပေးမှာပဲဟာ ဘယ်နေ့ဖြစ်ဖြစ်ရတယ်၊ စမယ့်နေ့ကိုပဲ ပြောလေ ရှိန်း"





"ကိုမင်းကလည်း အဲဒီမေးခွန်းက ရှိန်းကိုမေးရမှာမဟုတ် ဘူး၊ ကိုမင်းရဲ့ညီကို မေးရမှာလေ၊ သူလာသင်ပေးနိုင်မဲ့ရက်နဲ့ ဘယ်နစ်နာရီစသင်မယ်ဆိုတာ သူကပဲ သတ်မှတ်ရမှာ"

အဲ ဒါလည်းဟုတ်သားပဲ။

ဆရာက ပြောရမှာကို တပည့်ကအားအတိုင်း လိုက်လုပ် ခိုင်းရမယ်ဆိုတာ သဘာဝမှမကျတာ။ ကောင်မလေး ရိပ်မိသွားလို့ သုံးဝမဖြစ်သေးပါ။ မင်းခန့်ကို ကောင်မလေးတစ်ယောက်တည်း သီးသန့်အတွက် ဂိုက်လုပ်ဖို့ ခန့်ထားတဲ့အဖြစ်သာသိလို့ကတော့ လွယ်ရေးချမလွယ်။

"ကိုမင်း"

"ပြော"

"ကိုမင်းရဲ့ ညီနာမည်က"

"မင်းခန့်"

"သြော်…အင်း…အင်း ဆရာမင်းခန့်ပေါ့"

"ဟုတ်တယ် ရှိန်း"

"ဒါဆိုလည်း ဆရာမင်းခန့်ကို မေးကြည့်လိုက်ဦးလေ ကိုမင်း၊ သူဆီက ဘယ်နှရက်သင်မယ်၊ ဘယ်အချိန်က စသင်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ မေးထားလိုက်ဦး၊ ရှိန်း နောက်နေ့မှ ဖုန်းပြန်ဆက်တော့မယ်"

"ရှိန်း"

ကောင်မလေး ဖုန်းချသွားမှာစိုး၍ သူ ကပျာကယာတားဆီးလိုက်မိသည်။ အခုလေးတင်မှဆက်တာ ခဏလေးပြောရုံနဲ့ သူ့အားမရပါ။ ဖုန်းထဲကနေကြားနေရတဲ့ အသံသေးသေးကြည်ကြည်လေးကို နားထောင်နေရတာ မဝနိုင်အောင်ရှိနေရသည်။

ရှိန်း စကားတွေအများကြီး ပြောချင်နေ၏။

သူမလေးဆီကလည်း ဘာအကြောင်းပဲ ကြားရပါစေ နားထောင်ချင်နေမိသည်။ သူ့စိတ်အာရုံကို နှေးထွေးရှိန်းဆိုတဲ့ ကောင်မလေးက ပိုင်ပိုင်နိုင်နိုင်ကြီး စိုးမိုးထား၏။

"ကိုမင်း ပြောလေ၊ ဘာပြောစရာရှိလို့လဲ"

"မနက်စာစားပြီးပြီလားဟင်"

"အဟင်း...ဟင်း ဘာများလဲလို့ကိုမင်းရယ်၊ စားပြီးပါပြီ၊ အခုပဲ ဘယ်အချိန်ရှိနေပြီလဲ၊ ရှစ်နာရီဆယ့်ငါးတောင်ရှိနေပြီ"

"မင်း...ဘယ်အချိန် အိပ်ရာထလဲရှိန်း"

"ငါးနာရီ...ကျောင်းပိတ်ရက်ဆိုရင်တော့ ခြောက်နာရီ





လောက်မှထတယ်"

"အစောကြီးပဲ"

"ဟုတ်တယ် ကိုမင်းရဲ့၊ ရှိန်းက ကျောင်းမသွားခင် အိမ်မှာ အမေစားဖို့ ထမင်းဟင်းချက်ခဲ့ရတာလေ၊ ဒါကြောင့် ခပ်စောစောပဲ အိပ်ရာကထပြီး အိမ်အလုပ်လုပ်တယ်"

ရှိန်းရယ် မင်းတကယ်တော်ပါပေတယ်။

ကိုယ်က မင်းကို တခြားလူငယ်တွေလို ခပ်ပေါ့ပေါ့နေတတ်တဲ့ ကောင်မလေးတစ်ယောက်လို့ ထင်ထားမိတာ။ တောင်းပန်ပါတယ် ရှိန်းရယ်။ မင်းက လိမ္မာရေးခြားရှိတဲ့ ကောင်မလေးပါ။

"ရှိန်း"

"ရှင်"

"ဒီနေ့ သင်တန်းသွားတက်ဦးမှာလား ရှိန်း"

"ဟင့်အင်း...မတက်တော့ပါဘူး ကိုမင်း၊ နောက်လည်း ထွက်တော့မှာပဲဟာ၊ မထူးတော့ပါဘူး၊ ဘာဖြစ်လို့လဲဟင် ကိုမင်း"

တွေ့ချင်လို့ပါ။ မင်းနဲ့တွေ့ချင်လို့ပေါ့ ရှိန်းရယ်။

"ကိုမင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းကို ဘာဖြစ်လို့မေးတာလဲလို့"

"ကိုယ့်ညီနဲ့ မိတ်ဆက်ပေးရေလို့ပါ၊ တစ်ယောက်နဲ့ တစ်ယောက် မြင်ဖူးထားတော့ ပိုပြီးအဆင်ပြေမလားလို့"

ရှိန်းအသံလေး တိတ်သွား၏။

ဒီအနေအထားကို စောင့်စားပြီး စိတ်လှုပ်ရှားရင်ခုန်နေတဲ့ သူက မင်းယောက်ျားပဲဖြစ်သည်။ ထွက်လာပါ့မလား။ ရှိန်းကို ကြည့်လိုက်လျှင် အမြဲတမ်း အလုပ်တွေနဲ့ မအားလပ်နိုင်တဲ့သူ တစ်ယောက်လိုပင်။

"ရှိန်း"

"ဘယ်လိုလဲဟင် ရှိန်း"

"ရှိန်းက ဘယ်ကိုလာရမှာလဲ၊ အိမ်မှာ ဦးငယ်လေးလည်း မရှိဘူးဆိုတော့ အမေ့ကို တစ်ယောက်တည်းထားခဲ့လို့ မဖြစ်ဘူး လေ၊ ဒါပေမယ့် နေ့လယ်ပိုင်းလောက်တော့ ဦးငယ်လေး ပြန်လာ မယ်လို့ပြောတယ်၊ အဲဒါဆို ရှိန်း ထွက်လာလို့ရတယ် ကိုမင်း။ ရှိန်းက ဘယ်ကိုလာရမှာလဲ၊ မြောက်ဥက္ကလာခြောက်ကွေ့ကအိမ်ကို လား၊ ရှိန်း လာခဲ့မယ်လေ၊ အိမ်မှာ ကိုမင်းအမေရှိနေတယ် မဟုတ် လား ကိုမင်း"





အဲ ကောင်မလေးက သူတို့မိသားစုကို မြောက်ဥက္ကလာ မှာ နေထိုင်ကြတယ်ထင်ပြီး အိမ်ကိုလာတွေ့ဖို့ စီစဉ်နေ၏။ အိမ်က ငှားသာထားပြီးတာ ဘယ်သူမှမနေရသေး။ အထူးသဖြင့် မင်းခန့် ပြောင်းရွှေ့ရသေးတာပါ။ ဒီလကုန်နီးပါးလောက်မှ စပြောင်းနေ ယ်ဆိုပြီး လုပ်ထားတာလေ။ ကောင်မလေးသွားလို့ မဖြစ်သေးပါ ဘူး။

တော်ကြာနေ သူစီစဉ်ထားတာမှန်သမျှ ရှိန်းက ရိပ်မိသွား လျှင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်သွားနိုင်သည်။

"မဟုတ်ဘူး ရှိန်း၊ ကိုယ်က မင်းကို မြို့ထဲထွက်လာစေ ချင်တာ ကိုယ့်ညီက နေ့လည်ပိုင်း ကိုယ်နဲ့တွေ့မယ်ချိန်းနေတာနဲ့ င်းနဲ့ပါ တစ်ပါတည်းမိတ်ဆက်ပေးမလားလို့"

"မြို့ထဲကို ဟုတ်လား"

"ကိုယ်လာခေါ်မယ်လေ၊ ကားဂိတ်ကို မင်းထွက်လာ လား ရှိန်း၊ မင်းတို့ရပ်ကွက်ထိပ်က ကားမှတ်တိုင်လေးကိုလာခေါ် ယ်လေ"

"လာခေါ်မယ် ဟုတ်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းက အခုမအားသေးဘူးနော် ကိုမင်း"

"အေးပါကွာ သိပါတယ်၊ ကိုယ်ကလည်း နေ့လယ်တစ်နာရီလောက်မှ အချိန်အားမှာပါ၊ ကုမ္ပဏီက သူဌေးနိုင်ငံခြားသွားတာလေးရှိနေတာနဲ့ မင်းတို့ဘက်ကို လာရမှာလေ၊ ဒါကြောင့် အဲဒီအချိန်လောက်ကျရင် ထွက်စောင့်နေနော် ရှိန်း"

"တစ်နာရီ ဟုတ်လား"

"အင်း"

"ကောင်းပြီလေ…ကိုမင်း၊ ရှိန်း ကားမှတ်တိုင်လေးမှာ ထွက်စောင့်နေပါ့မယ်၊ ကိုမင်း လာခဲ့လေ၊ နည်းနည်းနောက်ကျနေရင်လည်း ခဏတော့စောင့်နော် ရှိန်း တကယ်လာမှာ"

"အေးပါ…သေချာကိုပဲစောင့်နေမှာပါ၊ ထွက်သာလာခဲ့နော် ရှိန်း"

"ဟုတ်ကဲ့"

"ဒါဆို ကိုယ်ဖုန်းချလိုက်တော့မယ်၊ အလုပ်လေးရှိသေးလို့"

"ဪ…အင်း ဟုတ်သားပဲ၊ ဒါပဲနော် ကိုမင်း"

"အိုကေ"

[redacted]



ရှိန်းဆီက ဖုန်းလေးဆက်လာတာနှင့် စောစောက ဖော့လို့တန်းလန်း ထားရစ်ခဲ့သော နံနက်စာကိုပင် ဆက်မစားချင်တော့လောက်အောင်ပင် ဗိုက်ထဲပြည့်သလို ခံစားရသည်။ ထမင်းစားခန်းသို့ သူမသွားတော့။ အပေါ်ထပ်ရှိ သူ့အခန်းဆီသို့သာ တက်လာခဲ့ပြီး ကုမ္ပဏီသွားဖို့ ပြင်ဆင်လိုက်သည်။

ဒေါက်…ဒေါက်။

ဒေါက်။

အဝတ်အစားလဲလှယ်နေစဉ် အခန်းတံခါးခေါက်သံကြားရ၏။ စုးလက်ပဲဆိုတာ သိသဖြင့် အခန်းတံခါး သွားမဖွင့်ပေးသေးဘဲ အဝတ်အစားသာ ပြီးစီးအောင် လဲလှယ်လိုက်သည်။

ပြီးမှ အခန်းတံခါးဖွင့်ပေးလိုက်တော့ မျက်နှာမှာ မိတ်ကပ်အဖွေးသားလိမ်းခြယ်ကာ အဝတ်အစားသစ်တွေ ဝတ်စားပြင်ဆင်ထားတဲ့ စုးလက်ကို တွေ့လိုက်ရ၏။ သူ အပြင်ဘက်သို့ ထွက်ခဲ့လိုက်မိ၏။

"စုးလက်…စောစောစီးစီး ပြင်ဆင်လို့ပါလား၊ ဘယ်သွားမလို့လဲ"

"ကိုကိုနဲ့လိုက်ဖို့လေ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"အိမ်မှာနေရတာပျင်းလို့ ကိုကိုရဲ့၊ ဒါကြောင့် ကုမ္ပဏီကို လိုက်မလို့"

"ဟာ...မဖြစ်ဘူး၊ လိုက်လို့မဖြစ်ဘူး စုးလက်"

ဟင်။

အသည်းအသန်ငြင်းဆန်လိုက်တဲ့ ကိုကိုမင်းယောကျ်ား။ နံနက်စာစားနေတုန်း ဖုန်းလာလို့ သူမစောင့်ကြည့်နေတာလေ။ ဘယ်ကဆက်သလဲဆိုတာကိုပေါ့။

သို့သော် ကိုကိုက လည်သည်။

စားပွဲဝိုင်းက ထသွားပြီး အိမ်ရှေ့ခန်းဆီ ထွက်သွား၏။ ဒါ ထူးခြားမနေဘူးလား။ အလုပ်ကိစ္စနဲ့ ဆက်တယ်ဆိုလျှင်တောင် စားသောက်နေရင်းနဲ့ ပြောတော့ ဘာဖြစ်မှာမို့လို့လဲ။

ခုတော့ အပြင်သို့ထွက်သွားသည်။

ဒါ မရိုးသားတာပဲလေ။

လူသိမခံဝံ့တဲ့ ဖုန်းမို့သာ အခုလိုရှောင်ထွက်သွားတာ မဟုတ်လား။ စုးလက် ရင်ပူနေရပြီလေ။ ကိုကို့ခြေလှမ်းတွေက တအားကို ကျဲနေပြီမဟုတ်လား။ ဒါကို စုးလက် လက်မခံနိုင်ပါ





ဘူး။

"ဘာဖြစ်လို့လဲ ကိုကို၊ စုးလက်က ဘာဖြစ်လို့ ကုမ္ပဏီကို လိုက်လို့မရတာလဲ"

"ဟို...ဟို ဒါက ဒီနေ့ ကိုကို အလုပ်နည်းနည်းများတယ်လေ၊ တော်ကြာ ကုမ္ပဏီမှာ စုးလက်တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ပါ၊ စုးလက်ကို အဖော်လုပ်ပြီး အနားမှာရှိနေနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် နောက်နေ့ကျမှပဲလိုက်နော် စုးလက်"

"ဟာ...မရပါဘူး၊ ဒီနေ့လိုက်မှာပဲ၊ ကိုကိုနော် စုးလက်ကိုထားခဲ့ဖို့ လုံးဝမစဉ်းစားနဲ့၊ စုးလက်က ဆုံးဖြတ်ထားပြီးပြီ"

ပြဿနာပဲ။

စုးလက်က အရေးထဲ ဂျစ်ကျနေပြန်ပြီ။

သို့သော် သူလုံးဝခေါ်လို့ မဖြစ်ပါ။ ဒီကောင်မလေး အကြောင်းကို သူအသိဆုံး။ ပက်ကျိလို သူ့ကို တစ်ချိန်လုံးတွယ်ကပ်နေမှာ။

"နေခဲ့စမ်းပါ စုးလက်ရာ၊ နောက်နေ့မှလိုက်ခဲ့၊ ဒီနေ့ ကုမ္ပဏီလုပ်ငန်းနဲ့ ပတ်သက်တဲ့ အရေးကြီးဧည့်သည်နဲ့ တွေ့ဆုံဖို့ နေ့လယ်ပိုင်းမှာ ချိန်းထားသေးတယ်၊ မလိုက်နဲ့နော် စုးလက်၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသွားပြီ"

"ကိုကို"

"ကိုကို"

ခေါ်သံက နောက်မှာကျန်နေခဲ့ပြီ။

လှေကားထစ်တွေဆီ မပြေးရုံတမယ် ခြေလှမ်းကျဲတွေနဲ့ နှင်းလျှောက်ပြီး ဆင်းခဲ့လိုက်၏။

စူးလာက်ခေါ်သံကိုမှ လုံးဝလှည့်မကြည့်မိတော့ချေ။

□ □ □



## အခန်း [၈၂]

"ရှိန်း...ရှိန်းလာတယ်နော်"

မိုးပြာနုရောင်ပေါ် အနက်ပြောက်အလုံးလေးတွေပါသော ဝတ်စုံလေးကို ထက်အောက်ဝမ်းဆက်လေး ချုပ်ဝတ်ထားသော သူမပုံစံက တကယ့်ပဲ သူမခန္ဓာကိုယ်လေးနှင့် လိုက်ဖက်ကာ ကြည့်ကောင်းလွန်းလှသည်။

တစ်နာရီလောက် ပြောထားပြီး ဆယ့်နှစ်နာရီမခွဲခင်ကစပြီး သူကကြိုစောင့်နေခဲ့တာလေ။ စိတ်တွေက လောနေတာဆိုတော့ အချိန်က လိုနေသေးမှန်းသိပေမယ့် ထပ်ပြီး မစောင့်အီးနိုင်တော့ဘဲ ထွက်ခဲ့လိုက်သည်။

သူမဆင်းနေကျ ကားမှတ်တိုင်လေးနှင့် မလှမ်းမကမ်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကားကိုရပ်ကာ ဘုမ္မာလမ်းမကြီးအတိုင်း ထွက်လာမယ့်ရှိန်းကို စောင့်ကြည့်နေမိသည်။ တစ်နာရီထိုးပေမယ့် ရှိန်းက ထွက်မလာ သေးပါ။

သို့သော် ရှိန်းက သေချာထွက်လာခဲ့ပါမယ် စောင့်နေပါ နော်ဆိုတဲ့ အမှာစကားလေးကြောင့်ပင် စိတ်ရှည်စွာ ဆက်ပြီးစော င့်မျှော်နေလိုက်သည်။ တစ်နာရီ မိနစ်နှစ်ဆယ်လောက်မှ ရှိန်းး ရောက်လာ၏။ ရှိန်းကို မြင်လိုက်ရသည်ဆိုလျှင်ပဲ သူ့ရင်တစ်ခုလုံး လှုပ်ရှားကာ ဝမ်းအသာကြီး သာသွားရသည်။

"ကိုမင်းကလည်း လာမှာပေါ့၊ ထွက်လာပါ့မယ်လို့ ပြောထားပြီးပြီပဲဟာ၊ ဦးငယ်လေး ပြန်လာတာကို စောင့်နေရ ကြာသွားတာပါ၊ စောင့်နေရတာ ကြာပြီလားဟင်"

"မကြာသေးပါဘူး"

တကယ်တော့ သူစောင့်နေတာ တစ်နာရီလောက်ရှိနေပြီ ရှိန်း အားနာသွားမှာစိုးလို့ ညာပြောလိုက်ခြင်းပဲဖြစ်သည်

"ကဲ…ရှိန်း လာ ကားကဟိုမှာရပ်ထားတယ်"

"ဟင်…ကား ဟုတ်လား၊ ဘာကားလဲ"

"ကုမ္ပဏီကကားလေ ရှိန်းရဲ့၊ အလုပ်ကိစ္စနဲ့အပြင်ထွ



လာတာဆိုတော့ ကားပါလာတယ်၊ ကဲ…လာ ရှိန်း"

"သြော်…အင်း"

သူက ရှေ့ကနေ ဦးအောင်ထွက်သွားပြီးမှ ရှိန်းလည်း ဘယ်လိုမှ မတတ်နိုင်ဘဲ အနောက်ကနေ လိုက်သွားလိုက်ရသည်။

"ရှိန်း…တက်လေ"

သူက ကားတံခါးကို ဖွင့်ပေးပေမယ့် ကားပေါ် အလွယ် တကူတက်လိုက်ရမှာ ရှိန်း တွန့်ဆုတ်နေမိသည်။ ကားက တကယ့် အကောင်းစားကြီးမဟုတ်လား။ ရှိန်းဘဝ တစ်သက်တာမှာ အခုလို ကားမျိုး တစ်ခါမျှပင် မစီးဖူးခဲ့ပါချေ။

ဒါကြောင့်လည်း ကားပေါ်တက်ဖို့ ကြောက်နေမိတာပေါ့။

"ရှိန်း…တက်လေ"

"သြော်…ဟုတ်…ဟုတ်ကဲ့"

ရှိန်းတစ်ယောက် ကားလေးပေါ်တက်လိုက်သည်။ တံခါး လေး ပြန်ဆွဲပိတ်လိုက်တာနှင့် ကားလေးက ငြိမ့်ခနဲနေအောင်ပင် မောင်းထွက်သွားတော့၏။

"ကိုမင်း"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းက ကုမ္ပဏီမှာ ကားမောင်းတာလား"

"ဘယ်လို"

"သူဌေးရဲ့ကားမောင်းရတဲ့ အလုပ်လုပ်တာလားလို့မေး
တာ"

"အင်း..ဟုတ်တယ်၊ ဟုတ်တယ်"

ရှိန်းအမေးကြောင့် မင်းယောက်ျား ရယ်ချင်သွားရပေမယ့် စိတ်ကိုထိန်းလိုက်သည်။ သူ့ကို ဒရိုင်ဘာလို့ပဲ ထင်နေသည်လေ။ ဒါကလည်း ရှိန်း အပြစ်တော့မဟုတ်ပါ။ ရှိန်းနဲ့သူ တွေ့ဆုံလိုက်တိုင်း လိုင်းကားတိုးစီးခဲ့ကြသည့်လူ အနေအထားနှင့်ပဲမဟုတ်ပါလား။

"ရှိန်း"

"ရှင်"

"မင်းဝတ်ထားတဲ့ ဝတ်စုံလေးက မင်းနဲ့လိုက်ဖက်တယ် သိလား၊ ကိုယ့်စိတ်ထဲ ပိုလှလာသလိုပဲ"

အို။

ကိုမင်းရဲ့မျက်ဝန်းအကြည့်ကြောင့် ရှိန်း ရင်လေးဆတ်ခနဲ ခုန်သွားရ၏။



"ရှိန်း"

"ရှင်...ကိုမင်း"

"မင်းကိုသာသိနေရတာ မင်းမိသားစုအကြောင်း ကိုယ် သိသေးဘူးလေ၊ ပြောပြထားပါဦး"

"ရှိန်းမိသားစုအကြောင်း ဟုတ်လား"

"ဟုတ်တယ် ရှိန်း"

"ရှိန်းတို့မိသားစုအကြောင်းက ဘာမှစိတ်ဝင်စားစရာ ရှိတာ"

"ဒါပေမယ့် ကိုယ်ကသိချင်နေတယ်လေ ရှိန်း၊ ပြောမပြ နိုင်ဘူးလား"

"ပြောနိုင်ပါတယ်၊ ရှိန်းမှာ အမေရောအမေရော့ရှိတယ်၊ ဒါပေမယ့် အခု မြန်မာနိုင်ငံမှာမရှိဘူး၊ နိုင်ငံခြားမှာအလုပ်သွားလုပ်နေတာပါ၊ ရှိန်းတို့သားအမိကို အဖေ့ရဲ့ညီ ဦးငယ်လေးက အိမ်မှာ ပေါ်လာနေပေးတယ်လေ ကိုမင်း"

ရှိန်းက လေသံအေးအေးနှင့်ပင် ပြောပြပါသည်။

"နိုင်ငံခြားမှာ အလုပ်သွားလုပ်တာဆိုတော့ အသင့်အတင့် ကောင်းမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားဖြည့်ဆည်းပေးချင်နေတုယ်၊ မင်းရဲ့ အခက်အခဲမှန်သမျှ မျှဝေယူချင်တယ်ရှိန်း၊ အဲဒါ ကိုယ့်ရဲ့စိတ်ရင်းအမှန်ပဲ''

အို။

ကိုမင်းရဲ့ သံယောဇဉ်က ရှိန်း တွေးမထားလောက်အောင် ပဲ နိုင်ခံ့နေတာပါလား။ ရှိန်း စိတ်တွေလှုပ်ရှားလိုက်တာ။ သူစိမ်း ယောကျ်ားတစ်ယောက်က သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် မှာ အခုလိုစိတ်တွေ နှစ်မြှုပ်ထားတယ်ဆိုတာကတော့ ထူးဆန်းပါ သည်။

ဘာကြောင့်ဖြစ်နိုင်သလဲဆိုတဲ့ မေးခွန်းကိုတော့ ရှိန်း မမေး ချင်တော့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အဖြေမှန်ကို ခန့်မှန်းလို့ရနေလို့ပေါ့။

''ရှိန်း''

''ရှင်''

''ငြိမ်လှချည်လား၊ ဘာတွေတွေးနေတာလဲ''

''ဟင့်အင်း...ဘာမှမတွေးပါဘူး''

''မဟုတ်ပါဘူး၊ မင်းတစ်ခုခုတော့ တွေးနေတာသေချာ ပါတယ်၊ ဘာလဲ ကိုယ့်ကားနဲ့လိုက်လာမိတာကို မင်းရဲ့အရင်းနှီး



ဆုံး ကောင်လေးများ သိသွားပြီး ပြဿနာရှာမလားဆိုပြီး တွေးနေ တာမဟုတ်လား''

''အရင်းနှီးဆုံးကောင်လေး ဟုတ်လား''

''အင်း''

''ဘယ်သူလဲ''

''ဟောဗျာ...သူကပဲ မေးခွန်းပြန်ထုတ်ရတယ်လို့၊ ကိုယ်က ဘယ်လိုလုပ်ပြီးသိပါ့မလဲ၊ မင်းကောင်လေးအကြောင်း မင်းပဲသိမှာပေါ့ ရှိန်း''

အဲ...ကြည့်စမ်း ဒါဟာ သူ သက်သက်မဲ့ ရှိန်းကို အစ်လိုက်တာပဲ။ ရှိန်းမှာ ရည်းစားရှိသလားဆိုတာသိချင်လို့ သူမေး နေတာ။

ဟွန်း...လူလည်ကြီး။

''ရှိန်း''

''ရှင်''

''ကိုယ်ပြောတာမှန်တယ်မို့လား''

''အင်း''

သူမခေါင်းလေး ဆတ်ခနဲညိတ်တော့ သူမျက်နှာချေချော

www.burmeseclassic.com



ကြီးက ကွက်ခနဲပျက်သွား၏။ ရှိန်း ရယ်ချင်လိုက်တာ မနည်းကို ထိန်းချုပ်ထားရတယ်။

အဲဒီ ကိုမင်းဟာလေ။

နည်းနည်းလေးတောင် ဟန်ဆောင်မကောင်းဘူး။ ပြောလိုက်တာမှ လွန်ရောပဲ။ မျက်နှာကြီးက ညိုးနွမ်းပြီး ငူငိုင်သွား ပါ ရယ်ပင်ရယ်ချင်စရာ။

"ကိုမင်း"

"ဟင်"

"စိတ်ပျက်သွားပြီလား"

"ဘာကိုလဲ ရှိန်း"

"ဝန်ခံလို့လေ"

သူ့အသံတိတ်သွား၏။ သူမမျက်နှာဆီ ဆွေးရိပ်လေးများ ယှက်သန်းနေသော မျက်ဝန်းလေးတွေနှင့် တစ်ချက်စိုက်ကြည့်ကာ သက်ပြင်းငွေ့ငွေ့ကိုချသည်။

"စိတ်မပျက်ပါဘူး၊ ဒါက လူငယ်သဘာဝပဲဟာ နားလည်မှုပေးရမှာပေါ့ ရှိန်းရယ်၊ ဒါပေမယ့် ကိုယ့်အနေနဲ့တော့ မင်းကို အခုအချိန်မှာ ပညာရေးကိုပဲ အဓိကဦးစားပေးတာကိုပဲ

ရင်ခုန်မှတ်တိုင် ၁၈၅

ဖြစ်စေချင်တယ်၊ စာမေးပွဲက နီးနေပြီမဟုတ်လား၊ နှစ်လသုံးလဆို တဲ့ အချိန်က ခဏလေးနဲ့တင် ပြည့်သွားတာရှိန်းရဲ့၊ ကျန်တာကို နောက်မှစဉ်းစားပေါ့ကွာ"

ကိုမင်းရယ်။

ရှင်ဘယ်လိုလူလဲဟင်။

ရှိန်းအပေါ်မှာမှ ဘာဖြစ်လို့ အခုလို စေတနာမေတ္တာတွေ ကြီးမားနေရတာလဲကိုမင်းရယ်။

ရှိန်းက ခပ်ဆိုးဆိုးလေးပါဆိုတာတောင် နားလည်ခွင့်လွှတ် ဦးမလို့လားဟင်။ ဒါဟာ ကိုမင်းရဲ့စိတ်ထားအမှန်လား ကိုမင်းရယ်။

"ရှိန်း"

"ရှင်"

"ကိုယ်ပြောတာကြားရဲ့လား"

"ကြားပါတယ်"

"အေးပါကွာ...ကြားတယ်ဆိုရင်ပဲ ဝမ်းသာပါပြီ၊ လိုက်နာတာကတော့ မင်းရဲ့သဘောပဲပေါ့၊ ကဲ ကိုယ့်ညီမနဲ့ချိန်းထား တာ ရှေ့ကဆိုင်မှာပဲ၊ ရှိန်း ခဏနေဦးနော်၊ ကားပါကင်ထိုးလိုက် ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် သူက ကားရှေးပြည့်သိပ်စွာ ရပ်ထားသော ကားရှေ့င်းလေးထဲက နေရာလွတ်တစ်ခုကိုရှာကာ တိုးရွှေ့ပါကင်ထိုးရပ်လိုက်ပါသည်။

ပြီးနောက် ကားပေါ်ကဆင်းပြီး သူမဘက်သို့ လျှောက်လာကာ ကိုယ်တိုင်ပင် တံခါးလေးလာဖွင့်ပေးသည်။

ဘာရယ်မဟုတ် ရှိန်းရင်ထဲ ကြည်နူးသလိုလိုပါ။

□ □ □



## အခန်း ([illegible])

"သား"

"ဗျာ...မေမေ"

"ခဏထိုင်ပါဦးကွယ်၊ မေမေ မေးစရာလေးရှိလို့"

"ဟုတ်ကဲ့ မေမေ"

သားဖြစ်သူက ရှိသေစွာပင် ရှေ့နားလေးတွင် ဝင်ထိုင်၏။ ဒေါ်သီတာဝတစ်ယောက် သားဖြစ်သူရဲ့ မျက်နှာချောချောလေးကို ငေးစိုက်ကြည့်ကာ သက်ပြင်းမောလေးကို ကြိတ်ရှိုက်မိသည်။

ဈေးလက်က သားနဲ့ပတ်သက်တာမှန်သမျှ မောက်သည်ချပြီးပြီလေ။ ကောင်မလေးတစ်ယောက်နဲ့ ခြေရှုပ်နေတယ်တဲ့။ ကြည့်ရတာလည်း ဆင်းရဲမယ့်ပုံပါပဲ။ အဝတ်အစားက လုံးဝမ[illegible]ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညှိုညှိုတွေချည်းပဲတဲ့လေ။ ပြီးတော့ မြောက်ဥက္ကလာမှာနေတဲ့ ကောင်မလေးတစ်ယောက်ပဲဟုလည်း တိတိကျကျကို သတင်းပေးထားခဲ့သည်။

သားအကြောင်းကို ကြားကြားချင်း ဒေါ်သီတာဝှပင် မယုံချင်။ သားအမိနှစ်ယောက်ကြားမှာ ငါကမအေဟဲ့ဆိုတဲ့ စည်းသောင်ခတ်ပြီး နေခဲ့သူမှမဟုတ်တာ။ အရင်းနှီးဆုံးမိတ်ဆွေလို၊ သူငယ်ချင်းလို ဆွေးနွေးတိုင်ပင်လို့ရအောင် မိဘဆိုတဲ့ အရှိန်အဝါကိုပင် လုံးဝမေ့ထားခဲ့သည်။

ဒါနဲ့များတောင် သားက ဘာကြောင့် အခုလိုတွေ လျှောက်လုပ်နေရတာလဲ။

မိန်းကလေးတစ်ယောက်နဲ့ တွဲတယ်ဆိုတာ လျှို့ဝှက်ဖုံးကွယ်နေစရာမှမဟုတ်တာ။ သားအသက်အရွယ်အရ သင့်တော်တဲ့ အိမ်ထောင်ဖက်တစ်ဦးကို ရွေးချယ်သင့်နေပြီဆိုတာ နားလည်ပေးလို့ ရနေတာပဲလေ။ ဒါကို ဘာတွေစိုးရိမ်ကြောင့်ကြနေရတာလဲ။

"သား"

"ဗျာ...မေမေ"

"သားမှာချစ်သူရှိနေပြီလား သား"

"ဗျာ"

"ဟင်း...ဟင်း ဘာလဲ အံ့သြသွားတာလား"

"ဟို...ဟို"

"ဒီနေ့ သားကို ကောင်မလေးတစ်ယောက်နဲ့ တွဲပြီးမြင်လိုက်တဲ့သူက မေမေ့ဆီ သတင်းပေးသွားတာ၊ ကောင်မလေးက မိုးပြာရောင်ဝတ်စုံလေးနဲ့တဲ့ ဟုတ်လား သား"

မေမေက အချက်ကျကျပင် မေးနေပြီဆိုတော့ လိမ်ညာနေတော့လည်း ဘာမှထူးမည်မဟုတ်တော့။ ရှိန်းက တကယ်ပဲ မိုးပြာရောင်ဝတ်စုံလေးကို ဝတ်ထားခဲ့တာလေ။ ဘယ်သူကများ ဒီလောက်တောင် စပ်စပ်စုစုတိုင်တန်းသွားရပါလိမ့်။

စူးလက်များလား။

သူ စူးလက်ဆီ လှမ်းကြည့်တော့ စူးလက်မျက်နှာတွေ ပင့်တက်သွား၏။

"ကိုကိုနော်...စူးလက်ကို တရားခံလာမရှာနဲ့၊ ကိုကို မလိုက်နိုင်းလို့ စူးလက် စိတ်ကောက်နေတာ၊ ဘယ်မှတောင် မထွက်ဖြစ်ဘူး၊ မယုံရင် အန်တီသီကို မေးကြည့်"

စူးလက် ခပ်တည်တည်ပဲ လှမ်းလိုက်သည်။ ကိုကိုဘူမှတော့







www.burmeseclassic.com

www.burmeseclassic.com



ကို ဖုန်းမကြာခဏဆက်ပြီး သတင်းကောက်နေခဲ့တာလေ။ ရှိနေသလားဆိုတာပေါ့။ ကိုကိုအတွင်းရေးမှူးမလေးကို အပိုင်ကပ်ထားတာဆိုတော့ အရိပ်တစ်ခုလို စောင့်ကြည့်နေ၏။

နေ့လယ် ထမင်းစားချိန်ရောက်တော့ အပြင်ထွက်စရာရှိတယ်ဆိုပြီး မှာစရာရှိတာတွေလည်း မှာလိုက်ရော စူးလက်ကကားနှင့် ကိုကို့ကုမ္ပဏီ မလှမ်းမကမ်းတွင် ကြိုတင်ကာ စောင့်ကြည့်နေလိုက်တော့သည်။

သိပ်မစောင့်လိုက်ရပါ။

ကိုကိုက တစ်ယောက်တည်း ကုမ္ပဏီကနေထွက်လာပြီး ကားပေါ်တက်ကာ မောင်းထွက်သွား၏။ စူးလက်ကလည်း တကွက်စီနှင့် အနောက်ကနေလိုက်သည်။

ထူးဆန်းနေတာကို။

လုပ်ငန်းနဲ့ ပတ်သက်သမျှ ဘယ်ကိုပဲသွားသွား ကိုကို့နံဘေးတွင် အတွင်းရေးမှူးမလေး ခွန်ပွင့်က အမြဲလိုလိုလိုက်ပါသွားတတ်သည်။ ခုတော့ ခွန်ပွင့်ဝင် ချန်ရစ်ထားခဲ့တာဆိုတော့ သံသယဝင်စရာတွေပဲ ဖြစ်နေ၏။

စူးလက်နောက်ကနေ လိုက်ချောင်းတော့မှပဲ ကိုကို့ရဲ့



ဘုပ်ရုပ်အမှန်တွေကို မြင်တွေ့ခွင့်ရတော့သည်။ ကောင်မလေးတစ်ယောက် ငိုပ်လှတဲ့ ကောင်မလေးတစ်ယောက်ဆီ ကိုကိုသွားနေတာလေ။

ဝတ်စားထားတာ ကြည့်လိုက်ကတည်းက ဘယ်အဆင့်ဆိုတာ စူးလက် မသိဘဲနေပါ့မလား။ သို့ပေမယ့် ဝတ်ထားတဲ့ အဝတ်အစားလေး မဖုံးလွှမ်းနိုင်အောင်ပင် ကောင်မလေးရဲ့အလှတသင်းနေ၏။

ဝါဝင်းစိုလက်နေတဲ့ အသားအရည်လေးက နေရောင်အောက်တောက်အောက်မှာ လှဲမြှာလို့နေသည်။ တော်တော်လေးသာတာပါ။ မြင်နေရသူ ငိုင်ခနဲနေအောင် လှလိုက်တဲ့မိန်းမလှလေး။ သူမရဲ့အလှကို သူမဝတ်ထားတဲ့ အဝတ်အစားခပ်ညံ့ညံ့များကတားဆီးနိုင်။ ကောင်မလေးကိုကြည့်ပြီး မနာလိုဖြစ်ရသူကနေလက်ပါပဲ။

ကိုကိုကလည်း ကောင်မလေးကို ဆက်ဆံတာများနူးညွှတ်လိုက်လဲ့လို့။ ကောင်မလေး ထွက်လာတယ်ဆိုလျှင်ပဲကားပေါ်ကနေ ကပျာကယာဆင်းပြီး မှတ်တိုင်နားတွင် သွားရပ်နေတာလေ။ အစကတော့ ကိုကိုဘာများလုပ်နေသလဲ စဉ်းစားနေတာ

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှပဲ ဈေးလက်မှာ ကျောင်းကောင်းကြီး သဘောပေါက်သွားရတော့သည်။

ကိုကိုက ကောင်မလေးကို သူ့ရဲ့ဘဝသရုပ်မှန်နဲ့ ဆက်ဆံနေတာမှမဟုတ်ပဲ။ ပြီးတော့ ကိုကိုဝတ်ထားတဲ့အဝတ်အစားတွေ အိမ်ကနေဝတ်သွားတဲ့ အဝတ်အစားမဟုတ်။ ကုမ္ပဏီရောက်ပြီး ဒီကောင်မလေးဆီသွားခါနီးမှ ပြောင်းလဲကာ ဝတ်ထားပုံရသည်။

ထိုအချက်တွေအားလုံးကို စုစည်းကြည့်ပြီး ကိုကိုဟာ ကောင်မလေးအပေါ်မှာ သွေးရိုးသားရိုးနဲ့ မိတ်ဆွေတစ်ယောက်လို သဘောထားနေတာ မဟုတ်ဘူးဆိုတာ ဈေးလက် ရိပ်မိသွားတာပေါ့။

"သား"

"ဗျာ"

"မင်းဘာဖြစ်လို့ တခြားလူတွေကို ပတ်ရမ်းချင်နေတာလဲ မေမေက သားကို ဒီလောက်အခွင့်အရေးတွေ ပေးထားပါလျက်နဲ့ ဘာတွေစိုးရိမ်နေတာလဲသားရယ်၊ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပါလား"

"ခက်တယ်ဗျာ…မေမေနားလည်အောင် ဘယ်လိုပြော



မလဲ၊ သားတို့က သာမန်မိတ်ဆွေအဆင့်ပဲ ရှိတာဆိုတော့ မေ အခုလိုမေးနေတဲ့ မေးခွန်းတွေကို ဖြေဖို့ အရမ်းကိုပဲ ခက်ခဲနေတယ်"

"ဘယ်လို သား"

"ဟုတ်တယ် မေမေ၊ အဲဒါ သားတကယ်ပြောတာ"

"အထူးအဆန်းပါလား၊ မေမေ ဖိုပြီးတော့တောင် စိတ်ဝင်စားသွားပြီသား၊ သားလိုလူမျိုးကို သာမန်မိတ်ဆွေအဆင့်နဲ့ပဲ ခင်မင်တာဆိုတော့ အဲဒီမိန်းကလေးက တစ်မျိုးပဲ။ သူ့နာမည် ဘယ်လိုခေါ်သလဲ သား"

သူမပြောပြချင်။ မေမေစိတ်ဝင်စားနေပြီဆိုလျှင် အခြေအနေက အရင်ကလို အေးအေးတော့မှာမဟုတ်ဘူးလေ။

"သား…ပြောလေ"

"နွေးထွေးရှိန်းပါ မေမေ"

"နွေးထွေးရှိန်း"

မေမေက သံယောင်လိုက်ကာ ရေရွတ်သည်။ ပြီးနောက် ခေါင်းလေး တဆတ်ဆတ်ညိတ်နေပြန်၏။

"သူကဘယ်မှာနေတာလဲ"

"မြောက်ဥက္ကလာပမှာပါ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီတစ်ခါ မျက်လုံးပြူးရတာက စူးလက်။

မထင်ဘူးလေ။ ကိုကိုက အမှန်အတိုင်းဖွင့်ပြောပြီး ရင်ဆိုင်ရဲလိမ့်မယ်လို့ကို မတွေ့ထားခဲ့တာပါ။ ကိုကို့အဆင့်အတန်းနဲ့ မြောက်ဥက္ကလာက ရပ်ကွက်လေးတစ်ခုမှာနေတဲ့ ကောင်မလေးကို ပတ်သက်ဆက်နွယ်နေပါတယ်ဆိုတဲ့ အကြောင်း မိဘကို ဖွင့်ပြောဖို့ဆိုတာ အင်မတန် ခက်ခဲတဲ့အရာတစ်ခုပဲမဟုတ်ပါလား။

"အံ့ပါရဲ့ ကိုကိုရယ်၊ ကိုကို့အဆင့်အတန်းနဲ့များ အဲဒီလို ကောင်မလေးမျိုးနဲ့ ပတ်သက်ရတယ်လို့၊ သူများတွေသာသိရင် အရှက်ရစရာပဲ"

"ဘာရယ်...စူးလက် မင်းဘာပြောချင်တာလဲ"

"စူးလက်ပြောတာ ရှင်းရှင်းလေးပဲကိုကို၊ ရွှေယမင်း ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် မင်းယောကျ်ားဆိုတဲ့လူ တွဲနေတာက ဆင်ခြေဖုံးရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်ဆိုတာသာ ကိုကို့အသိုင်းအဝိုင်းမှာသာ သတင်းပျံ့သွားရင် ဘယ်လောက်တောင် များ ကိုကိုမျက်နှာငယ်လိုက်ရမလဲ။ အပျော်သဘောဆိုရင်လည်း ရပ်လိုက်တော့ ကိုကို၊ လုံးဝမတန်ဘူး"

"စူးလက်"

[redacted]



သူ့အသံက အနည်းငယ်မာဆတ်သွား၏။

"စူးလက်ကို ဘာဖြစ်လို့အော်တာလဲကိုကို၊ စူးလက်က စေတနာနဲ့ သတိပေးနေတဲ့ဟာကို"

"စေတနာဆိုပေမယ့် မင်းစကားတွေက ကိုယ့်ဂုဏ်သိက္ခာကို အကြီးအကျယ်စော်ကားနေပြီဆိုတာရော သတိထားမိရဲ့လား၊ ကိုယ်က မင်းထင်ထားသလို လူစားမျိုးမဟုတ်ဘူး စူးလက်၊ ကိုယ့်စိတ်ဓာတာသာယာရေးအတွက် တစ်ဖက်သားရဲ့ဘဝ နစ်နာဆုံးရှုံးမှုတွေ ပေးတတ်တဲ့ သေးသိမ်ညှိဖျင်းတဲ့ ယောကျ်ားတွေထဲမှာ ကိုယ်မပါဘူး စူးလက်"

"ဆောရီး ကိုကို၊ စူးလက်ပြောတာက"

"အခုကိစ္စမှာ စူးလက်ကို ဝင်မပါဖို့ ကိုယ်တောင်းပန်ပါတယ်၊ ကဲ မေမေလည်း ခွင့်ပြုပြီးဗျာ၊ သားပင်ပန်းလို့နားချင်နေပြီ"

သူ ခွင့်တောင်းပြီးတာနှင့်ပဲ နေရာကနေ ချက်ချင်းထလိုက်သည်။ စိတ်တွေအရမ်းကို ပင်ပန်းနေတာလေ။ ဘယ်သူနဲ့မှလည်း စကားပြောချင်စိတ်မရှိဘူး။ အပေါ်ထပ်သို့သာ တက်လာခဲ့မိသည်။

ရှိန်းမှာ ရည်ရွယ်ထားသူ ရှိနှင့်နေပြီးသားဆိုတဲ့ အသိက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုတည်းနဲ့တင် သူ့အသူးတွေလျှော့သွားတာပါ။

ချစ်နေမိပြီလေ။

ဒါကို ရင်ဖွင့်ပြဖို့ဆိုတာ သူ့မှာ အခွင့်အရေးဘယ်လောက်များ တောင် ကင်းမဲ့ခဲ့ရသလဲ။

ခံစားနေရသည်။

နာကျင်ကြေကွဲနေရသည်။

ဘယ်သူသိမှာလဲ။

ရင်ထဲက ခံစားချက်တွေကို ဘယ်သူက နားလည်နိုင်မှာလဲ။

စိတ်ညစ်တယ်ကွာ။

□ □ □



## အခန်း (၈၅)

"ဘယ်လို…ဘယ်လို မောင်မင်းခန့်၊ ကုမ္ပဏီအလုပ်က ခေ့ ခဏနားပြီး ကောင်မလေးကို ဝိုက်လုပ်ပေးဖို့ သားကတာဝန် ပေးထားတယ် ဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့ အန်တီသီတ"

"ဘာကြောင့်လဲ၊ သားက ဘာကြောင့် အခုလို စိစစ်ရတာ သဲ၊ မြောက်ဥက္ကလာဘက်မှာ အိမ်ငှားပြီး မင်းကိုပါ ပြောင်းနေခိုင်း တယ်ဆိုတော့"

"ရှိုန်းက ဆရာ့အကြောင်းကို လုံးဝမသိဘူး အန်တီသီတ ၇ ဆရာက ကျွန်တော့်အစ်ကိုဆိုတာရယ်၊ ကုမ္ပဏီမှာ သူဌေးကား မောင်းတဲ့အလုပ်လုပ်တယ်ဆိုတာရယ်ပဲ သိထားတာ၊ ဆရာက

www.burmeseclassic.com

www.burmeseclassic.com



သွားဝအေနန်ကိုသိပြီး ရှိန်းနဲ့ခင်မင်ရင်းနှီးမှုလေး ပျောက်သွားမှာစိုးရိမ်နေတဲ့ပုံပဲ အန်တီသိတာပေါ့၊ သေချာတာကတော့ ရှိန်းက တကယ့်ကိုရိုးသားပြီး ဘာကိုမှမသိတာပါ၊ ကုမ္ပဏီပိုင်ရှင်သူဌေးဆိုပြီး ချဉ်းကပ်နေတာမဟုတ်ပါဘူး အန်တီ”

“အမလေး…နင်က ဘာသိလို့ အခုလိုကာကွယ်ပြောနေတာလဲ မင်းခန့်ရဲ့၊ အခုခေတ်ကောင်မလေးတွေကို နင်က လျှော့တွက်နေတယ်ပေါ့လေ၊ ထင်သလား၊ ကိုကိုမင်းယောကျ်ားက ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတာ အဲဒီကောင်မလေး လုံးဝမသိပါဘူးလို့ နင်ထင်လား၊ ဟန်ဆောင်နေတာဟဲ့၊ မသိချင်ဟန်ဆောင်နေတာ၊ နင်တို့ယောကျ်ားတွေဟာလေ မျက်နှာလေး သနားကမားပုံစံ လုပ်မပြလိုက်နဲ့ လုံးလုံးကို မျောကြတော့တာပဲ၊ မိန်းမတွေခြေလှမ်းကိုငါတို့မိန်းမတွေပဲ မြင်တာဟဲ့၊ ဒီယှန်မြင်လို့ ဒီချူထွင်နေတာ နင်က ဘာသိလို့လဲ”

နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးဘက်က ကာကွယ်ပြောနေတဲ့ ကိုကို့ဝန်ထမ်း ခင်းခန့်ဆိုတဲ့ကောင်ကို ကြည့်မရစွာပင်ကြားဝင်ကာ ပြောလိုက်တာက စုးလက်။

လွန်နေပြီလေ။ ကိုကို့လုပ်ရပ်တွေက သိပ်ကိုတရားလွန်





နေပြီ။

ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်အတွက် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေတာတွေက စုးလက်နှလုံးသားကိုဘယ်လောက်တောင် ခံရခက်စေသလဲ။

ဟိုနေ့ကလည်းကြည့် စုးလက်ကို ဝင်မပါနဲ့တဲ့။

ပြတ်ပြတ်သားသား တားမြစ်သွားတဲ့ ကိုကို့လေသံကဒေါသသံအပြည့်။ အဲဒီလို ဆက်ဆံစရာလား။ စုးလက်အပေါ်မှာကိုကို ဘယ်တုန်းကများ လေသံတင်းတင်းနဲ့တောင် ပြောဆိုဖူးလို့လဲ။

နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးနဲ့ပတ်သက်ပြီးတော့မှ စုးလက်အပေါ် ဆက်ဆံရေးပြောင်းသွားရတာ။ ခံရခက်လိုက်တာနော်။ ဒီလိုမိန်းကလေးနဲ့ စုးလက်က ပခုံးချင်းယှဉ်စရာတဲ့လား

ကိုကို့ကြောင့်။ ဒါတွေအားလုံး ကိုကို့ကြောင့်ဖြစ်ရတာ။

“မောင်မင်းခန့်”

“ဗျာ…အန်တီ”

“မင်းသွားတော့”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်နိုင်ပြီ မောင်မင်းခန့်၊ ဒါပေမယ့် ဒီကနေ့ မင်းကို အိမ်ခေါ်ပြီး ဒီအကြောင်းတွေမေးတာကိုတော့ သားလုံးဝမသိစေနဲ့နော်၊ ကြားလား"

"ဟုတ်...ဟုတ်ကဲ့ အန်တီ"

"အေး...အေး မင်းတာဝန်သာ မင်းကျေပွန်အောင် ထမ်းဆောင်ပေးလိုက်ကွာ၊ မင်းဆရာက အဲဒါကိုပဲ လိုချင်နေတာမဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ၊ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦးနော်"

"အေး...အေး"

ခေါ်သီတဂူက အေးဆေးစွာပင် ခေါင်းလေးညိတ်ပြသည်။

"မစုးလက်...ပြန်ခွင့်ပြုဦးခင်ဗျ"

"ကြွ...ကြွ"

စုးလက် စိတ်ပေါက်ပေါက်နှင့် ဘုတောမိ၏။ သွေးအေးနိုင်လွန်းတဲ့ အန်တီသီတဂူကိုလည်း စုးလက် နည်းနည်းလေးမှ အားမရပါ။ ကိုကိုလို တစ်ဦးတည်းသောသားတစ်ယောက်အတွက် အန်တီသီတဂူ မစိုးရိမ်ဘူးလား။ နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေး



က မင်းခန့်ပြောပြချက်အရဆို သိပ်ပြီးခဝင်းရဲတာလေ။

အခုမှ ဆယ်တန်းဖြေဖို့ ကြိုးစားနေတဲ့သူ။

စာတော့တော်တယ်တဲ့။

ဘာလုပ်ရမှာလဲ။ ဒီအရည်အချင်းလေးလောက်နဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ကို လှမ်းမှန်းတာကတော့ လွန်လွန်းအားကြီးသည်။

"အန်တီသီ"

"ပြော...စုးလက်"

"ဘာမှမဖြစ်ဘူးလားဟင်"

"ဟော"

"အခုလိုသတင်းတွေကြားရတာ အန်တီသီ ဘယ်လိုမှ မခံစားရဘူးလားလို့မေးတာပါ"

"အင်း...ခံစားရတာပေါ့ကွယ်၊ ရင်ထဲမချိအောင် ခံစားရတာပေါ့ စုးလက်ရယ်"

"ဒါနဲ့များတောင် အခုလို သွေးအေးအေးနဲ့ နေနေတာ စုးလက်တော့ နားတောင်မလည်တော့ဘူး အန်တီသီ"

"သွေးအေးအေးနဲ့ဟုတ်လား၊ စုးလက် အန်တီသီရင်ထဲ

www.burmeseclassic.com



စူးလက်ဝင်ကြည့်ပါဦးကွယ်၊ အပွမီးတွေ ဘယ်လောက်တောင်ရှူး လောင်မြိုက်နေသလဲဆိုတာ၊ ဒီလိုကောင်မလေးကိုမှ သားက သွား ပတ်သက်နေသတဲ့လားဆိုတဲ့ အတွေးနဲ့တင် ရှူးသွပ်သွားမလား တောင် ထင်နေမိတယ်ကွယ်၊ ဒါပေမယ့် သားကို အန်တီသိ ချစ်တယ်၊ အန်တီသိမှာ ဒီသားလေးတစ်ယောက်တည်းရှိတာလေ၊ သားဆီက အမုန်းတွေ အန်တီသိ လုံးဝမလိုလားဘူး စူးလက်။ သားဘက်က စိမ်းကားမှုတွေနဲ့ တုံ့ပြန်ခံရမှာ အန်တီသိ အကြောက် ဆုံးပါပဲကွယ်၊ ဒါကြောင့် အန်တီသိ ငြိမ်သက်နေတာပါ၊ သားကိုမှ မစွန့်လွှတ်နိုင်တာ ပြီးတော့ သားက ဒီကလေးမလေးအပေါ် သံယောဇဉ် တော်တော်လေးနက်ပုံရတယ်၊ ဟိုနေ့ကပဲ စူးလက် ကြည့်လေ နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးကို စကားနဲ့တောင် အစော်မခံဘူး"

"ဒါက အန်တီသိစိတ်လျှော့လွန်းလို့ ကိုကိုက တင်းနေ တာပါ။ အန်တီသိသာ တင်းရင် ကိုကိုဘက်က လျှော့သွားမှာပေါ့"

စူးလက်က အားပေးမိသည်။

ဘာပဲပြောပြော အန်တီသိတခုစိတ်ထဲမှာ နွေးထွေးရှိန်းဆို တဲ့ ကောင်မလေးနှင့် ပတ်သက်ပြီး မကျေနပ်ချက်တွေက ရှိနေတာ





မို့လား။ စူးလက်အတွက်တော့ အားတက်စရာပါ။

"အန်တီသိ"

"ဟင်"

"စူးလက်တို့ သွားစုံစမ်းကြည့်ရအောင်"

"ဘာ...ဘာ စုံစမ်းမလို့လဲ"

"နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးရဲ့ အခြေအနေကို လေ"

"ဖြစ်...ဖြစ်ပါ့မလားကွယ်"

"ဘာလို့မဖြစ်ရမှာလဲ၊ အန်တီသိကလည်း ဒါမှ အန်တီ သိလည်း စိတ်ကို သေချာဆုံးဖြတ်ချက်ချနိုင်မှာပေါ့၊ ကိုကိုစိတ်ပြို ငြင်မှာကို စိုးရိမ်တာလေးတစ်ခုတည်းနဲ့ပဲ ကိုကိုအကြိုက်ပဲ လိုက်လျောတော့မလို့လား။ အခုကိစ္စက ကိုကို့ဘဝတစ်သက်တာ လုံးနဲ့ သက်ဆိုင်နေတာနော် အန်တီသိ၊ အနာဂတ်မှာ ပျော်ရွှင်ချမ်းမြေ့ မှုတွေ မဖြစ်ရင် အန်တီသိပဲ နောင်တတွေတသီကြီးရနေရမှာ၊ ပြီးတော့ ဒီကောင်မလေးက ဘယ်လောက်တောင်မှ အမြုံအဆွယ် တောင်းနေသလဲမှမသိတာ၊ ကိုကိုက မိန်းကလေးအတွေ့အကြုံ မရှိတဲ့သူဆိုတော့ အနုအရာတော့မှာ ပျော်နေမှာပေါ့ အန်တီသိ၊



www.burmeseclassic.com

www.burmeseclassic.com



တားဆီးသင့်တယ်ဆိုရင်လည်း ကြိုတင်လက်ဦးမှု ရယူထားမှုကိုဖြစ်မယ်"

စုးလက် မြှောက်ပေးနေမိ၏။

ကိုကို စုးလက် ကိုကို့ကိုချစ်တယ်။

လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ကိုကို။ ပိုင်ဆိုင်ခွင့်ရအောင် ပဲ စုးလက်က ကြိုးစားမှာ။

ပြီးတော့ နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေး။ သင်းကြောင့် တစ်သက်နဲ့တစ်ကိုယ် မအော်ဟောက်ဖူးတဲ့ ကိုကိုက စုးလက် အပေါ် သူ့စိမ်းအမြင်ထားပြီး ဟောက်ခဲ့တာလေ။

မုန်းတယ်။

စုးလက် သူ့ကိုအရမ်းမုန်းတယ်။

"စုးလက်"

"ရှင်...အန်တီသိ"

"အန်တီသိ ဆုံးဖြတ်လိုက်ပြီ"

"ရှင်"

"နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးအကြောင်း သူနေတဲ့ ရပ်ကွက်ထဲမှာ သွားစုံစမ်းကြည့်ဖို့လေ စုးလက်"



"ကောင်းတယ်...ကောင်းတယ် အန်တီသိတဲ့၊ စုးလက်ကတော့ အားပေးတယ်သိလား၊ ဘာပဲပြောပြော စုးလက်ကတော့ ကိုကို့ကို ဒီလိုကောင်မလေးမျိုးနဲ့ လုံးဝကို သဘောမတူဘူး၊ ကိုကို စိတ်ဆိုးချင်လည်းဆိုး မုန်းချင်လည်းမုန်း ရအောင်တော့ တားဆီးရမှာပဲ"

ရင်ထဲကဆန္ဒအတိုင်းပင် စုးလက် ပြောမိသည်။

"စုးလက်"

"ရှင်...အန်တီသိ"

"ဘာဖြစ်လို့ အခုလိုစိတ်မျိုး သားအပေါ်မှာ ထားတာလဲဟင် စုးလက်"

"ရှင်"

"ပြောလေ စုးလက်"

"ဟို...ဟို စုးလက်က အဲဒီလောက်တောင် သံယောဇဉ်ရှိတာ ကိုကို့ကို စုးလက် ဒုက္ခမရောက်စေချင်ပါဘူး အန်တီသိရယ်၊ ကိုကိုသာ တစ်ခုခုဖြစ်သွားရင် စုးလက် အရမ်းခံစားရမှာ"

"အင်း"

ဒေါ်သီတာဂုက ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွေက ကျေနပ်စွာပြုံးနေသည်။ ဒီအဓိပ္ပာယ်ဟာဘာလဲဆိုတာ ရှူးလက်က မရိပ်မိပဲ နေပါ့မလား။

ရှူးလက်မဲဟား။ ဒီလောက်တော့ ခန့်မှန်းလို့ရနေပြီလေ။

□ □ □



## အခန်း (၁၁)

"မမရှိန်း...မမရှိန်း"

"ဟဲ့...ဘယ်သူလဲ"

"ဟို...ဟို သား ရဲဝင့်နိုင်ပါအန်တီမြင့်၊ မမရှိန်း ရှိ...ရှိလားဟင်"

"သြော်...ရဲဝင့်နိုင်ပါလား၊ လာလေ မောင်လေး မမရှိန်းရှိတယ်၊ ဘာပြောချင်လို့လဲ"

အမေ့အသံကို ကြားလိုက်တယ်ဆိုရှုံပဲ တစ်အိမ်ကျော်မှာနေတဲ့ ကောင်လေး ရဲဝင့်နိုင်တစ်ယောက် ကြောက်ဒူးတွေတုန်ကာနေပြီ။

ဒါကိုသိလို့ စာကျက်နေတဲ့ စားပွဲဝိုင်းလေးကနေ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ထကာ အိမ်ပေါ်ကနေ ‌ေင်းကစ္စ ခြံဝင်းထိပ်လေးဆီ လျှောက်သွားလိုက်သည်။

"မမရှိန်း"

"ပြော…ရဲဝင့်နိုင်"

"ဟို…ဟိုလေ မမရှိန်းကို လမ်းထိပ်ကအစ်ကိုကြီးတစ်ယောက် စာ‌ေးခိုင်းလိုက်လို့"

"ဘယ်သူလဲ၊ ဘာစာပေးခိုင်းတာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်နဲ့ဟယ် ဘာဖြစ်လို့ ယူလာရတာလဲ၊ သွား…သွား ပြန်သွားပေးလိုက်"

"ဟာ…ပေးလို့မဖြစ်ဘူး၊ သားက မုန့်ဖိုးယူပြီးသွားပြီ မမရှိန်း ဖတ်ကြည့်လိုက်"

"အို…ဟွဲ…ကောင်လေး"

သူမလက်ထဲ စာရွက်ခေါက်လေး ဖျတ်ခနဲထိုးပေးခဲ့ပြီး ရဲဝင့်နိုင်ဆိုတဲ့ ကောင်လေးက လှစ်ခနဲနေအောင်ပင် အနားကပြေးထွက်သွားတော့သည်။

"ပြဿနာပဲ၊ ဘယ်လိုကောင်လေးမှန်းလည်း မသိဘူး"



ပြောပြောဆိုဆိုပင် ရှိန်းက စာရွက်ခေါက်လေးကို ဖွင့်ကြည့်မိသည်။

"ရှိန်း လမ်းထိပ်က ကားဂိတ်လေးမှာ ကိုယ်စောင့်နေမယ် မင်းယောကျ်ားတဲ့"

ဒါ…ကိုမင်းပေးခိုင်းလိုက်တဲ့စာပဲ။

ဘယ်လိုကနေဘယ်လို ရဲဝင့်နိုင်နဲ့ ပေးခိုင်းလိုက်တာပါလိမ့်။ စာရွက်လေးကိုဖတ်ပြီး ရှိန်း အံ့သြနေမိသည်။

ဘာအရေးကိစ္စများ ရှိလို့ ဒီအချိန်ကြီး ရောက်လာတာလဲ။ ရှိန်း စဉ်းစားလို့မရ။ သွားတာတော့ သွားတွေ့မှဖြစ်မည်။ အကြောင်းတစ်ခုခု မရှိဘဲနဲ့တော့ ကိုမင်း သူမဆီလာမှာမဟုတ်ပေ။

သူမ အိမ်လေးပေါ် ပြန်တက်ခဲ့လိုက်သည်။

"အမေ…သမီး အပြင်ခဏသွားလိုက်ဦးမယ်နော်"

"ဘယ်သွားမလို့လဲ"

"ဒီလမ်းထိပ်လေးတင်ပါ အမေ၊ သိပ်မကြာပါဘူး"

"အေး…အေး…သွား မြန်မြန်တော့ပြန်လာခဲ့နော် ရှိန်း"

"ဟုတ်ကဲ့ အမေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်လေးလည်း အိမ်မှာရှိနေတာမို့ ရှိန်း အမေ့ကို စိတ်ချစွာ ထားခဲ့လိုက်သည်။

အခုတလော အမေ့ရဲ့စိတ်က ပုံမှန်လောက်နီးနီး ပြန်ကောင်းနေတာမို့ ရှိန်းမှာ စိတ်ချမ်းသာနေရသည်။ အမေ့ဆီက ဖုန်းလာတာကို။ အမေနဲ့လည်း စကားတွေပြောနိုင်းတာမို့ အမေ အလုပ်သွားလုပ်တယ်ဆိုတာ ယုံကြည်သွား၏။ ဆေးကိုလည်း နေ့စဉ်နေ့တိုင်း ပုံမှန်သောက်တာမို့ အအိပ်အစားမှန်ကာ စိတ်ကကြည်လင်နေသည်။

ရှိန်းတစ်ယောက် ခြေလှမ်းသွက်သွက်နှင့် လမ်းမကြီးထိပ်သို့ ထွက်ခဲ့လိုက်၏။ လမ်းထိပ်ကားမှတ်တိုင်လေးတွင် ကိုမင်း မောင်းသော ကားအဖြူရောင်လေး ရပ်ထားတာတွေ့ရသည်။

ရှိန်း ကားလေးအနားရောက်တော့ စေ့ပိတ်ထားတဲ့ မှန်ချပ်လေး လျှောခနဲကျကာ ပွင့်သွားပြီး ကိုမင်းကို တွေ့လိုက်ရသည်။

"ကိုမင်း…ဘာကိစ္စရှိလို့လဲဟင်၊ ရှိန်းကို ခေါ်ခိုင်းလိုက်တယ်ဆိုတော့ လန့်တောင်လန့်တယ် ကိုမင်းရယ်"

သူမက စိတ်လောပြီး ပြောနေသလောက် ကိုမင်းကအေးအေးဆေးဆေးပါပဲ။

"ကိုမင်း"





"ကားပေါ်တက် ရှိန်း"

"ရှင်"

"ကားပေါ်တက်လို့ ပြောနေတယ်လေ"

"ဟို…ဟို…ရှိန်း အချိန်မရဘူးကိုမင်းရဲ့၊ ပြောစရာရှိတာ ဒီမှာပဲပြောခဲ့ပါလား"

ရှိန်းက ငြင်းလိုက်တော့ သူ့မျက်ဝန်းတွေ ညှိုးလျှသွားပြန်၏။ ရှိန်း စိတ်မကောင်းတော့ ဖြစ်သွားမိသည်။ သို့ပေမယ့် ကားပေါ်တက်ဖို့တော့ စိတ်မကူးမိပါချေ။

အမေ့ကို ခဏလေးပဲလို့ပြောခဲ့တာမဟုတ်လား။ ရှိန်းကြာနေလျှင် အမေတစိတ်ပူပြီး လိုက်ရှာမှာ။ အမေ့အကြောင်းကို ရှိန်း အသိဆုံးပဲဖြစ်သည်။

"ရှိန်း"

"ရှင်"

"မင်းကောင်လေး အထင်လွဲမှာစိုးလို့လား"

"ရှင်"

"ကိုယ့်ကားနဲ့လိုက်ရမှာ၊ အဲဒီလောက်တောင်ပဲ မင်းအတွက် ခက်ခဲနေရသလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို...ဟို...ရှိန်း...ရှိန်းက"

"နေပါစေတော့ ရှိန်းရယ်၊ ဒီလောက်ဆို ကိုယ်နားလည်လိုက်ပါပြီ၊ ကိုယ်သွားပါတော့မယ်၊ မင်းကို စိတ်တွေရှုပ်ထွေးနောက်ကျိနေအောင် မလုပ်တော့ပါဘူးကွာ၊ မင်းပြန်ပါတော့၊ သွားတော့ ရှိန်း"

သူက စိတ်ပျက်အားငယ်စွာပင် ကားမှန်ကို ပြန်တင်မည်အလုပ်...

"ကိုမင်း"

ရှိန်း တားဆီးလိုက်မိသည်။

သူက သူမမျက်နှာလေးဆီ စောင်းငဲ့ကြည့်၏။

"ရှိန်း လိုက်ခဲ့ပါ့မယ်"

ဟင်။

ရှိန်းက ပြောပြောဆိုဆို ကားရှေ့ကနေ ပြတ်ကျော်ကာ တစ်ဖက်ခြမ်းရှိ တံခါးလေးကို ဆွဲဖွင့်ပြီး စွေ့ခနဲတက်ထိုင်သည်။

မထင်မှတ်သောလုပ်ရပ်လေးကြောင့် မင်းယောကျ်ားပင် ကြောင်အအလေးဖြစ်ကာ မှင်သက်သွားရ၏။

သူထင်ထားတာက ရှိန်းတစ်ယောက် လှည့်ထွက်သွားမှာ





ပဲလို့လေ။ ချစ်သူရည်းစားရှိနေတဲ့ ကောင်မလေးတစ်ယောက်က သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ ကားပေါ်တက်ထိုင်ပြီး လိုက်ဖို့ဆိုတာ လွယ်မှမလွယ်ကူလောက်တာ။

ပြဿနာက အကြီးအကျယ်တက်နိုင်သည်။

ဒါကို ရှိန်း နားမလည်တာတော့မဟုတ်နိုင်ပါ။ ကားပေါ်စွေ့ခနဲတက်လိုက်ပုံက တကယ့်ကို ပေါ့ပေါ့ပါးပါး။ ဒါဆိုရင် ရဲဝင့်နိုင်ဆိုတဲ့ ကလေးလေးပြောတဲ့ စကားတွေက အမှန်တွေချည်းပဲပေါ့လေ။

"ကိုမင်း ကားကိုမောင်းလေ၊ ဘာလုပ်နေတာလဲ"

"ရှိန်း"

"ရှင်"

"ကိုယ်လေ"

"ပြောပါ ကိုမင်း"

"အရမ်းစိတ်ညစ်နေတယ် ရှိန်းရယ်"

ဟင်။

သူစကားကြောင့် သူမျက်နှာချောချောဆီ ရှိန်း ခေါင်းလေးငဲ့ကာ မျက်ဝန်းလေးတွေဝင့်ပြီး ကြည့်မိ၏။ သူမျက်ဝန်းအကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံကာ ရင်ထဲစိမ့်ခနဲ အေးသွားရသည်။

"ဘာဖြစ်လို့လဲဟင် ကိုမင်း၊ အလုပ်မှာ အဆင်မပြေလို့လား"

"မဟုတ်ပါဘူး၊ အခုကိစ္စက မင်းမေးနေတာတွေနဲ့ ဘာမှ မဆိုင်တဲ့ ခံစားချက်သက်သက်ပဲ ရှိန်း"

သူမမေးတာ မှားနေတယ်ဆိုတော့လည်း သူပြောပြတာပဲ ရှိန်းက နားထောင်ပေးဖို့ပဲ ရှိတော့တာပေါ့လေ။

"ရှိန်း"

"ရှင်"

"ကိုယ်စိတ်ညစ်တာ အယုံကြည်ရဆုံးလူဆီက လိမ်ညာခံလိုက်ရလို့ပဲ ရှိန်း"

"ရှင်"

"ဟုတ်တယ် ရှိန်း၊ ဒါကြောင့် ကိုယ်တစ်ချိန်လုံး သူ့ဆီက လိမ်ညာမှုနဲ့ နာကျင်ခံစားနေရတာ ထွက်ပေါက်တွေမဲ့လွန်းလို့ ဒီနေရာလေးကို ရောက်အောင်လာခဲ့တာပဲ ရှိန်း၊ ကံကောင်းတယ် ပြောရမလား၊ ဒီနေရာလေးကို ရောက်လာခဲ့တာ အရမ်းကိုမှန်ကန်တယ်ကွာ၊ ကိုယ့်စိတ်တွေ ခုမှပဲ ပေါ့ပါးလန်းဆန်းသွားရပြီရှိန်း





ရယ်"

ဘာတွေလဲ။

သူပြောနေတဲ့ စကားအဓိပ္ပါယ်ကို ရှိန်း တစ်ခုမှနား မလည်။

ဘယ်သူက လိမ်ညာလှည့်စားတာလဲ။ ဘာအကြောင်းနဲ့ ကိုမင်းက လိမ်ညာခံရတာလဲ။ ပြီးတော့ ဒီနေရာလေးကို လာမိတာ မှန်တယ်တဲ့လေ။ အခုပဲ စိတ်တွေပေါ့ပါးသွားရပြီဆိုပါလား။

"ကိုမင်း"

"ဟင်"

"ဘာ ဘာတွေလဲဟင်၊ ရှိန်း ဘာမှလည်း နားမလည်ဘူး၊ ကိုမင်းက ဘာကိုပြောချင်တာလဲ"

"ရှိန်း"

"ပြောလေ ကိုမင်း"

"မင်းပြောတော့ မင်းမှာ ချစ်သူရှိတယ်ဆို"

"ရှင်"

"အဲ့ဒီစကားကြောင့် ကိုယ့်မှာ ရူးမတတ်ခံစားလိုက်ရတာကွာ၊ အလုပ်လုပ်ရတာတောင် စိတ်မပါတော့ဘူး၊ မင်း သိပ်ခိုး



www.burmeseclassic.com

www.burmeseclassic.com



ပါလား ရှိန်းရယ်၊ ဒါ နေ့ောက်ဆုံးစကားမှမဟုတ်တာ၊ တစ်ဘက်သား ဘယ်လောက် ထိခိုက်သွားမလည်းဆိုတာ မင်း မစဉ်းစားမိဘူးလား ရှိန်းရယ်၊ တော်သေးတာပေါ့၊ ရဲဝင့်နိုင်ဆိုတဲ့ ကောင်လေးနဲ့ ဆုံလိုက်ရလို့ပဲ၊ ရှိန်းမှာ ဘာချစ်သူရည်းစားမှ ရှိမနေဘူးဆိုတာ သိလိုက်ရတော့တယ်"

ဟယ်။

ကြည့်စမ်း။

လူကို ဆူသလိုလို၊ သတိပေးဆုံးမသလိုလိုနဲ့ သူ့ရင်ထဲက ခံစားချက်ကို တိတိကျကျကြီး ဖွင့်ပြလိုက်တာပဲ။ သူ့စကားကြောင့် ရှိန်းစိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ရင်ခုန်သံလေးတွေပင် ကာရံမဲ့သွားရသည်။

"ရှိန်း"

"ရှင်"

"ကိုယ့်ကို ဘာဖြစ်လို့ညာတာလဲ"

"ရှင်"

"ရည်းစားရှိပါတယ်ဆိုပြီးတော့လေ"

"မရည်ရွယ်ဘဲ ပြောမိတာပါ၊ တကယ်ယုံသွားတာတော့ ဘယ်တတ်နိုင်မလဲ၊ ကဲပါ ကိုမင်း ပြောချင်တဲ့စကားက ဒါပဲမဟုတ်လား၊ ရှိန်း အိမ်ပြန်တော့မယ်၊ ရှိန်းက အမေ့ကို ခဏလေးပဲသွားမယ်ပြောလာခဲ့တာ၊ တော်ကြာနေ အမေစိတ်ပူနေလိမ့်မယ်"

"ကိုယ့်ရင်တွေ ပူလောင်နေတာကိုတော့ မင်း ဒီအတိုင်း ကြည့်နေရက်တယ်ပေါ့လေ၊ ဟုတ်လားရှိန်း"

"ရှင်"

"မင်း မသိချင်ဟန်ဆောင်နေတာလား ရှိန်းရယ်၊ ကိုယ့်မျက်လုံးတွေကို သေချာကြည့်ဦး၊ လူတစ်ယောက်ရဲ့ မျက်ဝန်းအကြည့်က အဲ့ဒီလူရဲ့ စိတ်တံခါးပေါက်ပဲဆိုရင် ကိုယ့်စိတ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ မင်းတွေ့မှာပါ ရှိန်းရယ်"

အို။

သူ့မျက်ဝန်းအကြည့်လေးတွေက အချစ်ရိပ်များ ပြည့်လျှံကာ စိုစွတ်ရီဝေလို့နေတာပါလား။

"ရှိန်း"

"ဟို ရှိန်း၊ ရှိန်း သွားတော့မယ်"

"ဒါ ရှောင်တာလားရှိန်း"

"အို ဘာရှောင်လို့လဲ၊ ရှိန်း တကျက်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တဲပါကွာ သွားပါ သွားပါ၊ ခွင့်ပြုပါတယ် ရှိန်းရယ်၊ မင်းမှာရည်ရွယ်ထားတဲ့သူ မရှိသေးဘူးဆိုတဲ့ အချက်ကလေး သိခွင့်ရခဲ့တဲ့အတွက်နဲ့ပဲ ကိုယ် ကျေနပ်နိုင်ပါပြီ"

ရှိန်းတစ်ယောက် ကားလေးထဲကနေ ဆင်းမည်အပြု

"ရှိန်း"

သူမလက်လေးဆီ ညင်သာစွာ ဖမ်းဆုပ်ကိုင်လိုက်တဲ့ နိုင်မာမြဲမြံသော လက်လေးတစ်စုံ။

ပြီးတော့

ထိုလက်လေးပေါ် ကျရောက်လာသည့် အကြင်နာအနမ်းလေးတစ်ပွင့်။

"ကိုမင်း"

ရုတ်တရက် ရှိန်း လန့်ဖျန့်သွားသည်။

"မင်းကိုချစ်တယ် ရှိန်း၊ ဘယ်တော့မှ မပြောင်းလဲတော့မယ့် အချစ်တွေနဲ့ပေါ့၊ မင်းသေချာမှတ်ထားပေးပါနော်၊ မေ့မပစ်လိုက်ပါနဲ့ရှိန်းရယ်"

ရှိန်း ရှက်ရွံ့ထူပူစွာပင် ကားပေါ်ကနေ ကပျာကယာ ဆင်းကာ နေရာလေးကနေ အပြေးတစ်ပိုင်း ပြန်ထွက်လာခဲ့မိတော့

[redacted]



သည်။

နားထဲမှာတော့ ကိုမင်းယောကျ်ားရဲ့ အသံပေးစကားသံက တိုးလျလျ။

□ □ □

[redacted]

www.burmeseclassic.com

## အခန်း (၁၉)

"မင်းရူးနေပြီလားဟင် မင်းယောက်ျား၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ ကြည့်စမ်း နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေး ပိုင်ဆိုင်ထားရတဲ့ဘဝ၊ ဖအေက အိမ်အပေါင်ထားခဲ့ပြီး နိုင်ငံခြား မှာ အလုပ်သွားလုပ်နေတာရယ်၊ မအေက စိတ်ဝေဒနာသည်၊ စိတ်ဖောက်ရင် ရပ်ကွက်ထဲ ဘယ်သူမှနေလို့မရအောင် ပတ်ရမ်း ဆဲဆိုနေတတ်တာတဲ့လေ၊ ဘုရား ဘုရား၊ မင်း ဦးနှောက်မှရှိသေး ရဲ့လား သားရယ်၊ ဒီလိုကောင်မလေးကိုမှ သံယောဇဉ်တွေသွား တွယ်နေရသတဲ့လား၊ မေမေဖြင့် ကြားပြီးပြီးချင်း အံ့သြလွန်းလို့ ယုံတောင် မယုံနိုင်အောင် ပါစပ်အဟောင်းသားကို ဖြစ်ခဲ့ရတယ် ကွယ်"



ဟင်။

မေမေ့စကားကြောင့် မင်းယောက်ျားမျက်နှာ ကွက်ခနဲ ပျက်သွားရ၏။ ရှိန်းပြောပြလို့ သူမ အဖေက နိုင်ငံခြားမှာ အလုပ် သွားလုပ်နေတယ်ဆိုတာတော့ သိပါသည်။ သို့သော် ရှိန်းရဲ့အမေ က စိတ္တဇဝေဒနာသည် တစ်ယောက်ဆိုတာတော့ သူမသိ။ ရှိန်း မပြောပြတာမဟုတ်။ သူကိုယ်တိုင်ကလည်း မိသားစုဝင်တွေ အကြောင်း စပ်စပ်စုစု မမေးမြန်းတတ်ခြင်းကြောင့်လည်း သိမနေ ခဲ့ခြင်းဖြစ်သည်။

"ဆင်းရဲချို့တဲ့တာကိုတော့ မေမေ အစွန်းခံ့းထိ လက်ခံ ပေးနိုင်ပေမယ့်၊ အရူးသမီးဆိုတာကိုတော့ မချေမျက်ပေးနိုင်ဘူး မင်းယောက်ျား၊ ဒါ ဆော့ကစားစရာမဟုတ်ဘူးကွ၊ မင်း မေမေ့ကို စနောက်ချင်တယ်ဆိုရင်တောင် ဒီလိုပုံစံမျိုးနဲ့ အံ့သြမှင်သက်သွား အောင်တော့ မလုပ်သင့်ဘူး သား"

"နေပါဦး မေမေ၊ မေမေက ဒီအကြောင်းတွေ ဘယ် ကနေသိတာလဲ၊ မေမေ့ကို ဘယ်သူလာပြောသွားတာလဲ မေမေ"

"ဘယ်သူမှလာမပြောဘူး သား၊ မေမေကိုယ်တိုင် ကောင်မလေးနေတဲ့ လိပ်စာအတိုင်း သွားစုံစမ်းခဲ့လို့ သိခဲ့ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလည်း မင်းက ဒီအကြောင်းတွေ ဘာမှမသိဘူးလား၊ အင်းလေ သူက ဘယ်ပြောပါ့မလဲ၊ မအေက အရူးမကြီးကို၊ မင်းလို လူမျိုး စိတ်ပျက်သွားရင် သူ့အတွက်က အကျိုးယုတ်စရာတွေချည်းပဲ ဖြစ်လာမှာကို၊ သူ ဘယ်ပြောရဲပါ့မလဲ''

''မဟုတ်ဘူး မေမေ၊ မေမေထင်သလို မဟုတ်ဘူး ရှိန်းက မေမေလင်္ကာလို မိန်းကလေးမျိုးမဟုတ်ဘူးဗျ၊ သူ့ကို အထင်မလွဲပါနဲ့''

''ဘာလဲသား၊ မင်းယောကျ်ားဆိုတဲ့ ကောင်လေး တစ်ယောက်က သာမန်ရပ်ကွက်လေးတစ်ခုမှာနေပြီး၊ ရွှေယမင်း ဆောက်လုပ်ရေးကုမ္ပဏီက သူဌေးကားကို လစားနဲ့ မောင်းနေတယ်ဆိုတာကို ယုံကြည်ပြီး စိတ်ရင်းအမှန်နဲ့ မင်းအနားမှာ ကပ်နေတာပါလို့ မေမေ့ကိုပါ အတင်းအဓမ္မ ယုံခိုင်းနေတာလား''

''ဗျာ''

''ညှိလိုက်ပါဦး သားရယ်၊ စီးပွားရေးလုပ်ငန်းပိုင်ရှင် နာမည်ကောင်းနဲ့ ကျော်ကြားသလောက် မိန်းကလေးတစ်ယောက်ရဲ့ ဝိဝိရိရိ ဟန်ဆောင်မှုအောက်မှာတော့ မရှုမလှ လိမ့်ခံရတော့တာ ပါပဲလား၊ ဒီကောင်မလေးက မင်းကို လှည့်စားနေတာ၊ ဒါကို





မင်း မသိဘူးလား မင်းယောကျ်ား''

ဘုရားပါပဲ။

မေမေကတော့ တစ်ဖက်သတ်ဆင်ခြင်ချက်တွေနှင့် နွေးထွေးရှိန်းအပေါ် သံသယတွေ ဖွန်းထင်နေတော့သည်။ ဘယ်လိုမှလည်း ဖြေရှင်းခွင့်မပေးချေ။

''သား''

''ဗျာ မေမေ''

''မင်း မေမေ့ကို စိတ်မဆင်းရဲစေချင်ဘူးမို့လားဟင်''

''သားရင်ထဲမှာ အဖြစ်စေချင်ဆုံးဆန္ဒက မေမေ့ကို စိတ်ချမ်းသာပျော်ရွှင်နေစေချင်တာပါ မေမေ''

''ဒါဆို နွေးထွေးရှိန်းနဲ့ မပတ်သက်ပါနဲ့လား၊ သူ့ကြောင့် မေမေ့ရင်တွေ ဘယ်လောက်အထိ လောင်မြိုက်နေရသလဲ၊ သားသိမှာပါကွယ်၊ မေမေ့သားကို အဖော်မရှာပါနဲ့လို့ မေမေ မတားဆီးထားပါဘူး၊ သားရဲ့အနာဂတ်အတွက် သားနှစ်သက်မြတ်နိုးမယ့် မိန်းကလေးတစ်ယောက်ကို မေမေက ရှိစေချင်ပါတယ်၊ ဒါပေမယ့် အဲ့ဒီမိန်းကလေးဟာ နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးတော့ မဖြစ်စေချင်တာ အမှန်ပဲသား၊ ခုရှုပ်မှနောက်ရှင်းဆိုသလို ပြောသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကိုတော့ ဆုံးအောင်ပြောရစေ့ဦး၊ အဲ့ဒီကောင်မလေးကို ကင်းအောင်နေပါ"

မေမေရယ်။

တောင်းဆိုချက်က ဖြင်းထန်လိုက်တာဗျာ။

ရှိန်းနဲ့ မပတ်သက်ပါနဲ့တဲ့လား မေမေ။

သားရင်ထဲမှာ ရှိန်းကိုချစ်နေမိပြီ မေမေရယ်။ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မပြောင်းလဲတော့မယ့် ချစ်ခြင်းလေးတွေနဲ့ပေါ့။ ဒီအကြောင်းကို ရှိန်းရှေ့မှာလည်း ရင်ဖွင့်ဝန်ခံခဲ့ပြီးပြီလေ။ သား ဘယ်လိုကတိပေးရမလဲ မေမေ။ မေမေဖြစ်စေချင်တဲ့ပုံစံအတိုင်း နေပါ့မယ်လို့ သား ဘယ်လိုပြန်ဖြေနိုင်မလဲ။

"သား"

"ဗျာ"

"မေမေပြောတာတွေကြားပါတယ်နော်"

"ကြား ကြားပါတယ်"

"အရှုံးသွေးဆိုတာ ဖယ်ဖျက်လို့ရတာမဟုတ်ဘူး။ သားစဉ်မြေးဆက် အဲ့ဒီသွေးက တောက်လျှောက်လိုက်တာ၊ မေမေတို့မှာ မျိုးရိုးမရှိဘူးသား၊ မေမေ့သားလေး လက်ထက်ကျမှ အို



ဖွဟဲ့၊ လွဲပါစေဖယ်ပါစေ၊ မေမေ ဘယ်လိုမှကို လက်ခံစဉ်းစားပေးလို့ကို မရပါဘူးကွယ်၊ မင်း မင်း အဲ့ဒီကောင်မလေးနဲ့ ဝေးဝေးနေစမ်းပါကွယ်"

မေမေရယ်။

သွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေတဲ့ မေမေ့ပုံစံကိုကြည့်ပြီး မင်းယောက်ျားတစ်ယောက် ခေါင်းငိုက်စိုက်ကျသွားရတော့သည်။

ရင်ထဲမှာလည်း နာကျင်မောလျှမှုတွေအပြည့်။

ရှိန်းရယ်။

ဖြစ်မှဖြစ်ရလေကွာ။

စိတ္တဇဝေဒနာသည်တစ်ယောက်ရဲ့ သမီးလေးတဲ့လား။

ဒါကြောင့်။

မေမေအတွက် ဆေးတွေဝယ်လာတာ ရေဂိုမှာစိုးရိမ်နေတာလို့ မင်းပြောခဲ့တာကိုး။ ကျန်းမာရေးမကောင်းဘူးဆိုတာ သိပေမယ့် စိတ္တဇဝေဒနာရောဂါဆိုတာကိုတော့ လုံးဝကို မသိနေခဲ့ဘူးလေ။

"သား"

www.burmeseclassic.com

www.burmeseclassic.com



"မျှာ"

"မေမေ မင်းကိုတစ်ခုပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါမေမေ"

"သားကို စုးလက်နဲ့ အိမ်ထောင်ချပေးချင်တယ် သား မေမေ့ဆန္ဒကို လိုက်လျောပေးပါ"

"မေမေ"

မင်းယောက်ျား ခေါင်းဆတ်ခနဲ ထောင်မတ်သွားရသည်။

"မေမေ သေချာစဉ်းစားပြီးပြီသား၊ စုးလက်က သား သားဘ၀အတွက် အကောင်းဆုံး အဖော်မွန်ပဲ သား"

"သားတို့က မောင်နှမတွေလိုချစ်တာ မေမေ"

"မောင်နှမအရင်းတွေမှ မဟုတ်တာပဲသား၊ ငယ်သိယော စဉ်ရှိတော့ အိမ်ထောင်ရေးမှာ ပိုပြီးနိုင်မြဲတာပေါ့ကွယ်၊ စုးလက် ဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတဲ့ သူတွေပဲ ဟာ၊ ပြီးတော့ စုးလက်က ပညာလည်းထူးချွန်တယ် သား၊ မင်းနဲ့ လိုက်ဖက်တဲ့ မိန်းကလေးပဲ၊ မေမေ စုးလက်နဲ့သားကို သဘောရ တယ်"

မေမေပြောနေတဲ့ စကားတွေကို နားထောင်ပြီး



ခေါင်းလေးကို ဘယ်ညာခါယမ်းလိုက်တာက မင်းယောက်ျားရယ် ပါ။

နွေးထွေးရှိန်းကို မပတ်သက်ပါနဲ့ဆိုရင်တောင် စုးလက်နဲ့ သက်ထပ်ပါလို့တော့ မတောင်းဆိုသင့်ဘူးမဟုတ်လား။ သူ့ရင်ထဲ မှာ ဘာတွေခံစားနေရမလဲဆိုတာ မေမေမသိတာလည်း မဟုတ်ပဲ နဲ့ဗျာ။

"သား"

"ဆောရီးပဲ မေမေ၊ ဒါတော့ သားကိုခွင့်လွှတ်ပါ၊ နွေးထွေးရှိန်းကို လက်ခံမပေးနိုင်ဘူးဆိုရင် သားမပတ်သက်ပဲ နေပေးပါ့မယ်၊ ဒါပေမယ့် စုးလက်ကိုတော့ သား လက်မထပ်ပါရ စေနဲ့ မေမေ"

"ဘာဖြစ်လို့လဲ သား၊ အခုတလော မေမေနဲ့သန့်ကျင်ဖို့ လည်းပဲများ မင်း ဆုံးဖြတ်ထားသလား၊ အရင်က မေမေ့ရဲ့သား မင်းယောက်ျားက မိဘစကားကို နားမထောင်ဘဲ အမြဲကန့်လန့် တိုက်ဖို့ စဉ်းစားတတ်တဲ့ ကလေးတစ်ယောက်မဟုတ်ပါဘူး၊ ဘယ်လိုဝတ်ဝန်းကျင်က ရှင်သန်ပေါက်ဖွားပြီးလာတဲ့ မိတ်ကောင်း ဆွေကောင်းတွေပေါင်းမိပြီးတော့များ စိတ်ပျက်စရာအလုပ်တွေ လုပ်

www.burmeseclassic.com



လာရတာလည်းဟင်"

လုပ်ပြန်ပြီ။

မေမေကတော့ ရှိန်းအပေါ် မျက်မုန်းကျိုးတဲ့ စိတ်တ

တည်းနဲ့ပဲ သူ့ဘာလုပ်လုပ် စွပ်စွဲနေတော့တာပါပဲ။

ရှင်းပြလည်း ရမှာမဟုတ်။

အမုန်းစိတ်ဝင်နေတာက ပယ်ဖျက်လို့မှရတာ။

"သား"

မေမေ့ရဲ့ခေါ်သံက အရင်ကလို အေးမြငြိမ်းချမ်းမ

တစ်စုံတစ်ခုကို ဖိႈဖိႈမြှုပ်နေသော မေမေသည် အ

သားကို ချုပ်ကိုင်ဖို့သာ လောကြီးနေသည်။

"မေမေပြောတာကိုပဲ မင်း နားထောင်စမ်းပါ၊ မေ

အသက်ကြီးမှ ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်ချင်နေ

လည်း သား၊ မေမေ အသက်ကြီးပြီနော်၊ မေမေ မင်းကို စိ

လက်ချထားပြီး ဘုရားတရားလုပ်ပါရစေ သားရယ်၊ 

အကုသိုလ် မများပါရစေနဲ့"

မေမေရယ်။

သားက မေမေဘဝမှာ အဲ့ဒီလောက်တောင်ပဲ စိတ်





ရောက်စေတဲ့ သားဆိုးတစ်ယောက် ဖြစ်နေပြီတဲ့လားဟင်။

"မေမေပြောပြီးပြီနော်၊ စူးလက်နဲ့ပဲ သားကို မေမေပေး

းမှာ"

သူ။

မေမေနဲ့ စကားဆက်ပြောချင်စိတ်ပင် ကုန်ခမ်းသွားရ

သည်။ နေရာကနေ ထရပ်ကာ ထွက်သွားဟန်ပြင်တော့

"ဒါက ဘာလဲ၊ မေမေ့စကားကို မင်းက အလေးအနက်

ားစရာမဟုတ်ဘူးဆိုပြီး အခုလိုထသွားဖို့ လုပ်တာလား"

သူဘာယ်လိုနေနေ အပြစ်မလွတ်တော့ပါလား။

ရှိန်းအကြောင်းစုံစမ်းပြီး နောက်ပိုင်းကစပြီး မေမေ့မျက်

ုံးထဲမှာ သူနဲ့ပတ်သက်ပြီး အမြင်ကြည်လင်မှုတွေက ကုန်ဆုံး

သွားပြီလေ။

"မဟုတ်ပါဘူး မေမေ၊ အလုပ်မှာပင်ပန်းလို့ အနားယူချင်

ို့ပါ"

"နွေးထွေးရှိန်းကို တွေ့မြင်ရမယ်ဆိုရင် မင်း အခုလို

လုပ်တွေ ပင်ပန်းနေလည်း မြောက်ဥက္ကလာတော့ ရောက်အောင်

ွားဦးမှာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“မေမေ”

သူ။

မျက်လုံးကြီးတွေ ပြူးဝိုင်းကာ စကားနာထိုးတက်လွှင့်တဲ့ မေမေ့ကို တအံ့တသြကြည့်မိသည်။

“အမှန်တရားတွေချည်းပဲဆိုတော့ မင်းက နားမခံသာဘူးပေါ့လေ”

“မေမေ”

“မင်းမို့လို့ကွယ်၊ အရူးမသမီးကိုများ”

“မေမေ”

“ကဲပါ မင်းသွားနားချင်လည်းနားတော့၊ ခေါင်းထဲထည့်ထားဦးနော်၊ အရူးသွေးနဲ့ရှင်သန်လာမယ့် မြေးမြစ်တွေ အလိုမရှိဘူးဆိုတာ”

ဟာ။

မေမေ့စကားလုံးတွေက ထင်မထားလာက်အောင်ထိပြင်းထန်ကြမ်းရှလွန်းလှသည်။

အရူးသွေးတဲ့။

ရှိန်းရယ်။



ဘယ်လိုကံကြမ္မာကြီးလည်းကွာ။


ဆိုးဝါးလိုက်တာ။

ကြားရတဲ့ကိုယ်လေ ယုံတောင်မယုံနိုင်တော့ဘူး ရှိန်းရယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟာ ရှိန်း၊ ဘယ်လိုဖြစ်တာလဲ လက်မှာလည်း အရှိုးရာတွေချည်းပဲ၊ ဘယ်သူရိုက်တာလဲဟင် ရှိန်း၊ ဘာဖြစ်လို့ အရိုက်ခံရတာလဲ"

မင်းခန့်တစ်ယောက်

ဖြူနုဝင်းမွတ်နေသော လက်မောင်းသားလေးပေါ်တွင် ထင်းနေသော အရှိုးရာကြီးများကိုကြည့်ပြီး စိတ်မကောင်းဖြစ်စွာပင် မေးမိသည်။

"ဟို ဟို အမေပါ"

"ဟာကွာ ရှိန်းအမေကလည်း ဒီအရွယ်ကြီးရောက်မှ အခုလိုရိုက်နှက်ဆုံးမရသလား၊ အပြစ်ဘယ်လောက်ပဲကြီးကြီး





ဒါးစပ်နဲ့ အရင်ပြောမှပေါ့၊ နေစမ်းပါဦး မင်းက ဘာမဟုတ်တာတွေ လုပ်လို့ ဒီလောက်တောင် အရိုက်ခံရတာလဲ ရှိန်း"

"ရှိန်း ဘာမှမလုပ်ပါဘူး"

"ဟုတ်လို့လား"

"တကယ်ပါ ကိုမင်းခန့်၊ ရှိန်း ဘာမှမလုပ်ပါဘူး၊ ဒါပေမယ့် မေက အဲ့ဒီလိုပဲလေ၊ စိတ်ဖောက်လာပြီဆိုရင် ကြမ်းတတ်တယ်၊ စိတ်မထင် မထင်သလို ရှိန်းကို ရိုက်တော့တာပဲ၊ သူကျေနပ်သွားတော့မှရပ်တတ်တာ"

"ဟင် ဒါ ဒါဆို"

"ဟုတ်ပါတယ် ကိုမင်းခန့်၊ မေမေက စိတ္တဇဝေဒနာသည် တစ်ယောက်လေ၊ ခဏ ခဏ စိတ်ကျန်းမာရေးဆေးရုံကို ပို့ရတာယ်၊ အခုတလော စိတ်ငြိမ်နေကာမှ မနေ့က ရပ်ကွက်ထဲမှာ ဒေဝူမှာထွန်းနဲ့ပြန်တွေ့ပြီး ဒေါသတွေ ပေါက်ကွဲတော့တာပဲ၊ မေမေက ဒေဝူမှာထွန်းကို ဖေဖေနဲ့ အထင်လွဲနေတာလေ၊ မျက်နှာချင်းဆိုင်ဆုံတော့ ပြန်သတိရပြီး ရန်တွေ့တော့တာပဲ၊ ရှိန်းကတားလို့ ဦးမှာထွန်းဘက်က ပါတယ်ဆိုပြီး အရိုက်ခံရတာ"

ရှိန်းရယ် မင်းဘဝကလည်း ဆိုးဝါးလိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း နိုင်ငံခြားမှာ အလုပ်အဆင်မပြေလို့ ငွေမပို့နိုင်။ ရပ်ကွက်ထဲက အလုပ်ထွက်လုပ်ဖို့ ချေးသွားတဲ့ငွေတွေအတွက် အတိုးလာတောင်းသူကလည်းများ။ အရေးထဲ စိတ္တဓဝေဒနာသည် အမေကလည်း စိတ်ဖောက်ဆိုတော့။ မင်းအစားတွေးမိတိုင်း ရင်ထဲမောလျတာပါပဲကွာ။

"အန်တီကိုကြည့်တော့ သိပ်မထင်ရဘူးနော်၊ ဟိုတစ်ခါကိုယ့်ကိုတွေ့တော့ ဆရာလေးဆိုပြီး ဖော်ဖော်ရွေရွေ စကားပြောသားပဲ"

"ဟုတ်တယ် ရှိန်းကိုသနားလို့ ပိုက်ဆံမယူဘဲ စားအလကားပြပေးတာလို့ ပြောထားလို့ အမေက ကောင်းကောင်းမွန်မွန်ဆက်ဆံတာ"

"ဒါကျတော့လည်း သူက သိသားပဲ"

"သိတယ် ကိုမင်းခန့်ရဲ၊ အသိလွန်နေလို့ ခက်နေတာ ဆေးတိုက်ရင်လည်း သူက မရူးဘူး၊ ဒါ အရူးဆေးတွေသွားဆိုပြီး လွှင့်ပစ်တာ၊ ဆေးတစ်ခွက်စာက နည်းတာမဟုတ်ဘူး၊ ငွေမှာသောက်ပြမှဝင်တာ၊ မဟုတ်ရင် ခိုးခိုးပြီး လွှင့်ပစ်တော့တာပဲ တိုက်လို့ကိုမရဘူး၊ သူကြည့်မရတဲ့သူဆို တုတ်နဲ့လိုက်တတ်တာလေ



ဟိုက အထိနာမှာစိုးတော့ လက်ကို အတင်းချုပ်ပြီး သူကိုင်ထားတဲ့ တုတ်ချောင်းကိုလုတာပေါ့၊ ဒါကို ရဲစခန်းမှာ သူ့ကို လမ်းမအလယ်မှာ လက်ဆွဲလားရမ်းလားလုပ်ပါတယ်၊ ဖက်နမ်းပါတယ်ဆိုပြီး သွားတိုင်တာ၊ ရဲကလာဖမ်းလို့ မနည်းရှင်းလိုက်ရတယ်၊ တစ်ခါက်ကလူတွေခင်များ မေမေ့ကြောင့် ညတောင်မအိပ်ရဘူး စခန်းမှာရှင်းရတာလေ"

"အဟွန်း ဟွန်း၊ ရှိန်းအမေက ဒီလိုကျတော့လည်း ဉာဏ်သွက်သားပဲ"

"တစ်ခါတလေ စိတ်အရမ်းညစ်ပေမယ့် အခုလို ဝေဒနာခံစားနေရတဲ့ အမေ့ကို အရမ်းသနားတာပဲ ကိုမင်းခန့်ရယ်"

ရှိန်းရယ်။

မင်း ဘယ်လိုခံစားနေရမလည်းဆိုတာ ကိုယ်ချင်းစာနိုင်ပါတယ်ကွာ။ ရှိန်းရဲ့မျက်နှာလေးကိုကြည့်ပြီး သက်ပြင်းမောကိုကြိတ်ချရသူက မင်းခန့်ရယ်ပါ။

"ကိုမင်းခန့်"

"ဗျာ"

"ကိုမင်းယောကျာ်းနဲ့ ညီအစ်ကိုတော်တယ်လို့ ပြောတယ်

www.burmeseclassic.com

[redacted] [redacted]

www.burmeseclassic.com



နော်၊ ဒါပေမယ့် ရုပ်ချင်းသိပ်မဆင်ပါသလိုပဲ"

"ဗျာ"

"ကိုမင်းခန့်တို့ညီအစ်ကိုကို ပြောတာပါ"

ဘယ်ဆင်ပါ့မလဲ။

ညီအစ်ကိုအရင်းတွေမှ မဟုတ်တာ။ ရုပ်ရည်ချင်းကွာခြား ရုံတင်မက။ ပညာအရည်အချင်း ဂုဏ်ရှိန်အဆင့်အတန်းပါ မတူ ပါ။ ကိုမင်းယောကျ်ားက သူဌေး။ မင်းခန့်က သူလက်အောက်က ဝန်ထမ်း။ ပိုင်ဆိုင်ထားတဲ့ ဘဝတွေက မိုးနဲ့မြေပါ။

"အင်း ဟုတ်တယ်၊ သိပ်မတူဘူး၊ ဒါနဲ့ ရှိန်း"

"ရှင်"

"သူကို ဘယ်လိုမြင်လဲဟင်"

"ရှင်"

"မင်းအပေါ်မှာထားတဲ့ သူ့ရဲ့စေတနာ မေတ္တာကိုပါ"

"ဟို ဒါ ဒါက"

"မင်းရိပ်မိနေမှာပါ"

ရှိန်း ခေါင်းလေးငုံ့ကျသွားရသည်။

ရင်လေးကတာလှုပ်လှုပ်။





အဲ့ဒီခံစားတတ်တဲ့ နှလုံးသားကြီးက သိပ်ဆိုးတာပဲ။ သူနဲ့ပတ်သက်လာတိုင်း စိတ်တွေကိုက ထိန်းချုပ်လို့မရအောင် ဖြစ်နေတတ်တာလေ။

"ရှိန်း"

"ရှင်"

"တကယ်လို့ ကိုမင်းယောကျ်ားက တစ်ခုခုရင်ဖွင့်လာ ရင်"

"သူ ဝန်ခံပြီးပါပြီ"

"ဗျာ"

"ဟုတ်တယ်၊ ဟိုနေ့ညက ရှိန်းဆီကို သူရောက်လာပြီး သူ့ရင်ထဲက ခံစားချက်တွေကို ဖွင့်ပြောသွားတာလေ"

"ဒါဆို ရှိန်း၊ မင်း မင်းနဲ့"

"ရှိန်း ဘာမှပြန်မပြောခဲ့ဘူး၊ ကိုမင်းခန့်"

"ဘာဖြစ်လို့လည်း ရှိန်း၊ သူ့အချစ်ကို မယုံကြည်လို့ လား"

"ယုံပါတယ်၊ အကြွင်းမဲ့ယုံပါတယ်၊ ဒါပေမယ့် ရှိန်းဘဝ က စိတ်ကူးလေးထိုင်ပြီး ယဉ်နေနိုင်တဲ့ ဘဝမဟုတ်ဘူးလေ၊ ရင်ခုန်

www.burmeseclassic.com

www.burmeseclassic.com



သံလေးကို ပြန်နားထောင်ပြီး ကြည်နူးနေနိုင်တဲ့ အခွင့်အရေးဆိုတာ ရှိန်းမှာမရှိတာပါ၊ ဒါကြောင့် မဖြစ်နိုင်တဲ့အရာကို တောင့်တမနေပဲ လက်တွေ့အခြေအနေကိုပဲ လက်ခံဖို့ စိတ်ဆုံးဖြတ်ထားတာ ကိုမင်းခန့်"

"ရှိန်းရယ်"

"ရှိန်း အားမငယ်ပါဘူး၊ ဝမ်းလည်းမနည်းဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ရှိန်းရဲ့အနာဂတ်ကို ရှိန်းရဲ့ကျေးဇူးရှင် မိဘတွေဆီမှာ ပုံအပ်ပေးထားနိုင်လို့လေ၊ မေမေ့ကို တစ်ယောက်တည်း ပစ်မထားနိုင်ဘူး ကိုမင်းခန့်၊ ရှိန်းအနားမှာ အဖော်မလုပ်ပေးနိုင်ရင် မေမေ့အတွက် အရမ်းကို အခက်အခဲဖြစ်သွားမှာ၊ ဒါကြောင့် ရှိန်း ရည်းစားထားဖို့နေနေသာသာ၊ ယောက်ျားလေးသူငယ်ချင်း မိတ်ဆွေ တောင်မရှိဘူး၊ ကိုမင်းယောက်ျားတစ်ယောက်က လွဲရင်ပေါ့လေ"

"ဆရာသမားတော့ ခံစားရမှာပဲ"

"ရှင်"

မျက်နှာညှိုးလျှလျှလေးနဲ့ ငြီးလိုက်တဲ့ ကိုမင်းခန့်ကို နားမလည်နိုင်စွာဝင် ကြည့်မိသည်။

"ဩော် ဟိုလေ၊ ကိုယ့်အစ်ကိုကိုပြောတာပါ၊ အစ်ကို





မင်းယောက်ျားက ရှိန်းအပေါ်မှာ သံယောဇဉ်တွေတွယ်နေတာကို၊ ဒါကြောင့် ရှိန်း ခံယူချက်တွေသာသိရင် စိတ်ဓာတ် အကြီးအကျယ် ကျသွားလိမ့်မယ်လို့ တွေးမိပြီး စိတ်မကောင်းတောင် ဖြစ်သွားရတယ်"

"အဟင်း မထင်ပါဘူး၊ ကိုမင်းယောက်ျား အဲ့ဒီလောက် စိတ်ဓာတ်မပျော့ညံ့ပါဘူး၊ ရှိန်းအကြောင်း သေချာမသိသေးလို့ပါ၊ သိရင် စိတ်ပျက်နောက်ဆုတ်ချင်သွားမှာပဲလေ၊ ရှိန်း အမေက စိတ္တဇ ဝေဒနာသည်တစ်ယောက်၊ ဘယ်ယောက်ျားကမှ စိတ်ပုံမမှန်တဲ့ ယောက္ခမကို ဆွေးသားတော်စပ်ချင်ပါ့မလဲ"

"ဒါနဲ့ ရှိန်းအမေက မျိုးရိုးလိုက်တာလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ အမေက ရှိန်းမောင်လေးကို မွေးပြီး သိပ်မကြာခင်မှ အခုလိုဖြစ်တာလေ၊ သွေးနုနုနဲ့ ရပ်ကွက်ထဲမှာ မီးကလည်းလောင်၊ ကလေးကလည်းဆုံးဆိုတော့ သည်းခြေ ပျက်ပြီး အခုလိုဖြစ်သွားတာ၊ ရှိန်းတို့မှာ မျိုးရိုးမရှိဘူး"

"ဩော်"

မင်းခန့် ခေါင်းလေးသာ တညိတ်ညိတ်နှင့် ရှိန်းပြောပြနေတဲ့ သူမရဲ့မိခင်အကြောင်းလေးကို စိတ်ဝင်စားစွာပင် နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ကဲ ရှိန်း၊ ထားလိုက်တော့ စာကျက်ကြရအောင်၊ ဘာပဲ ပြောပြော ပညာရေးကိုတော့ မင်း အထူးချွန်ဆုံးဖြစ်စေချင်တယ် လူဆိုတာ အခက်အခဲ အကြပ်အတည်းမရှိတဲ့သူဆိုတာတော့ မရှိ ပါဘူးကွာ၊ သူဌေးလည်း သူဌေးမို့လို့၊ ဆင်းရဲသားလည်း ဆင်းရဲ လားမို့လို့ တစ်ခုခုတော့ ရှိနေတတ်တာချည်းပါပဲ၊ အဲဒီအတွက် ထိုင်ပြီး စိတ်ညစ်နေတော့လည်း ဘာမှ အကျိုးထူးလာမှာမှ မဟုတ် ဘူး၊ ကိုယ်လုပ်သင့်တဲ့ အလုပ်ကို လုပ်တာသာ အကောင်းဆုံးပဲ ရှိန်း"

"ဟုတ်ပါတယ် ကိုမင်းခန့်၊ ရှိန်းလည်း ဒါကြောင့် စာကို ပဲ ဖိပြီးကြိုးစားနေတာပါ"

"ပြောမယ့်သာပြောရတယ် ရှိန်းက တော်ပါတယ်၊ ကိုယ် ဂိုက်လုပ်ဖူးတဲ့သူတွေအထဲမှာ စိတ်အကျေနပ်ရဆုံးတပည့်ပဲ"

"ကျေးဇူးတင်ပါတယ် ကိုမင်းခန့်ရယ်"

ရှိန်း တကယ်ပဲ ကျေးဇူးတင်တာပါ။

တစ်လမှာ ငွေနှစ်သောင်းနဲ့ စာလာကျက်ပေးတဲ့ ဂိုက်ဆို လို့ ကိုမင်းခန့်သာရှိတာလေ။ အစ်ကိုက အကူညီအဖြစ်တောင်းဆို



လုပ်ပေးတာဆိုပေမယ့် ရှိန်းအပေါ် ညီမလေးတစ်ယောက်လို စေတနာထားသည်။

ဖြစ်ထွန်းစေချင်စိတ်ကအပြည့်။

အင်းလေ။

ဒါကလည်း ကိုမင်းယောက်ျားကြောင့်ပါပဲ။ သူသာ ရှိန်း အပေါ် စေတနာမထားလျှင် ဒီအနေလို အခွင့်အရေးမျိုး ရှိန်းရမှာ မဟုတ်ပါ။

ချစ်တယ်တဲ့။

ရှိန်းကို ဝန်ခံသွားတဲ့ သူ့ရင်ထဲကစကားလေး။

ချိုမြလိုက်တာ။

ရင်ခုန်မူးယစ်ချင်စရာကောင်းလိုက်တာ။

သို့ပေမယ့်

ရှိန်းရင်ခုန်ခွင့်မရပါ။ မျက်လုံးကလေးစုံမှိတ်ပြီး ကြည်နူး ပျော်ရွှင်ခွင့်မရပါ။

ရှိန်းခေါင်းထဲမှာ မေမေက နေရာအပြည့်ယူထားသည်။

မေမေ။

ရှိန်း မေမေကိုချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဝစ်မသွားဘူး။

ရှိန်း ဘာတွေပဲ ဆုံးရှုံးရပါစေ မေမေ့လက်တွေကိုတော့ တင်းတင်းကြီး ဆုပ်ကိုင်ထားမှာပါ။

ရှိန်းကို ယုံပါနော်။

□ □ □



## အခန်း (၂၈)

"နွေးထွေးရှိန်းဆိုတာ မင်းလား"

"ရှင်…ဟုတ်…ဟုတ်ပါတယ်မမ၊ ဒါနဲ့ မမက ရှိန်းကို သိနေသလားဟင်၊ ဟိုလေ ရှိန်း မမကို တစ်ခါမှမမြင်ဘူးလို့မေးတာ နော်၊ စိတ်မဆိုးပါနဲ့"

သူမလျှောက်လာတဲ့လမ်းကို စိတ်ကာရပ်ပြီး မေးသူကို ဓာရှိတသေပင် ပြန်ဖြေမိပါသည်။

"ရပါတယ်၊ မင်းကမသိဘူးဆိုတာ မှန်နေတာပဲဟာ၊ စိတ်ဆိုးစရာဟုတ်ပါဘူး၊ အေး…ဒါပေမယ့် တို့ဟာဘယ်သူလဲဆိုတာ သိပြီးနောက်မှာတော့ ငါ့စိတ်တွေကို ရှုပ်ထွေးနောက်ကျိအောင် ဖန်တီးပြီဆိုရင်တော့ မင်းနဲ့တို့က ကမ္ဘာမကြေပဲပေါ့ ရွေးတွေး



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း"

"ရှင်"

တစ်ဖက်သတ်ကြီး ရန်စကားတွေပြောနေတဲ့ ယုပကျေ ရှင်းတဲ့ အမျိုးသမီးကိုကြည့်ပြီး နွေးထွေးရှိန်း အံ့သြသွားရသည်။

သေချာတာကတော့ ဒီအမျိုးသမီးကို ရှိန်းတစ်ခါမှ သိကျွမ်းဖူးခြင်းမရှိနေဘူးဆိုတာပဲ။ ကြွေရုပ်လေးလို ပြင်ဆင်ခြယ် သထားတဲ့မျက်နှာ၊ ခန္ဓာကိုယ်လေးနဲ့ လိုက်ဖက်အောင် ဝတ်စား ထားတဲ့ အကောင်းစားအဝတ်အစားနဲ့ မျက်မှန်ကို ခေါင်းပေါ် ဟန်ပါပါတင်ပြီး နက်ပြောင်တောက်ပနေတဲ့ သားရေလည်သာအိတ် လက်မှာချိတ်လို့ ဟန်းဖုန်းကို လက်တစ်ဘက်မှာကိုင်ထားသေးတဲ့ အစ်မလှလှလေးက ဘယ်လိုအကြောင်းမျိုးတွေကြောင့်များ ရှိန်းလာ စောင်းမြောင်းနေရတာပါလိမ့်။

ရှိန်း ဘာမှနားမလည်ပါ။

သူမကသာ ထိုအမျိုးသမီးကို မမြင်ဘူးတာ။

သူမကိုကြည့်ရတာတော့ ရှိန်းကို သိနေသလိုပါပဲ။

နွေးထွေးရှိန်းလို့ ပြည့်ပြည့်စုံစုံခေါ်လိုက်တဲ့ သူမမှာပဲ ကို ထိုအမျိုးသမီးထံကနေ ကြားခဲ့ရတာမဟုတ်လား။ ဒီလော



ကိုယ်ကမသိပေမယ့် သူကသိနေတယ်ဆိုတော့လည်း အကြောင်း အရင်းကို စိတ်ဝင်စားရပြီပေါ့။

"တို့နှာမည်က စူးလက်တဲ့၊ ကိုကိုမင်းယောက်ျားနဲ့ လူကြီး ချင်းသဘောတူထားတဲ့သူပဲ နွေးထွေးရှိန်း"

"ရှင်"

ရှိန်း မျက်လုံးလေးတွေ ပြူးဝိုင်းသွားရပြီ။

ကိုမင်းနှာမည်လေးက ပါဝင်လာတာမဟုတ်လား။

ဒီလောက်ဆိုရင် ထိုအမျိုးသမီး ရှိန်းရှေ့ကို ရောက်ရှိလာရ တဲ့အကြောင်းအရင်းကို သဘောပေါက်နားလည်သဘောတ်ရှိပြီ။ ရည်းစားလူလု အူနကျွဲခတ်ဆိုတဲ့စကားအတိုင်းလေ။ ဒါကြောင့် စူးလက်ဆိုတဲ့ အမျိုးသမီးရဲ့မျက်နှာထားက တင်းမာခက်ထန်နေတာ ကို။

"ဒီမှာ...နွေးထွေးရှိန်း"

"ဟုတ်ကဲ့ ပြောပါ"

"ကိုကို့အကြောင်းကို မင်းဘယ်လောက်သိထားသလဲ"

"ရှင်"

"ဟင်း...ဟင်း...သိတယ်...သိတယ်၊ အဲဒီလိုမေးမှ

www.burmeseclassic.com



မျိုးမေးလိုက်ရင် အဲဒီလိုမဲ့သိနားမလည်တဲ့ သနားကမား သရုပ်ဆောင်မှုမျိုး မြင်ရမယ်ဆိုတာ တို့က ခန့်မှန်းထားပြီးသား၊ ဟား…ဟ''

''ဒီမှာ…ဒီမှာ မရှုးလက်၊ ရှင်ဘာတွေလာပြောနေတာလဲ၊ ရှင်ပြောတာတွေ ကျွန်မ တကယ်နားမလည်ဘူးသိလား''

''ဟင်း…ဟင်း''

''ဒီမှာ…ရှင် လူကိုမလှောင်ပါနဲ့၊ ကျွန်မ တကယ်ပြောနေတာပါ၊ ဒါကို ရှင်မယုံဘူးဆိုလည်း မတတ်နိုင်ဘူး၊ ရှင်က မေးခွန်းမေးတယ်၊ ကိုမင်းရဲ့အကြောင်းကို ဘယ်လောက်သိထားသလဲဆိုတာလေ၊ ကျွန်မနဲ့ ခင်မင်ရင်းနှီးနေတဲ့ ကိုမင်းက ရိုးသားတယ်၊ စိတ်ကောင်းလည်းရှိတယ်၊ တစ်ဖက်သားအပေါ် စာနာတတ်တယ်၊ ကူညီအားပေးတတ်တယ်၊ ရှိန်းနဲ့သူ ခင်တာသိပ်မကြာသေးဘူး၊ ဒါပေမယ့် သူကြောင့် အခုဆိုရင် လစာနည်းနည်းနဲ့ စာကျက်ပေးဖို့ ဂိုက်တစ်ယောက် ခေါ်နိုင်ခဲ့တယ်''

''ဒါပဲလား နွေးထွေးရှိန်း''

''ရှင်''

''မင်းသိတာဒါပဲလား၊ သူဘယ်မှာနေတယ်၊ သူ့မိဘတွေက ဘယ်သူ၊ သူက ဘာအလုပ်လုပ်တယ်ဆိုတာကိုရော မင်းမသိဘူးလား''



''သိတယ်လေ၊ သူပြောပြတာပဲ၊ သူ့မှာ အမေ တစ်ယောက်တည်း ရှိတယ်တဲ့၊ ခြောက်ကွေ့မှာနေတယ်၊ သူကတော့ ကုမ္ပဏီတစ်ခုမှာ သူဌေးရဲ့ကားကိုမောင်းတာ၊ သူ့ညီက ဂိုက်လုပ်တယ်လေ၊ သူက အိမ်မှာအနေနည်းတယ်၊ ကုမ္ပဏီကပေးထားတဲ့ အဆောင်မှာ အနေများတယ်လို့ပြောတာပဲ''

''ဟား…ဟား''

ဟော့တော့။

ဒီအမျိုးသမီးရယ်ပြန်ပြီ။

ရှိန်းကိုတွေ့တာများ လူရှင်တော်ငြိမ်းချမ်းရေး ရောက်နေသလား ထင်မှတ်နေပုံပဲ။ သူမဘာပြောပြော ရယ်ချည်းသ နေတော့ ပါဝဲလား။ ဘယ်လိုအမျိုးသမီးပါလိမ့်။

သို့ပေမယ့် သူမရဲ့ ခနဲ့တဲ့တဲ့ရယ်သံကိုတော့ ရှိန်း မကြားချင်ပါ။ နားထဲခံရခက်စွာပင် တိုးဝင်လာခြင်းကို တားဆီးပစ်လိုက်ချင်ပါသည်။ သို့သော် ကိုမင်းနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတဲ့ သူဆိုတော့လည်း ငြင်းပယ်လို့က မကောင်းဘူးမဟုတ်လား။

[redacted] [redacted]

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားစရာချက်နှာစာ ရှိနေသေးသည်လေ။

"နွေးထွေးရှိန်း"

"ပြောပါ မစုးလက်"

"မင်းက အဲဒါတွေအားလုံးကို ယုံကြည်ပြီး ကိုကို့အနား ကို ချဉ်းကပ်ခဲ့တာပေါ့လေ၊ ဟုတ်လား၊ အဲဒီလိုပြောချင်တာလား"

"ဒီမှာ...မစုးလက်၊ ရှင်စကားတွေကို ဝှေ့ဝဲပြီးပြောမနေ ပါနဲ့၊ ရှင်ဘာပြောချင်တာလဲ၊ ဘာကိုသံသယဝင်နေတာလဲ၊ ခပ်ရှင်း ရှင်းပဲပြောစမ်းပါ"

"သံသယ...ဟုတ်တယ်၊ သံသယဝင်နေတာ၊ အဲဒါ နွေးထွေးရှိန်းဆိုတဲ့ မင်းကိုပဲလေ၊ မင်းရဲ့ဟန်ဆောင်လိမ်ညာခြင်း တွေကို သိနေတဲ့အတွက် အခုလို ငြိမ်နားထောင်နေရတာကို အသည်းတွေ ကျလိကျလိယားနေတာ ရှင်းပြီလား"

"ဘယ်လို..ဘယ်လိုပြောလိုက်တယ် မစုးလက်"

"ဒီမှာ နွေးထွေးရှိန်း၊ မင်းအကြောင်းကိုမသိရင်ခက်မယ်၊ ကိုကိုက ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်ဆိုတာသိလို့ တမင် ရိုးသားတဲ့ မိုးသခွားဟန်ဆောင်ပြီး မူယာမာယာ များပြနေတာ မဟုတ်လား"



"ရှင်"

ရှိန်း မျက်လုံးလေးတွေ ပြူးရပြီ။

ပါးစပ်လေးပင် အဟောင်းသားကလေး ဖြစ်သွားရ၏။

ကိုမင်းက ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ဆိုပါလား။ ရှိန်း တကယ်ပဲမသိခဲ့တာအမှန်။ ကိုယ်တိုင်ကလည်း ရိုးသားသလို တစ်ဖက်သားက ပြောလာသည့်စကားဆိုလျှင်လည်း ကိုယ့်စိတ်နဲ့ နှိုင်းကာ သံသယမရှိ ယုံကြည်တတ်သည်။

ဘာကြောင့်လဲ။

ကိုမင်းက ဘာရည်ရွယ်ချက်တွေနဲ့ အခုလို ဖုံးကွယ်ထား ခဲ့ရတာလဲ။ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးမှုမှာ အဲဒီလို ဟန်ဆောင်မှုတွေလိုလို့လား။

"ဘာလဲ...အံ့သြသွားတာလား၊ ဒါမှမဟုတ် အံ့သြချင် ဟန်ဆောင်လိုက်တာလား"

"ဒီမှာ မစုးလက်"

"ပြော...ပြော မင်းဘာပြောချင်တာလဲ၊ တို့က ရိပ်မိနေ ပြီဆိုလို့ အမှန်အတိုင်းဝန်ခံတောင်းပန်ချင်လို့လား"

"ဘာပြောတယ်၊ တောင်းပန်ချင်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ဘယ်သူ့ကို တောင်းပန်ရမှာလဲ''

''မင်းက တို့ကိုတောင်းပန်သင့်တာလေ၊ တို့နဲ့ လူကြီးချင်း သဘောတူထားတဲ့ ယောကျ်ားဆီမှာ သနားကမားပုံစံလေးလုပ်ပြ ပြီး မကျကျလာအောင် လုပ်နေတာလေ၊ ဟိုကလည်း လူတွေ အကြောင်းလည်း ဘာမှမသိဘဲနဲ့ ကူညီဖို့ကြိုးစားတော့တာပဲ။ ကိုယ့်လက်အောက်က အလုပ်သမားမင်းခန့်ကို လစာငွေတွေတရား ပေးပြီး မြောက်ဥက္ကလာမှာ အိမ်ငှား၊ တက္ကူးတက စာကျက်ဖို့ ဂိုက်ထားပေးရတယ်လို့၊ ဘာတွေဖာတ်ရှုပ်နေမှန်းကို မသိတော့ပါ ဘူး၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ''

မြတ်စွာဘုရား။

ကိုမင်းခန့်ကို လစာငွေပေးပြီး ဂိုက်လုပ်ပေးနိုင်အောင် အိမ်ပါသွားငှားထားပေးတာဆိုပဲ။

ဒါ…ဒါဆို ကိုမင်း ဟန်ဆောင်နေတာပေါ့။

ညီအစ်ကိုတွေ အကူအညီတောင်းပေးတယ်ဆိုတာက လည်း အလကားပေါ့နော်။ ရှိန်းကိုညာတာပေါ့။

''ဘယ့်နယ်လဲ…နွေးထွေးရှိန်း၊ ဒီအဖြစ်အပျက်တွေကို လည်း မင်းက ဘာမှမသိပါဘူးလို့ ပြောဦးမလို့လား၊ သိနေတယ်



လေ ရှုးလက်က မင်းဘာပြောတော့မယ်ဆိုတာကို ကြိုသိနေတယ်၊ အေး…ဒါကြောင့်လည်း မင်းရဲ့ခြေလှမ်းတွေကို ရပ်တန့်ကရပ်ဖို့ ကိုဒီနေရာကိုရောက်အောင်လာခဲ့တာပဲ၊ မိန်းမချင်း ကိုယ်ချင်းမစာ ဘူးပဲထင်ချင်ထင် မင်းလိုချင်နေတာ မင်းလျှောက်လှမ်းရမယ့် ခြေလှမ်းတိုင်း အေးအေးချမ်းချမ်းဖြစ်ဖို့ အတွက်ဆိုရင်တော့ ကြိုက် သလောက်သာတောင်းနော်၊ စေတနာသန့်သန့်နဲ့ ကူညီလိုက်မယ်၊ ဒါပေမယ့် ကိုကိုနဲ့တော့ ထပ်ပြီး ပတ်သက်မယ်လို့တော့ စိတ်မကူး နဲ့ နွေးထွေးရှိန်း၊ ကိုကို့အမေကဆို မင်းသတင်းတွေကြားပြီး ဒေါသ တွေ အကြီးအကျယ်ထွက်နေတာ၊ သူ့သားကို ဘာမဟုတ်တဲ့ မိန်းကလေးက ချူစားနေတယ်ဆိုပြီးတော့လေ''

''ဘာ…ရှင်…ရှင် ဘာစကားပြောလိုက်တယ် မရှူးလက် ချူစားတယ်ဟုတ်လား၊ ဘယ်သူ့ကိုပြောတာလဲ၊ ကျွန်မကလား၊ ဒီမှာ နွေးထွေးရှိန်းဆိုတဲ့ ကျွန်မကလေ လူသာအဆင်းရဲခံမယ် ဘယ်သိက္ခာတော့ သူများခြေဖဝါးအောက် အရောက်မခံနိုင်ဘူးရှင့်၊ တရားသက်သက် လာပြီးစွပ်စွဲတာလည်း မခံနိုင်ဘူး၊ ရှင့်လူကို ပြင်ပြန်မေးလိုက်စမ်းပါ၊ နွေးထွေးရှိန်းဆိုတဲ့မိန်းမက ဘာတွေများ တောင်းဆိုခဲ့ဖူးသလဲလို့၊ ကျွန်မအနားကို ဘယ်လိုနည်းနဲ့ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



လာပါစေ ကျွန်မကတော့ ရှင်းတယ်နော်၊ တစ်လကို ကျူရှင်လခစာ နှစ်သောင်းပေးပြီးမှ ဝိုက်ကိုခေါ်ထားတာ၊ ဘယ်သူ့ဆီကမှ တစ်ပြား တစ်ချပ် အလကားမယူထားဘူး၊ မယုံရင် ပြန်မေးကြည့်လိုက်ဦး၊ ကျွန်မငွေမမက်ဘူးလို့ မဆိုလိုဘူး၊ ငွေဆိုတာ လူတိုင်းအတွက် သည်းခြေကြိုက်ပဲလေ၊ ဒါပေမယ့် သူများလက်ညှိုးထိုး ကဲ့ရဲ့ခံရမှ ရတဲ့ ပိုက်ဆံမျိုး လုံးဝအလိုမရှိဘူးသိလား၊ ကိုယ့်ခွန်ကိုယ့်အား ကိုယ့်ချွေးနဲ့စာနဲ့ ထိုက်တန်တဲ့ငွေကိုပဲ မက်မောတာ၊ တစ်သက်လုံး လူမချမ်းသာရင်နေပါစေ နောက်ကြောင်းရှင်းရှင်း လိပ်ပြာလုံလုံနဲ့ အေးအေးချမ်းချမ်းနေရရင်ပဲ ကျေနပ်တယ်"

"ဟား…ဟား အမလေး ရယ်စရာကောင်းလိုက်တာ နော်၊ နားထောင်လို့တော့ တော်တော်ကောင်းတာပဲ နွေးထွေးရှိန်း ရယ်"

"ဒီမှာ ရှင်ယုံယုံမယုံယုံ ကျွန်မ စိတ်မဝင်စားဘူး၊ ကျွန်မ အခုနာကြည်းနေတာ၊ ကျွန်မအနားကို မရိုးမသားတဲ့နည်းတွေနဲ့ ချဉ်းကပ်ခံလိုက်ရလောက်အောင် ညံ့ဖျင်းရသလားဆိုပြီးတော့ပဲ၊ ကဲ ခွင့်ပြုပါဦး၊ ကျွန်မသွားလိုက်ပါဦးမယ်"

နာကျင်လာရပြီ။





ရင်တွေ တဆစ်ဆစ်နာကျင်နေရပြီ။

ဘာကြောင့် ထိုမင်းက အခုလိုလုပ်ရပ်တွေကို လုပ်ခဲ့ရ သလဲ။ ရှိန်းကို ရိုးသားစွာ ခင်တွယ်တယ်ဆိုရင်တောင် ထိုအပြု အမူမျိုးတွေကို ရှောင်ရှားသင့်တယ်လေ၊ အခုတော့ ကိုမင်းကြောင့် သူမက အထင်သေးစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ရ ပြီ။

မှန်တယ်ဆိုပြီးတော့သာ စူးလက်ရှေ့မှာ ခေါင်းမော့ရင် ကော့ပြီး ထွက်လာခဲ့ရတာ။ သူမဆီက လှောင်ရယ်သံတွေကို ကြားရတာတော့ အင်မတန်မှပင် ခံစားရခါးသီးလွန်းလှသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘာအပြစ်ရှိလို့လဲ၊ ကျွန်မ ဘာအမှားလုပ်မိလို့ ရှင်အခု လိုလုပ်ရတာလဲ၊ အခုတော့ ကျွန်မရဲ့ဂုဏ်သိက္ခာတစ်ခုလုံး ရှာစရာ မရှိအောင် ချိုးဖဲ့ခံရပြီရှင့်၊ အဲဒါ ရှင့်ကြောင့်၊ ရှင်လုပ်လို့ဖြစ်တာ မုန်းတယ်၊ ရှင့်ကိုအရမ်းမုန်းတယ်၊ အဟင့်…ဟင်း"

"ရှိန်း"

"မခေါ်နဲ့၊ ကျွန်မနာမည်လုံးဝမခေါ်နဲ့၊ ရှင်နဲ့ခင်လည်း မခင်တော့ဘူး၊ ခေါ်လည်းမခေါ်တော့ဘူး၊ နောက်ကို လုံးဝလာ မပတ်သက်နဲ့"

"ဘာဖြစ်လို့လဲရှိန်းရယ်… ကိုယ်ဘာအမှားလုပ်မိလို့လဲ ကိုယ့်ကို ဘာကြောင့် အသားလွတ်ကြီး ရန်စွာနေရတာလဲကွာ"



လူကိုတွေ့လိုက်တယ်ဆိုရင်ပဲ ရန်စကားပြောနေတဲ့ ရှိန်းကို နားမလည်နိုင်စွာပင် ငေးကြည့်နေမိသည်။

"ဘာမသိချင်ယောင်ဆောင်ပြနေတာလဲ၊ ရှင်ဘာတွေ ရှုပ်ထားသလဲဆိုတာ ရှင့်ကိုယ်ရှင်အသိဆုံးပဲ မဟုတ်လား ကိုမင်း ယောကျ်ား"

ရှိန်းဆီက ကြားရတဲ့စကားက မင်းယောကျ်ားအတွက် တော့ စိတ်တုန်လှုပ်ချောက်ချားစရာပါ။

"ရှင် တော်တော်သရုပ်ဆောင်ကောင်းတာပဲနော်၊ သူဌေး က အလုပ်သမားပုံစံ လိုင်းကားစီးပြီး ကျွန်မနဲ့ ရင်းနှီးမှုရအောင် ကြိုးစားခဲ့တာလေ၊ တကယ်မထင်ဘူးရှင့်၊ အခုလို လှလှပပ အလိမ် အညာခံနေရလိမ့်မယ်လို့၊ ကျွန်မကိုယ်တိုင်ကလည်း ညံ့ဖျင်းလွန်း တာပါ၊ လူတိုင်း ကိုယ့်လိုပဲထင်ထားခဲ့မိတာကို"

"ရှိန်း…နေ…နေပါဦး၊ ဒီအကြောင်းတွေ မင်းဘယ်လို လုပ်ပြီးသိနေတာလဲ၊ ဟိုကောင် မင်းခန့် ပြောတာလား"

"ရှင့်တပည့်က ပြောရဲ့ပါ့မလား၊ ရှင့်နေးလောင်းက လာပြောတာရှင့်၊ ဟွန်း…ဒီကပဲ ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတာသိလို့ အပိုင်ချိုင်ဖို့လုပ်သလိုလို့နဲ့၊ ရှိန်းတို့က လုံးဝမရှာဘူးနော်၊ မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ကတော့ သည်းခံမှာမဟုတ်ဘူး၊ ရှင် အဲဒါကိုတော့ ကြည့်ပြောထား''

''ကိုယ့်စနီးလောင်း ဟုတ်လား''

''ဟုတ်တယ်''

မင်းယောက်ျားပင် အံ့ဩသွားရ၏။

စနီးလောင်းဆိုတဲ့စကားလုံးက 'သူ့အတွက်တော့ အင်မတန်မှကို စိမ်းသက်လွန်းနေတာမဟုတ်ပါလား။ ဒီကနေ့ ဒီအချိန်ထိ သူ ရင်းနှီးကျွမ်းဝင်ဖူးသော မိန်းကလေးဆိုလို့ ရှိန်း တစ်ယောက်သာရှိပြီး ထိုမိန်းကလေးကိုလည်း ရင်နဲ့အမျှ ချစ်မြတ်နိုးခဲ့သည်။

သူမဘဝလေးရဲ့ မပြည့်စုံမှုလေးတွေကို ဖြည့်ဆည်းပေးရင်း သူမအနာဂတ်လေး လှပသာယာနေအောင် ဖန်ဆင်းပေးချင်နေမိတဲ့ ချစ်ခြင်းမေတ္တာ သူ့ရင်ထဲမှာ ပြည့်နှက်နေခဲ့တာ သူသာလျှင် အသိဆုံးမဟုတ်လား။

သူ့ဆန္ဒက ရှိန်းဆိုတဲ့ အလှပန်းကလေးကို အနားမှာထားပြီး တစ်ဘဝလုံး ကြည်ဖြူနွေးထွေးစွာ စောင့်ရှောက်ဖို့ပဲ။ သူ့စနီးလောင်းဆိုလျှင်တောင် ထိုမိန်းကလေးသည် ရှိန်းသာလျှင် ဖြစ်ေ



လိမ့်မည်။

''ဒီမှာ...ရှင်ဘာအရူးတစ်ပုံစံမျိုး လုပ်နေပြန်ပြီလဲ၊ ဘာလဲ မသိဘူးလို့ ငြင်းဦးမလို့လား''

''ငြင်းရမှာပဲလေ၊ ကိုယ့်မှာ ဘာစနီးလောင်းမှမရှိတာပဲ ရှိန်း''

''ဒါဆို စုးလက်ဆိုတဲ့ အမျိုးသမီးကဘာလဲ''

''စုးလက် ဟုတ်လား ရှိန်း''

''ဟုတ်တယ်၊ ရှင်နဲ့ လူကြီးချင်းသဘောတူထားတဲ့သူတဲ့ လေ၊ သူပြောပြလို့ ရှင် ကျွန်မကို ပိပိရိရိလိမ်ညာထားတာတွေ အားလုံးကို သိခွင့်ရခဲ့တာပေါ့၊ ရှင် အတ္တကြီးလှချည်လား ကိုမင်းယောက်ျား၊ မိဘပေးစားမယ့် မိန်းကလေးရှိပါလျက်နဲ့ ကျွန်မကို ချစ်တယ်လို့ လှည့်စားဖို့ကြိုးစားသေးတယ်နော် အံ့ပါရဲ့ရှင်''

''ရှိန်း''

''သွားတော့ ကိုမင်းယောက်ျား၊ ရှင် ကျွန်မရှေ့ကနေ အခုချက်ချင်းထွက်သွားတော့၊ ရှင့်လိုလူမျိုး ကျွန်မ တစ်ခါမှမသိခဲ့ ဖူးလို့ပဲ သတ်မှတ်လိုက်တော့မယ်၊ ရှင့်ရဲ့လိမ်ညာမှုတွေလည်း ဆက်ပြီးမခံနိုင်တော့ဘူး၊ သွားတော့ ကိုမင်းယောက်ျား၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အနားက ထွက်သွားပါတော့”

“မသွားနိုင်ဘူး ရှိန်း၊ ပြောစရာရှိတာတော့ ပြောရမှာပဲကွ မင်းရဲ့တစ်ဖက်သတ် အတွေးတွေနဲ့ ကိုယ် လူဆိုးတစ်ယောက်အဖြစ် မခံနိုင်ဘူး”

“ဘာရှင့်”

“စူးလက်ဆိုတာ ကိုယ်နဲ့ဘာမှမပတ်သက်တဲ့သူ၊ မေမေက သဘောတူတယ်ဆိုပေမယ့် ကိုယ်ကမှလက်မခံတာ၊ ကိုယ်ချစ်တာ ယောဒီကမ္ဘာကြီးထဲမှာ တစ်ယောက်တည်းပဲရှိတယ်၊ အဲဒါ နွေးထွေးရှိန်းဆိုတဲ့မင်းပဲ၊ မေမေက မင်းနဲ့ကိုယ့်ကို သဘောမတူဘူးရှိန်း၊ ဒါဟာ မေမေ့ဘက်ကကြည့်ရင်တော့ အမှန်တရားပဲလေ ဒါပေမယ့် ကိုယ့်ရင်ထဲက အချစ်တွေနဲ့ ပြန်စဉ်းစားနှိုင်းယှဉ်ရင်တော့ လုံးဝရက်စက်ခြင်းတစ်ခုပဲ၊ ကိုယ့်မှာ ဒီအမေတစ်ယောက်တည်းရှိတယ် ရှိန်း၊ အမေက ကိုယ်အထက်တန်းကျောင်းသားဘဝလောက်မှာပဲ ဆုံးသွားတာဆိုတော့ မေမေ့ကို ကိုယ် အရမ်းချစ်ပါတယ် မင်းအမေကို မင်းသိပ်ချစ်သလိုပေါ့ရှိန်း၊ ကိုယ့်အမေကိုလည်း ကိုယ် မထားခဲ့နိုင်ဘူးလေ၊ ဒါကြောင့် မင်းနဲ့မပတ်သက်ပါနဲ့သားရယ်ဆိုတဲ့ တောင်းဆိုချက်ကို ကိုယ်ခေါင်းညိတ်ခဲ့တယ်၊ ဒါ. . .ဒါပေမယ့်”



ပြောနေတဲ့စကားလေးရပ်ပြီး သူမမျက်နှာလေးကို ညှိုးငယ်သောမျက်ဝန်းလေးတွေနှင့် စိုက်ကြည့်နေသည်။

ရှိန်းရင်ထဲ အဲဒီလိုကျပြန်တော့လည်း နင်တင်တင်ကြီးပါ။ ဘာကြောင့်လဲဆိုတာလဲမသိ။ တကယ်ဆိုရင် ရှိန်းနဲ့ ကိုမင်းယောကျ်ားတို့ရဲ့ အခြေအနေတွေအားလုံးက ညှိနှိုင်းလို့မရအောင် ကွာဟနေတာလေ။ ခြေလှမ်းတွေ ရှေ့ဆက်မယ့်အစား ရပ်တန့်ကျောနိုင်းလိုက်တာသာလျှင် အကောင်းဆုံးပဲဖြစ်သည်။

သူမကိုယ်တိုင်လည်း သူနဲ့မျက်နှာချင်းဆိုင် မဆုံခင်ကတည်းက ဒီလိုပဲလုပ်တော့မည်ဟု ဆုံးဖြတ်ပြီးသား။

အခု သူပြောလိုက်တဲ့စကားကို နားထောင်ပြီး ရင်ထဲဘာဖြစ်သွားတာပါလိမ့်။ ဝမ်းနည်းအားငယ်သွားသလိုလိုပါ။

“မေမေ တားဆီးလို့သာ ကိုယ်လက်ခံဖို့ ကြိုးစားနေရတာ၊ ကိုယ့်နှလုံးသားတွေကတော့ ဓားထက်ထက်နဲ့ အစိမ်းလိုက်အရွှန်းခံနေရသလိုပဲ နာကျင်နေရတယ် ရှိန်း၊ မင်းနဲ့ဝေးဝေးနေရမယ်ဆိုရင် ကိုယ့်ဘဝရှင်လျက်နဲ့ သေဆုံးနေရသလို ဖြစ်နေတော့မှာပါ ရှိန်းရယ်၊ ကိုယ်ထင်မထားလောက်အောင်ပဲ မင်းကိုချစ်ခဲ့တာပါကွာ၊ ကိုယ်မင်းကို မြို့ထဲက ကားမှတ်တိုင်လေးတစ်ခုမှာ မထင်မှတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်တဲ့နေ့ကတည်းကစပြီး ကိုယ့်စိတ်နဲ့ ကိုယ့်ခန္ဓာကိုယ်ဆိုတာ ရှိကိုရှိမနေတော့တာပါ။ မင်းလေးအတွက်ပဲ ဖြစ်နေစေချင်တဲ့စိတ်ကို မင်းနားလည်နိုင်ပါ့မလား ရှိန်း။ အမှားတွေကို ကျူးလွန်ခဲ့တယ်ဆိုရင်တောင် မင်းအပေါ်မှာ သိပ်ချစ်သွားမိတဲ့အချစ်တွေကြောင့်ပဲ ဖြစ်ရတာပါ။ ဟန်ဆောင်လိမ်ညာခဲ့တယ်ဆိုရင်တောင် သိပ်ချစ်တတ်သွားလို့ပါ ရှိန်းရယ်"

အို။

သူ့စကားကြောင့် ရှိန်းရင်လေး ဆတ်ခနဲခုန်လှုပ်သွားရပါသည်။

"မင်းမယုံဘူးဆိုတာ ကိုယ်သိပါတယ်၊ ကိုယ်က မင်းအပေါ်မှာ အမြဲတမ်း လိမ်ညာခဲ့သလို ဖြစ်ခဲ့ရတာကို မင်းသံသယဝင်နေတော့မှာပဲလေ၊ မင်းမှာ အပြစ်မရှိပါဘူး၊ ဒါပေမယ့် ရှိန်းရယ် ကိုယ်လေ မင်းကို တကယ်ပဲချစ်ခဲ့တာပါကွာ၊ ဒါကြောင့်လည်း မင်းနဲ့မပေါင်းစပ်နိုင်ရင်တောင် ကိုယ့်ဘဝထဲမှာ ဘယ်လိုမိန်းကလေးကိုမှ နေရာမပေးနိုင်ပါဘူး၊ ဒါကိုတော့ မင်းသိနေအောင် ပြောပြတာပါ ရှိန်းရယ်၊ စူးလက်ကို တစ်ချိန်က အိမ်နီးနားချင်းနေခဲ့ဖူးတယ်ဆိုတဲ့ ခင်မင်မှုပဲရှိခဲ့တာပါ၊ ကိုယ်ချစ်တာ ရှိန်းပါပဲရှိန်းရယ်"



ရှိန်း မှင်သက်စွာ ငိုင်ကျသွားရပြီ။

ယုံကြည်သွားသလိုလိုပါပဲ။

"ရှိန်း"

"မင်းကထွက်သွားပါဆိုရင် ကိုယ်ထွက်သွားပေးမှာပါ ရှိန်း၊ ဒါပေမယ့် မင်းခန့်နဲ့တော့ စာကိုကြိုးစားပြီး ကျက်မှတ်ပါကွာ၊ မင်းအနာဂတ်အတွက် ကိုယ်စေတနာနဲ့ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းခန့်က တော်တဲ့ဂိုက်တစ်ယောက်မို့လို့ပါ၊ မင်း ကိုယ့်ကို မုန်းလို့ မပတ်သက်ချင်ဘူးဆိုရင်တောင် ကိုယ့်ကိုမုန်းတဲ့အမုန်းတွေနဲ့ မင်းရဲ့ပညာရေးလေးကိုတော့ အထိခိုက်မခံလိုက်ပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ် ရှိန်းရယ်"

ရှိန်း…။

သူ့စကားတွေ ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတော့ဘဲ မျက်လုံးပင် တော့ခိုင်းထွက်သွားဖို့ ကြိုးစားလိုက်သည်။

"ရှိန်း"

ခြေလှမ်းတွေ စတင်လှမ်းလိုက်တော့ အနောက်ဘက်ဆီကနေ စိုးရိမ်တကြီး လှမ်းခေါ်တဲ့အသံကို ကြားလိုက်ရ၏။

ရှိန်း လှည့်မကြည့်မိ။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေကို ရှေ့ဆက်လိုက်သည်။

"ရှိန်း ကိုယ့်စကားကို နားထောင်ပါနော်၊ မင်းဘဝအတွက် ကိုယ်ပြောနေတာပါ"

လှမ်းသတိပေးသံက ကျယ်လာ၏။

ရှိန်း အပြေးတစ်ပိုင်းပင် နေရာလေးကနေ ထွက်ခွာခဲ့လိုက်တော့သည်။ စိတ်အာရုံထဲမှာတော့ ဝမ်းနည်းနာကျင်မှုတွေနဲ့ ရှုပ်ထွေးနောက်ကျလို့။

ဘယ်လိုဆုံးဖြတ်ရမလဲ။

ရှိန်း မတွေးတတ်တော့ပါချေ။

□ □ □

## အခန်း (၂၉)

"အို…ကိုကို အရက်တွေသောက်နေတယ် ဟုတ်လား၊ ဟင်း…ဟင်း တစ်ခါမှလည်း မသောက်ဖူးတဲ့အရက်တွေတောင် သောက်နေတာဆိုတော့ အခြေအနေ တော်တော်ဆိုးနေတာပဲ"

"စူးလက်"

"ရှင်"

"ရှိန်းကို မင်းဘာတွေသွားပြောလိုက်တာလဲ"

"ရှင်"

ရှိန်းဆိုတဲ့နာမည်ကို ကြားလိုက်ရတယ်ဆိုလျှင်ပဲ စူးလက် မျက်နှာလေး ကွက်ခနဲပျက်သွားရ၏။ နှုတ်ခမ်းရဲရဲလေးက မဲ့ကျေးသွားရပြီး…

www.burmeseclassic.com

www.burmeseclassic.com



"စူးလက်...ဘာပြောလို့လဲကိုကို"

"မသိလို့ပြန်မေးနေတာလား စူးလက်၊ ကိုကို မင်းနဲ့ ရန်စကားမပြောချင်ဘူးနော်၊ အစောကြီးကတည်းက မိဘိသားစုထဲမှာ မင်းဝင်မပါပါနဲ့လို့ တားဆီးထားပြီးသား၊ ဒါကို မင်းနဲ့ကိုယ်က မိဘတွေသဘောတူထားပါတယ်လို့ မဟုတ်မဟတ်တွေ လျှောက်ပြောလာခဲ့ရတာလဲ"

"မဟုတ်မဟတ်စကား ဟုတ်လားကိုကို၊ စူးလက်ပြောခဲ့တာတွေအားလုံးက အမှန်တရားတွေချည်းပဲလေ၊ ဘာကမှားနေလို့လဲ၊ အန်တီသီတဂူက ကိုကိုနဲ့စူးလက်ကို လက်ထပ်ပေးစားဖို့ ပြောနေတာပဲဟာ၊ စူးလက်က ကိုကို့ဇနီးလောင်းပဲ"

"မေမေပြောပေမယ့် ကိုယ်မှလက်မခံနိုင်တာပဲ စူးလက် ကိုယ် မင်းကိုခင်ပါတယ်၊ ဒါပေမယ့် မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုပဲ သံယောဇဉ်ဖြစ်ခဲ့တာ၊ ကိုယ်ချစ်တာ ရှိန်းကိုပဲ၊ ကိုယ့်ဘဝတစ်သက်တာလုံး အဖော်အဖြစ် အနားမှာခေါ်ထားချင်ခဲ့တာလည်း ရှိန်းပဲ စူးလက်၊ မေမေ့ဆန္ဒကို မဆန့်ကျင်ရက်လို့သာ ရှိန်းနဲ့ပတ်သက်မှုကို ကိုယ် နောက်ဆုတ်ပေးထားရတာ၊ ကိုယ့်ရင်ထဲက နှလုံးသားတွေ ဘယ်လောက်ထိ နာကျင်နေရသလဲဆိုတာ မင်းသိရဲ့လား စူးလက်၊ မင်းဘာမှ အကြောင်းအရင်းမသိဘဲနဲ့





ရှိန်းကို သွားပြောတယ်နော်၊ အခုတော့ မင်းကြောင့် ရှိန်းက ကိုယ့်မျက်နှာကို မကြည့်ချင်တော့လောက်အောင်ပဲ ဖြစ်သွားပြီကွ၊ လုံးဝကို နာကြည်းမုန်းတီးသွားပြီ"

အမလေး ဖြစ်နေလိုက်တာ။

ဘာမဟုတ်တဲ့ ဆင်းရဲသူမကြောင့်နဲ့များ တစ်ခါမှ မသောက်ဘူးတဲ့အရက်တွေသောက်ပြီး ခံစားပြနေလိုက်တာ။ အသည်းယားစရာ။

စူးလက်ကြောင့်တဲ့။ ရှိန်းက မုန်းသွားပြီတဲ့လေ။

ကောင်းတာပေါ့။

စူးလက်မပိုင်ဆိုင်နိုင်ရင်တောင် နွေးထွေးရှိန်းဆိုတဲ့ ကောင်မလေးလက်ထဲ အပါမခံနိုင်ပါဘူး။ မုန်းပါစေ၊ နာကြည်းပါစေ စူးလက်ကျေနပ်တယ်။ ဝမ်းသာတယ်။

စူးလက်သိတယ်လေ။အန်တီသီနဲ့ ကိုကိုတို့ပြောနေတဲ့ စကားတွေကို စူးလက်ကြားသားပဲ။ ခါးခါးသီးသီးငြင်းပယ်နေတဲ့ ကိုကို။ စူးလက်ရင်တွေ နာလိုက်တာ။ စူးလက်အပေါ် ကိုကိုဘက်က စိမ်းကားရက်စက်မှုတွေက ထင်မထားအောင်ပဲ ကျရောက်လာတာလေ။

စူးလက် ကိုကို့ကိုစိတ်နာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးလို့ အမျက်ကြီးတာပဲပြောမလား။

စူးလက်ကို စိတ်ဆင်းရဲမှုတွေ ဖန်တီးခဲ့တဲ့ ကိုကို့ကို ခွင့်မလွှတ်နိုင်ဘူး။

တမင်သွားပြောခဲ့တာလေ။

ရှိန်းဆိုတဲ့ကောင်မလေး စိတ်ပျက်သွားအောင် သွားပြောခဲ့တာ။ စူးလက်ဆန္ဒတွေ ပြည့်ဝသွားရပြီပေါ့ ကိုကိုရယ်။

"စူးလက်"

"ဘာလဲကိုကို"

"မင်းဘာရည်ရွယ်ချက်တွေနဲ့ ရှိန်းကို သွားတွေ့ခဲ့ရတာလဲကွာ၊ အခုတော့ ဇာတ်လမ်းတွေက ရှင်းမရအောင် ရှုပ်ကုန်ပြီကွ"

"စူးလက်က စေတနာနဲ့"

"တော်စမ်း…စူးလက်၊ မင်းအကြောင်းမသိရင်ခက်မယ်၊ ကိုယ်နဲ့ရှိန်းကြားမှာ အထင်အမြင်လွဲမှုတွေဖြစ်အောင် မင်းတမင်လုပ်တာ"

"ဟုတ်တယ်၊ စူးလက်လုပ်တာလေ၊ ဘာဖြစ်လဲကိုကို စူးလက် အခုလိုဖြစ်အောင် ကိုကိုက လုပ်ခဲ့တာကို၊ မြန်မာနိုင်ငံကို စူးလက် ရောက်အောင်ပြန်လာတယ်ဆိုတာ ရည်မှန်းချက်တစ်ခုတည်းနဲ့ပဲ လာခဲ့တာ၊ အဲဒါ ကိုကို့ဆီက ချစ်ခြင်းမေတ္တာတွေကို



ရယူပိုင်ဆိုင်ဖို့ဆိုတဲ့ အချက်ပဲလေ၊ ကိုကိုက ဘာမဟုတ်တဲ့ အစုတ် အပြတ်မိန်းမကိုမှ မက်မောတန်ဖိုးထားပြနေတာကို၊ စူးလက်နဲ့ ပခုံးချင်းယှဉ်တဲ့ မိန်းမက ဘာအဆင့်မှမရှိတဲ့ အရှုံးမကြီးရဲ့သမီး၊ အရှုံးမျိုးတွေ"

"စူးလက်…ပိတ်စမ်း၊ မင်းပါးစပ်ကို ပိတ်ထားလိုက်၊ စိတ္တဇဝေဒနာခံစားရတယ်ဆိုတာ မျိုးရိုးကြောင့်မဟုတ်ဘူးကွ မီးတွင်းထဲမှာ သွေးနုနနဲ့ မီးလောင်မှုဖြစ်ပွားလို့ သွေးပျက်သွားတာ၊ ကလေးကလည်း သေတော့ ပိုဆိုးပြီး သည်းချေပျက်သွားတာကွ၊ မင်းက အကြောင်းအရာတွေကို ဘာမှမသိဘဲ မေမေ့ကို သွေးခွဲလိုက်၊ ရှိန်းကို အထင်လွဲအောင်ပြောလိုက်နဲ့ အားလုံး စိတ်သောကတွေရောက်အောင်လုပ်တာ"

"ဟုတ်ထယ်လေ…စူးလက်လုပ်တယ်၊ အခု ရှင်လည်း တစ်ခါမှမသောက်ဘူးတဲ့ အရက်တွေသောက်ပြီး အကြီးအကျယ် ခံစားနေရပြီမဟုတ်လား၊ အဲဒါ စူးလက်ရဲ့ရင်ထဲက နှလုံးသားတွေကို နာကျင်ခြင်းဝေဒနာတွေ ထည့်ပေးခဲ့တဲ့ ရှင့်အတွက် ပြန်ပြီး လက်စားချေတဲ့ပြန်လိုက်တာပဲ၊ ခံစားစမ်း ကိုကို၊ ရှုံးတော့ ရှင်ခံစားစမ်းပါ၊ ရှင် အခုလိုနာကျင်မှုတွေနဲ့ လဲပြိုနေတဲ့ပုံစံကိုပဲ စူးလက်က မြင်တွေ့ချင်နေတာ၊ ဟင်း…ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"စူးလက်"

"ဟင်…အန်တီသီတဝ္"

"မေမေ"

ရုတ်တရက် စူးရှသောခေါ်သံနှင့်အတူ ထွက်ပေါ်လာတာက ဒေါ်သီတဝ္။ သားဖြစ်သူနဲ့ စူးလက် အချီအချပြောနေတဲ့ စကားတွေကို အားလုံးကြားပြီးပြီ။ အရက်တွေ အလွန်အကျွံသောက်ပြီး ခေါင်းပင်မထောင်နိုင်တဲ့ သားဖြစ်သူရဲ့ ပုံစံကိုကြည့်ပြီး ရင်ထဲက တဆစ်ဆစ်။ အဲဒီလောက်တောင်ပဲ ခံစားနေရသတဲ့လား။ ဒီမိန်းကလေးကို အဲဒီလောက်တောင်ပဲ လိုအပ်နေရသတဲ့လား။ အသည်းနှလုံးကို အရက်နဲ့စိမ်ဖို့တောင် ကြိုးစားနေတာလေ။ မြင်ရတဲ့သူတောင် ဘယ်လိုမှ မျက်နှာမလွှဲနိုင်တဲ့အထိပါပဲ။

ပြီးတော့ သားက မိဘစကားနားထောင်ပြီး လိမ္မာသိမ်ငဲ့စွာ နေထိုင်တတ်တဲ့သူ။ ဒီလိုကောင်လေးက မိမိရဲ့အတ္တကြောင့် ဘဝပျက်ရတော့မည့် အနေအထားမှာဆိုတော့ ဘယ်လိုသွေးအေးမှုမျိုးနဲ့ ဆက်ပြီး ဒေါ်သီတဝ္ နေနိုင်တော့မှာလဲ။

သားကို မပစ်နိုင်ပါဘူး။

မိမိမှာ နှောင်တွယ်စရာသံယောဇဉ်ဆိုလို့ တစ်လောကလုံးမှာ ဒီသားလေးတစ်ယောက်တည်းရှိတာ၊ သားအခုလိုဖြစ်နေတာ



ဘယ်လိုနှလုံးသားမျိုးနဲ့ ကြည့်နေရပါ့မလဲလေ။

"စူးလက်…ညည်း…ညည်း ရက်စက်လှချည်လားအေ၊ ပြောရက်လိုက်တာ၊ သားက အမှားလုပ်မိတယ်ဆိုရင်တောင် စူးလက်က သဘောထားကြီးကြီးနဲ့ လက်ခံပေးနိုင်မယ့် မိန်းကလေးလို့ ထင်ထားခဲ့တာ၊ အခုတော့ အငြိုးတွေဖွဲ့ပြီး သွေးအေးအေးနဲ့ လက်တုံ့ပြန်ဖို့ ကြိုးစားနေပြီပေါ့နော်၊ ထင်တောင်မထင်ဘူး စူးလက်ရယ်၊ သားအပေါ်မှာ ငယ်သံယောဇဉ်နဲ့ နားလည်မှုပေးနိုင်မှာပဲလို့ ထင်ထားခဲ့တာ၊ အခုတော့ အန်တီသီရဲ့အထင်ကြီးလေးစားမှုတွေက အားလုံး ရေထဲမျောကုန်ပြီပေါ့"

"ဒါကတော့ ကိုကိုက ရက်စက်တာကို အန်တီသီရဲ့၊ စူးလက်လိုမိန်းကလေးက ယောကျ်ားတစ်ယောက်ရဲ့ လက်ခုပ်ထဲက ရေဘဝနဲ့ နေရမှာလား၊ ဆောရီးပဲ အန်တီသီ၊ စူးလက်က သေးနုတ်တဲ့ မိန်းမမှမဟုတ်တာ။ ရှုံးကိုသာ ဖိနှိမ်လို့ရချင်ရမယ် စူးလက်ကိုတော့ မရဘူးသိလား"

ဘုရား ဘုရား။

ဒါ စူးလက်တဲ့လား။

မိမိအထင်ကြီးခဲ့တဲ့ ချွေးမလောင်းတဲ့လား။

ရုပ်ရည်ချော။ ပညာတတ်။ ငွေကြေးပြည့်စုံချင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝတဲ့ စူးလက်က မာနတွေနဲ့ ခေါင်းမော့ရင်ကော့နေသည်။ သားဘဝရေ့ရေးအတွက် လူတကာငေးမောမှင်သက်လောက်တဲ့ ဂုဏ်တွေနဲ့ ပြည့်နှက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဘနားမှာထားချင်တဲ့ အကျိုးကျေးဇူးတွေက မိမိမျက်လုံးရှေ့မှာပဲ အရှင်လတ်လတ်ကြီး မြင်တွေ့နေရတာပါလား။

ဒေါ်သီတာရှ အံ့ဩလို့မဆုံးတော့ပါ။

"စူးလက် ကိုကို့ကိုချစ်ပါတယ်၊ ဒါပေမယ့် စူးလက်ရဲ့ အချစ်တွေနဲ့မတန်တဲ့ ယောကျ်ားတစ်ယောက်ကို ဟန်ဆောင်ပြီးတောင် နွေးထွေးမပြချင်ဘူး၊ စူးလက် မနက်ဖြန် နိုင်ငံခြားကိုပြန်တော့မှာပါ၊ နောက်လည်း ဘယ်တော့မှ မလာတော့ဘူး၊ စူးလက်ရဲ့ ချစ်ခြင်းမေတ္တာတွေကို အလေးအနက်ထားရကောင်းမှန်းမသိတဲ့ လူကို မမြင်ချင်လို့လေ"

ဟယ်။

စူးလက်က ပြောပြီးတာနှင့် ချာခနဲနေအောင်ပင် လှည့်ထွက်သွားပြီ။ ဘာစကားမှ မပြောနိုင်အောင် ပါးစပ်အဟောင်းသားကလေးဖြစ်ပြီး ကျန်ခဲ့တာက ဒေါ်သီတာရှ။

သားဖြစ်သူကိုကြည့်မိတော့ ဇက်ကလေးကျိုးကာ စားပွဲပေါ်တွင်မှောက်နေပြီလေ။

□ □ □

## အခန်း (၂၉)

မင်းဘဝအတွက်ပြောတာပါတဲ့။

ဒီစကားက ဘာကြောင့်များ ရှိန်းရဲ့ အာရုံတွေထဲမှာ အကြိမ်ပေါင်းများစွာ ရိုက်ခတ်နေရတာပါလဲ။ တကယ်ဆို မေ့ပစ်လိုက်သင့်ပြီ။ ဘယ်လိုမှမဖြစ်နိုင်တဲ့ အရာတစ်ခုဆိုလျှင် ခေါင်းထဲကနေ ထုတ်ပယ်လိုက်တာသာလျှင် အကောင်းဆုံး မဟုတ်ပါလား။

ကိုမင်းခန့်နဲ့ စာဆက်ကျက်ပါတဲ့။

ရှိန်းကို ပညာတတ်တစ်ယောက် ဖြစ်စေချင်တဲ့ စေတနာကိုတော့ ရှိန်း အသိအမှတ်မပြုဘဲ မနေနိုင်ပါ။ ရွှေယမင်းဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် သူဌေးဆိုတဲ့ အရှိန်အဝါကြီးကို ဖယ်ခွာပြီး ရှိန်းနဲ့အတူ လိုင်းကားတိုးစီးပြီး ခင်မင်မှုရအောင် ကြိုး

www.burmeseclassic.com

စားခဲ့တဲ့ သူ့ရဲ့လုပ်ရပ်လေ။

သင့်တန်းတက်ရတာဝေးလို့ စာသင်ဝိုက် အသင့်သင်နိုင်အောင် ခေါင်းထဲ လေးလေးနက်နက်ထားပြီး ရှိန်းပညာရေးအတွက် စီစဉ်ပေးခဲ့သည်။

မှားသွားပြီ။

ရှိန်း သူ့စေတနာတွေကို လေးစားရကောင်းမှန်း လိမ်ညာလှည့်စားခံရသည်ဟု တွေးမှတ်ကာ ရန်စကားပြောခဲ့တဲ့ ရှိန်းရဲ့လုပ်ရပ်တွေက အမှားကြီးမှားသွားချေပြီ။ တွေးမိတော့လည်း စိတ်မကောင်းဖြစ်ရပြန်သည်။

ဒေါသတကြီး နှင်ထုတ်သည့်အထိ ရှိန်း ရိုင်းပြခဲ့၏။ စိတ်နာသွားမှာပါပဲ။ ရှိန်းကို တအားမုန်းတီး နာကြည်းသွားမှာပဲ။

ကိုမင်းရယ်။

ရှိန်းကို ခွင့်မလွှတ်ပါနဲ့နော်။

ရှိန်းက သိပ်ဆိုးတဲ့ကောင်မလေးပါ။

ကိုမင်းရဲ့စေတနာမေတ္တာတွေနဲ့ မထိုက်တန်တဲ့ ရှိန်းကို မေ့ပစ်လိုက်ပါတော့နော်။

"ရှိန်းရေ ရှိန်း"

ဟင်။



စာရေးစားပွဲခုံလေးရှေ့မှ ထိုင်ပြီး စာမကျက်နိုင်သောက်အောင် စိတ်တွေလေနေမိတဲ့ ရှိန်းတစ်ယောက် ခြံရှေ့ကခေါ်သံကြောင့် ခေါင်းလေးလှည့်စောင်းကာ ခြံဝရှေ့ကြည့်လိုက်သည်။

ကိုမင်း။

ကိုမင်းပါလား။

သူ့စကားကို နားထောင်သည့်အနေနှင့် ကိုမင်းနဲ့ စာဆက်ကျက်မယ်လို့ ရှိန်း ပြောခဲ့ပြီးသားပါ။ ဒါကို ဘယ်နှယ့်ကြောင့် ကိုမင်း ရောက်လာရတာလဲ။

သူ့ကိုမြင်လိုက်ရပြန်တော့လည်း စောစောက မှိုင်တွေနေတဲ့ စိတ်ကလေးက လန်းဆန်းသွားသလို မျက်နှာလေးမှာလည်း ရှက်ကိုးရှက်ကန်း ဟန်ကလေးကပြည့်လို့။ အိမ်တံခါးဝလေးမှာ ရပ်လိုက်တဲ့ ရှိန်းရင်တွေ ထိန်းချုပ်မရအောင် ခုန်လှုပ်နေတာပါပဲလား။

"ဘာကိစ္စရှိလို့လဲဟင် ကိုမင်း"

မေးသံက နူးညံ့ညင်သာနေတာမို့ မင်းယောကျ်ားနှုတ်ခမ်းလေးတွေ ကြည်လင်က[illegible]င် ပြုံးမြသွားရသည်။

ရှိန်း။

ဟိုနေ့ကလို ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲပြီး ရန်

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတာလေ။ ဒါကလည်း သူမလေးရဲ့ အပြစ်တော့မဟုတ်ပါ။ ရှူးလေးကီက မေါက်ကရေးစွာ မျှော်လှော်ပြောခဲ့တာကို။ သူ့အပေါ်မှာ ရှိန်း အထင်အမြင်လွဲသွားမှာပေါ့လေ။

ခြံဝင်းလေးထဲကိုဝင်လာတဲ့ သူ့ကို ရှိန်းက တအံ့တသြပင် မှင်သက်စွာ ကြည့်နေသည်။

"ရှိန်း"

"ရှင်"

"ညှိုသည်ကို အိမ်ထဲမဖိတ်ခေါ်တော့ဘူးလား၊ ရှိန်း ကိုယ်က ဒီအတိုင်းကြီး မတ်တပ်ရပ်နေရတော့မှာလား"

အဲ။

သူသတိပေးတော့မှ ရှိန်း သတိရသွားတာက သူမအိမ် လေးပေါ်မှာ ဘယ်သူမှမရှိဘဲ သူမတစ်ယောက်တည်း ရှိနေတယ် ဆိုတာပါပဲ။

ဒီနေ့

မေမေ့ကို ဦးငယ်လေးက အဒေါ်တွေအိမ်မှာ ခေါ်သွား ပြောင်းထားတာလေ။ ရှိန်းက စာမေးပွဲဖြေဖို့ လပိုင်းလောက်ပဲလို တော့တာဆိုတော့။ အမေ့ကြောင့် စာကျက်ပျက်ပြီး အနှောင့် အယှက်ဖြစ်မှာစိုးလို့တဲ့။



"ရှိန်း"

"ရှင်"

"ညှိုသည်ကိုကြိုဆိုပုံကလည်း မချေးမချွေးလိုက်တာ ကွာ"

"ဘယ်သူက လာလည်နိုင်းလို့လဲ၊ ကိုယ်ဘာသာလာ ပြီးတော့မှ အိမ်ရှင်ကို အပြစ်လာပြောမနေနဲ့ ဟွန်း"

ထိုးလိုက်တဲ့ မျက်စောင်းလေးက သူ့ဆီ ဒိုင်းခနဲရောက်လာ၏။ ကျေကျေနပ်နပ်ပင် မင်းယောက်ျားခံယူလိုက်သည်။

"ရှိန်း"

"ဘာတုန်း"

"စိတ်ဆိုးမပြေသေးဘူးမို့လား"

"ဟုတ်တယ်"

ရှိန်းညာလိုက်တာပါ။

အစောပိုင်းကတည်းက သူ့အကြောင်း သေချာပြန်စဉ်းစား ပြီး ရှိန်း စိတ်မကောင်းဖြစ်နေတာလေ။ စိတ်လည်းမဆိုးတော့ပါဘူး။ ဒါပေမယ့် သူ့ကိုတွေ့လိုက်ပြန်တော့လည်း နှုတ်ခမ်းလေးက စူတင်း ထားမိပြန်သည်။

"ကဲ ဒါဆိုလည်း အပေါက်ဝကနေ ခဏတော့ ပေးပေး

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အထဲဝင်ပြီး မင်းကျေနပ်တဲ့အထိ တောင်းပန်ပါမယ်၊ ဟုတ်ပြီလား''

ပြောလည်းပြော လူကလည်း ဖွတ်အတင်းကြီး တိုးဝင်လာတာမို့ ရှိန်းမှာ ကပျာကယာ ခန္ဓာကိုယ်လေး ရှောင်တိမ်းပေးလိုက်ရပါသည်။

''ရှိန်း လာခဲ့''

''အို ဘာလုပ်တာလဲ လွှတ်ပါ''

သူမလက်ကလေးကို ဆုပ်ကိုင်ကာ ဆွဲခေါ်လိုက်တဲ့သူ့လုပ်ရပ်ကြောင့် ရှက်လိပ်ပြာလေး သုတ်ခနဲနေအောင်ပင် ဖြတ်ပြေးသွားရပြီ။

''လွှတ်မှာပါ၊ သိပ်ပြီး ကပ်စေးနှဲမနေပါနဲ့၊ အေးအေးစကားပြောချင်လို့ လာခဲ့တာပါ ရှိန်းရယ်၊ မင်းကိုယ့်ကို သိပ်ပြီးသံသယတွေမများစမ်းပါနဲ့၊ မင်းဘဝလေးကို ဘယ်သောအခါကမှနစ်မွန်းဆုံးရှုံးသွားမှာ မလိုလားခဲ့တာ ကိုယ့်ရဲ့စိတ်ရင်း စေတနာအမှန်ပါကွာ၊ ဒါကို မင်းလည်းသိသင့်သလောက်တော့ သိနေမှာပါ ရှိန်းရယ်''

သူ့စကားကြောင့် ရှိန်း ဘာပြန်ပြောရမှန်းမသိအောင်ပင် ဖြစ်ကာ အသံလေးတိတ်သွားရသည်။



''ရှိန်း''

''ပြောပါ''

''ဟိုနေ့က စုးလက်ပြောသွားတဲ့ စကားတွေကို စိတ်ထဲထည့်မနေပါနဲ့ ရှိန်းရယ်၊ သူက အကျင့်ပုတ်ပြီး ရှိန်းနဲ့ကိုယ့်ကို သွေးခွဲသွားတာပါ၊ မနာလိုဖြစ်ပြီး တမင်လျှောက်လုပ်တာလေ''

''မနာလိုဖြစ်တယ် ဟုတ်လား၊ ကိုမင်း ဘာကိုလဲ၊ ဘာကိုသူက မနာလိုဖြစ်တာလဲ''

''ရှိန်းအပေါ်မှာထားတဲ့ ကိုယ့်ရဲ့ချစ်ခြင်းလေးတွေကိုပေါ့ ရှိန်းရဲ့၊ သူ့ကို နေရာမပေးနိုင်အောင် ရှိန်းကိုချစ်တဲ့ အချစ်တွေနဲ့ပြည့်နက်နေတဲ့ ကိုယ့်ရင်ကို ရှိန်းနဲ့သွေးထိုးပေးပြီး ပြဿနာတက်အောင် လုပ်တာလေ၊ ဒါမှ ခံစားရပြီး ကိုယ်နာကျင်မှာကို''

အို။

ရှိန်း ခေါင်းလေးငုံ့ကျသွားရသည်။

''မေမေကိုလည်း သူပဲ ပေါက်ကရတွေလျှောက်ပြောခဲ့တာရှိန်း၊ မေမေက စိတ်ပူပြီး ရှိန်းအပေါ် အထင်တွေလွဲနေတာပေါ့၊ အခုတော့ အားလုံးရဲ့စိတ်တွေရှင်းလင်းသွားပါပြီ၊ မေမေလည်းကိုယ့်ကို ခွင့်ပြုလိုက်ပြီလေ၊ မင်းမြတ်နိုးတဲ့ မိန်းကလေးကိုပဲ ဘဝတစ်သက်တာလုံးအတွက် ရွေးချယ်ပါတဲ့၊ ဒါကြောင့် ဝင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ပြီး ရှိန်းဆီကို ရောက်လာခဲ့တာပေါ့"

"အို ဘာဆိုင်လို့လဲ၊ ရှိန်းနဲ့က အလွတ်ကြီးနော်၊ ရှင် လူမှားနေပြီသိလား"

"မမှားပါဘူး ရှိန်းရယ်၊ မှတ်တိုင်လေးတစ်ခုမှာ မထင် မှတ်ပဲ တွေ့လိုက်ရကတည်းကိုက ကားကို ရှေ့ဆက်မောင်းလို့ မရတော့အောင်ပဲ ဖြစ်သွားခဲ့ရတဲ့အဖြစ်ကို ရှိန်းက သိမှမသိတာ၊ အဲ့ဒီအချိန်လေးကတည်းက မိုးရေအောက်မှာ ကိုယ် ထီးမိုးပေးခဲ့ ဖူးတဲ့ ကောင်မလေးတစ်ယောက်ကို ရင်ထဲက နှလုံးသားလေးတွေ က ချစ်ခဲ့တာလေ၊ ဘယ်ကမှန်းလည်းမသိ၊ ဘယ်သူမှန်းလည်းမသိ ဘဲ ဒီကောင်မလေး မိုးမစိုစေချင်တဲ့ စိတ်လေးတစ်ခုတည်းနဲ့ပဲ ကားကိုထားခဲ့ပြီး သူ့နောက်ကို လိုင်းကားကြီးလိုက်စီးပြီး လိုက် သွားခဲ့တာ၊ ကားထဲမှာ ပိုက်ဆံအိတ်ကျန်ခဲ့တာတောင် သတိမထား ခဲ့မိတဲ့အထိပဲကွာ"

ကိုမင်းရယ်။

အဲ့ဒီလောက်တောင်ပဲ ရှိန်းကိုချစ်ခဲ့တာတဲ့လားဟင်။ ရှိန်း ယုံတောင်မယုံရဲလောက်အောင်ပါပဲ ကိုမင်းရယ်။ ဝမ်းသာပါတယ်။ အခုလို အချစ်တွေ ဘဝတစ်သက်တာမှာ ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ရှိန်း ဝမ်းသာပါတယ်ရှင်။ ကိုမင်းကိုလည်း ကျေးဇူးတင်ပါတယ်။

[redacted]



"ရှိန်း"

"ရှင်"

"မင်းဘဝလေးကို လှပစေချင်တာ ကိုယ့်ရင်ထဲက စိတ်ရင်းအမှန်ပါ ရှိန်းရယ်၊ ရှိန်းယုံပါနော်"

"ယုံပါတယ်"

"ဟင်…ဟ…တကယ်လား"

"အင်း"

"ဒါဆို ရှိန်း ရှိန်းက"

"ရှိန်းလည်း ကိုမင်းလိုပါပဲ၊ ကားမှတ်တိုင်လေးမှာ ထီးလေးလာမိုးပေးခဲ့တဲ့ လူတစ်ယောက်ရဲ့မျက်နှာလေးကို မော့ကြည့်ပြီး ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာပါပဲလေ"

ရှိန်း ဝန်ခံမိသည်။

အရာအားလုံးဟာ ရှင်းလင်းပွင့်လင်းနေပြီမဟုတ်လား။ လှပသာယာနေတဲ့ အနာဂတ်လေးကို ရှိန်း တွေ့မြင်နေပါလျက်နဲ့ ဘာကို အခြေအနေတွေကိုဆက်ပြီး ရှုပ်ထွေးအောင် လုပ်နေဦးမှာ လဲ။

ရှိန်းလည်း သူ့ကိုချစ်နေတာပဲလေ။

ရင်ထဲက ခံစားချက်တွေကို ဖုံးကွယ်ထားခဲ့သော်လည်း ... ဟန်ဆောင်ထိန်းချုပ်ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိတ်မောလူမော ညှင်းဆဲနေရဦးတော့မလား။ ရိုးသားခြင်းကသာ လျှင် နည်းလမ်းအမှန်ဆုံးပဲလေ။

"ရှိန်း ရှိန်းရယ်"

သူ့အသံက တိုးလျလျ။

နုညံ့ညင်သာတဲ့ ရှိန်းလက်ဖဝါးလေးကို လာရောက်ဆုပ်ကိုင်လာတဲ့ သူ့လက်တွေထဲကနေ ရှိန်း ရုန်းမထွက်မိပါ။ အပြုံးနုနုလေးတွေ ဝေဆာနေသော မျက်နှာလေးနှင့်ပင် သူ့မျက်နှာချောချောကြီးကိုသာ မော့ကြည့်နေမိတော့သည်။

ရင်ခုန်သံစရဟာမွေ့၊ ဘဝမြဲချစ်တတ်နေမယ်.

ရှင်မြတ်နိုး

www.burmeseclassic.com